www.burmeseclassic.com

နိုးမိုးစာပေ

# သင်မြတ်နိုး

သံ ယော ဇဉ် ရင် ခွင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၁၄၁၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၁၀၀၂၀၀

ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ မတ်လ။
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

အဖုံးဒီဇိုင်း - ဘိုဘိုထွန်း

ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။





www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂]

"ဝန်းရဲ"

"ရှင်"

"ဒါက သမီးရဲ့အဖေ ဦးတိမ်ယံဆိုတာပဲလေ"

"ရှင်"

အဖေ။ ဝန်းရဲ့အဖေတဲ့။ မေမေကပြောထားတာက သမီးအဖေက သေပြီတဲ့လေ။ သမီးကိုယ်ဝန်လွယ်ထားချိန်ထဲက ကားအက်ဆီးဒင့်ဖြစ်ပြီး သေဆုံးသွားတာတဲ့လေ။ နောက်ပိုင်းမှာတော့ မေမေသည် ဖေဖေ့အကြောင်း လုံးဝမပြောပြတော့ပေ။ ဝန်းကမေး



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း မေမေက သေပြီးတဲ့လူတစ်ယောက်အကြောင်း မေးမနေနဲ့တဲ့။ မေမေ မပြောချင်ဘူးတဲ့။ မေမေက မပြောချင်၍ ဝန်းလည်း မမေးဖြစ်ခဲ့တော့ပေ။ ထူးဆန်းနေတာက အဖေ့ဓာတ်ပုံလည်းမရှိ။ အဖေနှင့် ပတ်သက်တဲ့ တစ်စုံတစ်ရာ မှတ်တမ်းမှတ်ရာတွေလည်း မရှိခဲ့။ မေမေ့နှုတ်မှ ဖေဖေနှင့်ပတ်သက်၍ စကားတစ်လုံးတလေ မဟဘဲ အမေနှင့်သမီးပဲ ဘဝကို ဖန်တီးတည်ဆောက်နေခဲ့လေသည်။

လွန်ခဲ့သော ဆယ်ရက်လောက်ကမှ မေမေ နှလုံးရောဂါ ရုတ်တရက် ဖောက်ပြီး ကွယ်လွန်သွားလေသည်။ မေမေသည် ဝန်းအတွက် စိတ်ချလောက်အောင် ဘယ်လိုအခြေအနေမျိုးမှ မဖန်တီးထားနိုင်ခင်မှာပင် ရုတ်တရက် ကွယ်လွန်သွားခဲ့လေတော့၏။

မေမေကွယ်လွန်ချိန်တွင် လဝန်းရံက ဆယ်တန်းအောင်ပြီး ကာစပဲ ရှိနေလေသည်။ မေမေ ပန်းအတွက် ချန်ထားပေးခဲ့တာက ငွေကြေးအနည်းငယ်ပဲ ဖြစ်လေ၏။ နေထိုင်သော အိမ်ပင် အငှား





ဖြစ်လေသည်။

"မြဝန်းရံ"

"ရှင်"

"ညည်းအဖေက ညည်းကိုလာခေါ်တာပဲ"

"ရှင်"

အဖေတဲ့။ ချော့မောခန့်ညားသော လူကြီးတစ်ယောက် ဖြစ်နေပြီး အသေအချာကြည့်လိုက်သော် ဝန်းနှင့် အနည်းငယ်တူ သယောင် ရှိလေသည်။ ဝန်းရဲ့အဖေ စီးလာသည့်ကားကပင် တန်ဖိုး အတော်လေး ကြီးမားနေလွန်းတာ ဝန်း သိနေလေ၏။

"မေမေကပြောတော့ ဝန်းရဲ့အဖေ သေပြီတဲ့၊ ဝန်းကိုယ်ဝန် ကြီးထဲက ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားပြီတဲ့၊ ဟို…ဝန်း…ဝန်း လေ"

အဖေဆိုသော ချော့မောခန့်ညားတဲ့ လူကြီးက ပြုံးလိုက် တော့လည်း ဝန်းနှင့် အတော်လေး တူနေလေသည်။

"သမီးအဖေက ဖေဖေ့ကို စိတ်နာပြီး သေသွားပြီလို့ပြော



www.burmeseclassic.com

www.burmeseclassic.com



တာပါ''

''ရှင်''

''အတိတ်ကအကြောင်းတွေကို ရှင်းပြရင်တော့ အရှည်ကြီးပေါ့ သမီးရယ်၊ သမီးအမေက ဖေဖေ့ကိုစိတ်နာပြီး ခြေရာဖျောက်သွားတာပါ၊ ဖေဖေလည်း နှာရေးကြော်ငြာတွေ့မှ သမီးတို့သားအမိကို ခြေရာခံမိတာပါ''

''ဟုတ်ပါတယ် ဝန်းရယ်၊ မြမြရီနဲ့ ကိုတိမ်ယံအကြောင်း ဒေါ်လေးညို အသိဆုံးပါကွယ်၊ ယုံပါ၊ အတိတ်က အကြောင်းတွေ သမီးကို ပြောမပြရဘူးဆိုလို့ ဒေါ်လေးညိုလည်း ရေငုံနှုတ်ပိတ်နေတာပါပဲကွယ်''

မေမေ့ညီမဝမ်းကွဲ ဒေါ်လေးညိုသည် ဝန်းတို့နှင့်အတူနေလာတာ ကြာပေမယ့် အဖေနှင့်ပတ်သက်၍ ဘာမှပြောပြခြင်းမရှိခဲ့။ မေမေ မနှစ်သက်တဲ့ကိစ္စဆိုရင် ဒေါ်လေးညိုက အတတ်နိုင်ဆုံးရှောင်ရှားနေတတ်လေသည်။

''ဝန်းကိုယ်ဝန်နဲ့ မမြ ဒေါ်လေးညိုတို့အိမ် ရောက်လာ





ပြီး ယောကျ်ားနဲ့ ကွာရှင်းပြတ်စဲခဲ့ပြီဆိုတာပဲ ပြောပြပြီး ဘာမှထပ်မပြောပြတော့ဘူး၊ သူ့အိမ်ထောင်ရေးနဲ့ပတ်သက်တာတွေလည်း မမေးပါနဲ့တဲ့လေ''

ဒေါ်လေးညို ပြောပြတဲ့ စကားတွေကို ဝန်း ငေးကြောင်စွာ ကြည့်နေမိလေသည်။ မေမေ့ကိုရော၊ တူမလေးဝန်းကိုပါ ချစ်ခင်ကြင်နာစွာ ပြုစုစောင့်ရှောက်တတ်ပြီး အပိုစကားတွေကို ပြောဆိုတတ်လေ့မရှိသော ဒေါ်လေးညိုစကားတွေ အမှန်တွေပဲဆိုတာ ဝန်းစိတ်က အလိုလိုလက်ခံပြီးသား ဖြစ်လေသည်။

''အစ်ကိုတိမ်ယံနဲ့တော့ ဒေါ်လေးညိုတို့ ပတ်သက်ဆက်ဆံတာ မရှိကြဘူးလေ၊ ချမ်းသာကြတော့ တစ်ကြိမ်နှစ်ကြိမ်လေ က်ပဲ ဆုံမိကြတယ်''

ဖေဖေ့ရဲ့ ချမ်းသာကြွယ်ဝမှုနှင့် ကြီးကျယ်ခမ်းနားမှုတွေကို မြင်တာနှင့် လဝန်းရဲ့ သိလေသည်။ မေမေ ကွယ်လွန်သွားပြီးဖြစ်၍ အားကိုးတွယ်တာရာမဲ့နေခဲ့သော ဝန်းသည် ဖေဖေ့ကို မထင်မှတ်ဘဲ တွေ့လိုက်ရတော့ ဝမ်းသာကြည်နူးမှုတွေ ဖြစ်ပေါ်လာရတာတော့



www.burmeseclassic.com

www.burmeseclassic.com



အမုန်ပဲဖြစ်လေ၏။

"ကိုတိမ်ယံက မမခြတိုတော့ ချစ်ပါတယ်ကွယ်။ ဒါ ဒေါ်လေးညို သိတယ်၊ ဘယ်လိုဖြစ်လို့ ကွဲကြတယ်ဆိုတာတော့ မသိဘူး၊ ဘာပဲဖြစ်ဖြစ် ဒေါ်လေးညိုကတော့ ဝန်းလေးအတွက် ဝမ်းသာမိပါတယ်"

မေမေနဲ့ ဒေါ်လေးညိုတို့ ဈေးထဲမှာ အထည်ဆိုင်လေးဖွင့်ပြီး စီးပွားရှာရတာဖြစ်ပြီး စီးပွားရေးသိပ်အဆင်ပြေကြီး မဟုတ်ပေ။ မေမေက ဝန်းကို ပင်ပင်ပန်းပန်း အလုပ်တွေ ဘာမှမလုပ်စေရဘဲ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထားကာ ပညာပဲ သင်စေလေသည်။

"ဝန်းပင်ပန်းမှာ မေမေ လုံးဝမလိုလားဘူးကွယ်၊ မေမေ့သမီးကို ရွှေလိုဥထားချင်ပါတယ်၊ သမီးလေးသန်း ကံဆိုးလိုက်တာနော်"

ဝန်းရဲ့လိုအပ်ချက်မှန်သမျှကို အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးခဲ့လေသည်။ ဒေါ်လေးညိုကလည်း ဝန်းအား အရမ်းချစ်ခြတ်နိုးလေ





၏။ မရှုန်းသာပေမယ့် အေးချမ်းသောမိသားစုဘဝလေးမှာ ပျော်ရွှင်နေရင်း မေမေ ဆုံးပါးလေသည်။ ဝန်း အားငယ်စိတ်တွေနှင့် ကြေကွဲထိခိုက်နေသော အချိန်တွင် ဖေဖေသည် ဝန်းရှေ့သို့ ရောက်လာလေ၏။

"သမီးကို ဖေဖေလာခေါ်တာပါ၊ မြမြလည်း မရှိတော့ဘူးလေ၊ သမီး ဖေဖေနဲ့လိုက်ခဲ့ပါ၊ ဖေဖေ့အရိပ်မှာ ခိုပါကွယ်၊ ညီညီရော လိုက်ခဲ့ကြပေါ့၊ ဒီအိမ်က အငှားပဲဟာ"

ဖေဖေနှင့် စိမ်းလွန်းနေ၍ လိုက်သွားဖို့တော့ ရုတ်တရက် ဝန်လေးနေမိလေသည်။ ဒေါ်လေးညိုကတော့ ဝန်းလိုက်သွားပါတဲ့။ ကိုယ့်အဖေအရင်းပဲတဲ့။

"ညိုတော့ မလိုက်တော့ပါဘူး ကိုတိမ်ယံ၊ ဝန်းကိုပဲ ခေါ်သွားပါ၊ ကလေးဝန်းရဲ့ ရှေ့ရေးအတွက်ပဲ အရေးကြီးတာပါလေ"

"ဒေါ်လေးညို လိုက်ခဲ့ပါ၊ ဝန်းတစ်ယောက်တည်း မလိုက်ချင်ပါဘူး၊ ဒေါ်လေးညိုနဲ့အတူ ဝန်း ဒီမှာနေလို့လည်းဖြစ်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဝန်း အားကိုးအားထားရလွန်းသော မေမေ့အရိပ်ကြီး ကင်းမဲ့သွားရတဲ့အချိန်တွင် ဖေဖေရောက်လာ၍ ဝန်း ပျော်ရွှင်ကျေနပ် အားတက်လာရပေမယ့် ဖေဖေနောက် တစ်ယောက်တည်းလိုက်သွားဖို့တော့ ဝန်း တွန့်ဆုတ်နေလေ၏။ ပြီးတော့ မေမေက သဘောကျပါ့မလားမသိဘူး။ မေမေက ဖေဖေ့ကို အရမ်းစိတ်နာနေတာမဟုတ်လား။ ဖေဖေ့အကြောင်းနဲ့ ပတ်သက်တာတွေ အမှတ်တရတွေ ဘာတစ်ခုမှမထား၍လည်း မေမေ့ရင်ထဲမှ နာကြည်းခံပြင်းနေမှုတွေ အားလုံး ဝန်း သိနေလေသည်။

"ဝန်း ဒေါ်လေးညိုနဲ့ နေလို့မဖြစ်ပါဘူးကွယ်၊ အစ်ကို တိမ်ယံနောက်ပဲ လိုက်သွားပါ၊ ဒေါ်လေးက ဒီမှာ အထည်ဆိုင်ရှိနေတော့ နေခဲ့ရမယ်လေ၊ ဝန်း လိုက်သွားကြည့်ပါဦး၊ အဆင်မပြေတော့ ဒေါ်လေးညိုဆီ ပြန်လာပေါ့နော်"

"ဟုတ်ပါတယ် သမီးရယ်၊ ဖေဖေ့နောက်ပဲ လိုက်ခဲ့ပါ၊ သမီးပညာရေးရော ရှိသေးတယ်မဟုတ်လားကွယ်၊ ဘာပဲဖြစ်ဖြစ် ဖေဖေ့အရိပ်မှာ သမီး နားခိုကြည့်ပါဦး"

"ဖေဖေ့နောက်ကို သမီးလိုက်သွားတာ မေမေက





နှစ်သက်သဘောကျမှာမဟုတ်ဘူး"

"မေမေက ဖေဖေ့အပေါ် အထင်လွဲသွားတာပဲ၊ နောက်မှ ဖေဖေရှင်းပြပါ့မယ်၊ လောလောဆယ်တော့ သမီးဖေဖေ့နောက် လိုက်ခဲ့ပါကွာ၊ သမီးအနာဂတ်အတွက် ဖေဖေ တာဝန်ကျေပါရစေလေ"

"ဟုတ်တယ်ဝန်း လိုက်သွားပါကွယ်၊ အဆင်မပြေရင် ဒေါ်လေးညိုဆီ ပြန်လာလို့ရတာပဲဟာ၊ လိုက်သာသွားပါ ဝန်းလေးရယ်"

ဖေဖေက အတင်းအကြပ်ခေါ်နေပြီး ဒေါ်လေးညိုအပေါ်မှာလည်း ဝန်ထုပ်ဝန်ပိုး ပိမနေစေချင်တော့၍ ဝန်း လိုက်သွားဖို့ ဆုံးဖြတ်လိုက်လေသည်။

"ဝန်း အဆင်မပြေလို့ မပျော်ရင် ဒေါ်လေးညိုဆီ ပြန်လာလို့ရတာပဲဟာ၊ ဒေါ်လေးညို သိရသလောက်တော့ အစ်ကိုတိမ်ယံက စိတ်သဘောထားပြည့်ဝပါတယ်၊ မမြအပေါ်လည်း ချစ်ပါတယ်လေ"

ဖေဖေက မေမေ့အပေါ် ချစ်မြတ်နိုးတယ်ဆိုပြီး မေမေက ဘာဖြစ်လို့ ဖေဖေ့ကို မုန်းတီးနာကြည်းနေရတာလဲ။ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဝန်းကိုကြည့်နေတဲ့ ဖေဖေ့မျက်ဝန်းတွေထဲမှာ အကြင်နာတွေနှင့် သမီးအပေါ် ချစ်မြတ်နိုးမှုတွေ ပြည့်လျှံနေလေသည်။

"လိုက်သာလိုက်ခဲ့ပါ သမီးလေးရယ်၊ ဘဝတစ်လျှောက်လုံး ဆင်းရဲနွမ်းပါးပြီး မျက်နှာငယ်ခဲ့ရတဲ့ သမီးလေးဘဝကို ဖေဖေ အပြည့်အဝ လိုအပ်တာတွေ ဖြည့်ဆွမ်းပေးပါရစေ"

ဝန်းလည်း လိုက်သွားဖို့ကလွဲပြီး တခြားနည်းလမ်း ရွေးချယ်စရာမရှိတော့ပေ။ ဖေဖေ့နောက်သို့ လိုက်သွားဖို့ပဲ ဝန်း ဆုံးဖြတ်လိုက်လေတော့သည်။ ဝန်း ဆရာဝန်မကြီး ဖြစ်အောင် သင်ချင်တယ်။ ဒေါ်လေးညိုကိုလည်း အသက်အရွယ်ရလာပြီဖြစ်လို့ ဈေးဆိုင်မထွက်စေချင်တော့ဘူး။ ဝန်း ပညာတတ်ကြီးဖြစ်အောင် ကြိုးစားရမယ်။ ဝန်း တာဝန်ယူချင်တယ်။ အကောင်းဆုံးက ဖေဖေ့နောက်လိုက်သွားပြီး ဝန်းဘဝ တိုးတက်ရေးအတွက် ကြိုးစားရမှာပဲလေ။

"ဝန်းလိုက်ပါတော့မယ် ဖေဖေ"

"ဝမ်းသာလိုက်တာ သမီးလေးရယ်၊ ဖေဖေ့ကို ယုံပါကွယ်၊ ဖေဖေ့တာဝန် အစွမ်းကုန်ကျေပြွန်စေရပ့ါမယ်"





ဖေဖေ့မျက်ဝန်းတွေထဲမှာ ပျော်ရွှင်ကျေနပ်မှုတွေနှင့် ဝင်းလက်တောက်ပနေလေသည်။ ဝန်းလက်လေးအား ဆုပ်ကိုင်ဖျစ်ညှစ်ပြီး အားပေးနေလေ၏။

"ဖေ့သမီးလေး အနာဂတ်လှပတောက်ပြောင်စေရမယ်၊ ပျော်ရွှင်ကျေနပ်စေရမယ်။ ဖေဖ တာဝန်ယူပါတယ်ကွာ"

ကတိတွေ အထပ်ထပ်ပေးနေ၍လည်း ဝန်း လိုက်သွားဖို့ ဆုံးဖြတ်လိုက်လေသည်။ ဖေဖေ့အရိပ်မှာ ဝန်း နားခိုကြည့်ဖို့ ဒေါ်လေးညိုရဲ့ဆန္ဒတွေကိုလည်း ဖြည့်ဆွမ်းပေးသောအနေနှင့် လိုက်သွားကြည့်တာ အကောင်းဆုံးပါပဲလေဟု ဝန်း တွေးပဲနေလေ၏။

"ဝန်းလေး"

"ရှင်...ဒေါ်လေးညို"

"ဝန်းလေးကို ဒေါ်လေးညို ယုံကြည်ပြီးသားပါကွယ်၊ ဝန်း အနာဂတ်လေး လှပသာယာနေရင် ဒေါ်လေးညို ကျေနပ်နေပါပြီ"

ဝန်းခေါင်းလေးကို ပွတ်သပ်ပြီး ဒေါ်လေးညိုက အားပေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်စကားတွေ ပြောနေလေသည်။ မျက်ဝန်းတွေက မျက်ရည်တွေ ပြည့်နေလေ၏။ ဒေါ်လေးညိုက ဝန်းကို အရမ်းပဲချစ်တာ မဟုတ်လား။

"ညိုတို့တူမလေးက အရမ်းကို လိမ္မာရေးခြားရှိပြီး ကြိုးစားတာပဲ၊ ကိုတိမ်ယံ စိတ်ချပါရစေနော်"

"ကိုယ့်သမီးလေးကို အစွမ်းကုန် တာဝန်ကျေကျေ စောင့်ရှောက်မှာပါ ညိုညို၊ စိတ်ချပါ၊ ကိုယ့်ရင်သွေးလေးကို ကိုယ်အမြဲတမ်း သတင်းထောက်လှမ်း စုံစမ်းနေတာပါ"

ဖေဖေသည် ဝန်းအား တယုတယဖြင့် ဝန်း၏လက်လေးကို ဆုပ်ကိုင်ဆွဲယူကာ ခေါ်ဆောင်ခဲ့လေသည်။ ဒေါ်လေးညိုကိုလည်း စိတ်ချဖို့ ကတိအထပ်ထပ်ပေးနေခဲ့လေ၏။ ဖေဖေ့ရဲ့ အရေးတယူရှိမှုတွေက ဝန်း စိတ်တွေကို ပေါ့ပါးရွှင်လန်းစေတာကတော့ အမှန်ပဲဖြစ်နေလေတော့သည်။



## အခန်း [၂]

"သမီးကို ဖေဖေ ဝန့်ခံစရာတစ်ခုတော့ ရှိနေတယ်လေ"

ကားကို ခပ်မှန်မှန်မောင်းနှင်နေရင်းမှ ဖေဖေက ဝန်းအား လေသံအေးအေးလေးနှင့် ပြောလေသည်။ ဖေဖေသည် ဝန်းအား ဖခင်တစ်ယောက်ရဲ့တာဝန်တွေ အပြည့်အဝယူချင်တဲ့ ဆန္ဒတွေ ရှိနေသောကြောင့် ဝန်း အထင်မလွဲစေရန် ရှင်းလင်းပြောပြချင်နေပုံရ၏။

"ဖေဖေ့မှာ လက်ထပ်ထားတဲ့ မိန်းမရှိတယ်"

"ဟင်"

"သမီးမေမေနဲ့ ကွဲသွားပြီး ဆယ်နှစ်ကျော်လောက် ဖေဖေနောက်ထပ်မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ စိတ်တောင်မကူးခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး သမီးလေးရယ်”

ဖေဖေ့လေသံတွေက ကြေကွဲဆွေးမြေ့စွာ တောင်းပန်တိုး လျှိုးနေ၏။ ဝန်းပင် ဝိုက်ခိုက်ကြေကွဲသွားရလေသည်။ ဖေဖေက စကားပြောတဲ့နေရာတွင် ညင်သာအေးချမ်းပြီး လူကြီးလူကောင်းဆန် လွန်းနေ၏။ မေမေက ဘယ်လိုအကြောင်းကိစ္စတွေနဲ့ ဖေဖေ့ကို မုန်းတီးနာကျင်ခဲ့ရတာလဲ။ အကြောင်းတွေကတော့ ရှိမှာပေါ့လေ။ မေမေကလည်း ရုပ်ချောသျှော်မောလှပပြီး ယဉ်ကျေးသိမ်မွေ့ခဲ့တာ ပါပဲ။

“လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တာမှ ဖေဖေ့အမေက တစ်ယောက်တည်း စိတ်မချလို့ဆိုပြီး သော်တာနဲ့ လက်ထပ်ပေးခဲ့ တယ်လေ”

သမီးလေးဝန်းရဲ့ကာ မိမိအရိပ်မှာ ခိုလှုံဖို့ လိုက်လာပြီဖြစ်၍ မိမိအပေါ် အထင်လွဲစိတ်ငြိုငြင်မှုတွေ မဖြစ်ပေါ်စေရန် မိမိရှင်း ပြရမည့် တာဝန်ရှိနေသည်ဟု ဦးတိမ်ယံ ထင်မြင်မိလေသည်။ မြမြရီအိမ်ပေါ်မှ ဆင်းသွားပြီးတဲ့နောက် မိခင်ကိုကြောက်ပြီး မိမိ





ဒီအတိုင်းနေလာခဲ့ရပေမယ့် မြမြရီသတင်းကိုတော့ အမြဲတမ်း စုံစမ်း ထောက်လှမ်းနေခဲ့လေ၏။ သမီးလေးတစ်ယောက် မွေးဖွားသည်ဟု သတင်းရပြီးနောက် ထပ်ဘာသတင်းမှ မရရှိတော့ပေ။

“သမီးမေမေက ဆင်းရဲနွမ်းပါးတယ်၊ ဖေဖေတို့က ချမ်းသာတယ်၊ ဖေဖေတို့လက်ထပ်တော့ လူကြီးမိဘတွေက သဘောမတူခဲ့ဘူး”

ဒါကတော့ ဖြစ်ရိုးဖြစ်စဉ်ပဲထင်ပါရဲ့ ဖေဖေရယ်ဟု ဝန်း တွေးမိလေသည်။ ဖေဖေက ကျေနပ်စွာ ပြုံးနေလေ၏။

“သမီးက နားလည်မှုရှိသားပဲ၊ သမီးကို ကိုယ်ဝန်ဆောင် နေတဲ့အချိန်မှာ ဖေဖေ့ကို ဖေဖေ့အမေက နိုင်ငံခြားလွှတ်တယ်လေ၊ အဲဒါ ဖေဖေနဲ့သမီးမေမေ့ကိုခွဲဖို့ဆိုတာ ဖေဖေရော မြပါ သိနေတယ် လေ”

မြမြရီက မသွားပါနဲ့ကိုယ်ရယ်၊ ကျွန်မတို့ကို ခွဲမှာနော်၊ မြ အရမ်းကြောက်တယ်။ မြမှာလည်း ကိုယ်ဝန်ကြီးနဲ့လေ မြတို့ မြန်မာပြည်မှာပဲ လုပ်ကိုင်စားသောက်ကြရအောင်ပါဟု ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



တားဆီးပေမယ့် မိမိက မိခင်စကားပဲအောင်ကာ နိုင်ငံခြားသို့ ထွက်သွားခဲ့လေတော့သည်။

"ဖေဖေက သမီးမေမေကို မချစ်လို့မဟုတ်ပါဘူးကွယ်၊ မုဆိုးမဘဝနဲ့ ဖေဖေ့ကို ပြုစုပျိုးထောင်လာခဲ့တဲ့ မေမေ့ဆန္ဒကို ဖြည့်စွမ်းပေးလိုက်တာပါ"

မြ မာမိနဲ့ သည်းခံနေပြီး ကိုယ့်ကိုစောင့်နေပါ၊ ကိုယ့်ကို ချစ်မြတ်နိုးတယ်ဆိုရင် ခဏတဖြုတ်လောက်တော့ အနစ်နာခံပေးပါ လို့ ပြောမိလေ၏။

"ဖေဖေ နိုင်ငံခြားကိုရောက်ပြီး တစ်လလောက်အကြာမှာလည်း သမီးမေမေက အိမ်ကထွက်သွားတယ်၊ သမီးမေမေက မာနကြီးတယ်၊ ဖေဖေ ထွက်သွားဖို့ ဆုံးဖြတ်တာကို လုံးဝနားကြည်းနေတယ်လေ"

မေမေက ဘယ်တော့မှ သူများအောက်ကျမခံတဲ့ ဘဝကို ရပ်တည်နိုင်အောင် ကြိုးစားတည်ဆောက်လေသည်။ ဝန်းကိုလည်း ပညာတတ်ကြီးဖြစ်အောင် ကြိုးစား၊ ဒါမှ သူများအောက်မကျမှာ။





ချမ်းသာတဲ့ပဲယောကျ်ားကိုလည်း အထင်မကြီးနဲ့၊ ကိုယ့်အစွမ်းအစနဲ့ ကိုယ် ကြီးပွားချမ်းသာအောင် လုပ်တဲ့။ သမီး ဆရာဝန်မဖြစ်မချင်း ချစ်သူရည်းစားထားတာ မေမေ လက်မခံနိုင်ဘူးတဲ့။ ဝန်းအား မေမေ မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့လေ၏။

"ဖေဖေလည်း မိန်းမထက် မိခင်ဘက်လိုက်ခဲ့ပြီး ဒီအတိုင်းပဲ နေလာခဲ့တယ်လေ"

ဝန်းတာတော့ ဖေဖေ့စကားတွေကို ဆေပန်ပြောဆိုခြင်း မရှိဘဲ ငြိမ်သက်စွာ နားထောင်နေလေသည်။ ဝန်း အတိတ်တွေကို တူးဖော်ခွတာမျိုး သဘောမကျပါဘူး။ ပြီးဆုံးသွားပြီပဲ။ ကံကြမ္မာတွေနဲ့ သဘာဝတရားတွေကို ဝန်းလက်ခံပါတယ်။

"ဖေဖေ့အမေက သူကွယ်လွန်ခါနီး ရောဂါတွေဖိစီးလာတဲ့ အချိန်မှာ ဖေဖေ့ကို သော်တာဆိုတဲ့မိန်းမနဲ့ လက်ထပ်ပေးခဲ့တယ်လေ"

ဝန်းမှာ မိထွေးရှိနေပြီဆိုတဲ့ အတွေးကြောင့် နည်းနည်းလေးတော့ တုန်လှုပ်ချောက်ချားလာလေသည်။ ဒီအကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက စေ့စေ့စပ်စပ် ပြောပြရင်တောင် ဝန်း လိုက်လာခဲ့မိမှာ မဟုတ်ပါဘူး။

"သမီးမှာ မိထွေးရှိနေတယ်ဆိုပေမယ့် လုံးဝအားငယ်စရာမလိုဘူးနော်၊ ဖေဖေ အပြတ်ပြောပြီးသားပဲ၊ ကိုယ့်သမီးအပေါ် ကိုယ်အစွမ်းကုန် တာဝန်ကျေရမယ်လို့"

"ဖေဖေ"

"သမီး လုံးဝမျက်နှာမငယ်စေရပါဘူး၊ မိထွေးလည်း ဘာမှဝင်စွက်ပိုင်ခွင့် မရှိဘူး၊ သမီးအခွင့်အရေး အပြည့်ရစေမယ် သမီး၊ အေးချမ်းစွာ ပညာသင်ရမယ်၊ သမီးကို ဖေဖေ ပေးနိုင်သမျှ ထက်ပိုပြီး ဖြည့်စွမ်းပေးမယ်၊ ဖေဖေ အားလုံးပြောပြီးသားပဲ"

ဖေဖေက ပြာပြာသလဲနှင့် တောင်းပန်ပြောဆိုနေ၍ ဝန်းဘက်မှ ငြင်းဆန်ပြောဆိုမှုတွေ မပြုလုပ်ရက်တော့ဘဲ ဖေဖေ့ဆန္ဒတွေအတိုင်းပဲ ဖြည့်စွမ်းပေးလိုက်တော့မယ်ဟု ဝန်း တွေးနေမိသည်။

"ဝန်းကို ဒေါ်လေးညို ပြောလိုက်မယ်နော်၊ ဖေဖေ့ဘက်က တာဝန်ကျေသရွေ့ ဝန်း နေရမယ်၊ ဒေါ်လေးညို အမှန်အတိုင်း





ပြောရရင် ဝန်း မေမေဖြစ်စေချင်တဲ့ ဆရာဝန်မလေးဘဝ ရောက်အောင် တာဝန်ယူနိုင်မှာမဟုတ်ဘူးကွယ်"

ဒေါ်လေးညိုရဲ့ ဆန္ဒတွေကို ဝန်း သဘောပေါက်နားလည်မိနေလေသည်။ မေမေ့ရဲ့ အဖြစ်ချင်ဆုံးဆန္ဒကလည်း ဝန်းကို ဆရာဝန်မလေးတစ်ယောက် ဖြစ်စေချင်ခဲ့လေ၏။

"သမီး ဖေဖေ့အနားမှာပဲ နေပါနော်၊ ဖေဖေ့အိမ်မှာ သမီး ဂရုစိုက်စရာ အားနာစရာလူ မရှိပါဘူးကွယ်"

ဖေဖေရယ် ဝန်းကို ဖေဖေ့အနားမှာ နေစေချင်တာ ဝန်း သိပါပြီလေ။ ဘာပဲဖြစ်ဖြစ် ဝန်းဘဝမှာလည်း အားကိုးမှီခိုရာ ဖေဖေ့အရိပ်ပဲ ရှိနေတာပဲနော်။

မေမေ ဖြစ်စေချင်နေတဲ့ ဆရာဝန်မလေးဘဝ ဖေဖေ့အရိပ်မှာ မှီခိုမှ ဝန်း ဖြစ်လာနိုင်မှာမဟုတ်လား။

"သမီးလေး ရသင့်ရထိုက်တဲ့ အမွေပစ္စည်းတွေတော့ ဘယ်လိုအကြောင်းနဲ့ဖြစ်ပါစေ ဖေဖေ ပေးအပ်ရမှာပဲ"

"ဝန်းကတော့ စည်းစိမ်ဥစ္စာတွေထက် ဖေဖေ့ရဲ့ ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတွေပဲ လိုအပ်ပါတယ်လေ"

"မေမေ့ရဲ့ ချစ်ခြင်းမေတ္တာတွေကိုတော့ အချိုးအချိန်မရှိ သမီးလေးကိုပဲ အားလုံးပေးအပ်ပါတယ်ကွယ်"

မေမေ့စနိုးကိုရောပဲ ဝန်း မနှာလိုဝန်တိုစွာ မေးလိုက်ချင်ပေမယ့် မမေးဖြစ်ပေ။ မေမေ့အောက်ဇနီးက ဝန်းထက် အရင်တွေ့ဆုံ လက်ထပ်ခဲ့ကြတာပဲ မဟုတ်လား။ ဝန်းကတော့ မေမေ့အရိပ်မှာ ပညာသင်ဖို့တစ်ခုပဲ ရည်ရွယ်တာပါလေ။

"မေမေ့ရဲ့ နောက်မိန်းမ သော်တာကို ဖေဖေ မချစ်ဘူး၊ မေမေ့အမေရဲ့ ဆန္ဒအရ လက်ထပ်လိုက်တာပါ၊ ဒါတွေကို ဖေဖေ ပြန်မပြောချင်တော့ဘူး၊ သမီးကို ဖေဖေ ပြောချင်တာက ရသင့်ရထိုက်တာတွေကို ရယူစေချင်တာပါပဲလေ၊ မိထွေးရှိနေတယ်ဆိုပြီး သမီးဘာမှ အားငယ်စရာမလိုဘူးနော်၊ သော်တာကလည်း စိတ်သဘောထားပြည့်ဝတဲ့သူပါ"

မိထွေးနှင့် ပြဿနာတက်ပြီး ဝန်း ပြန်သွားမှာကို ဖေဖေ စိုးရိမ်ထိတ်လန့်နေပုံ ရလေသည်။





"မေမေ့ရဲ့အမှားတွေ တာဝန်ပေါ့လျော့ခဲ့တာတွေအတွက် အစွမ်းကုန်ဖြည့်စွမ်းပေးချင်တာပဲကွယ်"

"ဝန်းကတော့ ပညာရေးတစ်ခုပဲ အဓိကထားပါတယ် ဖေဖေ၊ ဝန်း ဆရာဝန်ဖြစ်ရရင် ကျေနပ်ပါပြီ၊ ဒေါ်သော်တာနဲ့လည်း ဝန်း မသင့်မြတ်စရာအကြောင်းတော့ မရှိပါဘူး၊ ဝန်းလည်း နေတတ်ပါတယ်"

"ဝမ်းသာလိုက်တာ သမီးလေးရယ်၊ ဒီလိုလိမ္မာရေးခြား ရှိလွန်းတဲ့ သမီးလေး ရှိနေတာ ဖေဖေ ဝမ်းသာကျေနပ်မိပါတယ်ကွယ်၊ မြရဲ့အရည်အချင်းပဲ မဟုတ်လား"

ဖေဖေကတော့ မေမေ့ကို စိတ်နာကြည်းခြင်းမရှိဘဲ တသသနှင့် သတိရတမ်းတနေလေသည်။ မေမေ့အမှားပါဟု ပြော နေ၏။ မိခင်ရဲ့ အဆင့်အတန်းခွဲခြားမှုက ဖေဖေနဲ့ မေမေ့ကို ကွဲကွာစေတာပါတဲ့၊ မြမြရဲ့ နာကြည်းသွားသင့်ပါတယ်ဟု ကြေကွဲစွာ ပြောခဲ့သည်။

"ဝန်းအတွက် ဖေဖေ အများကြီး ကြိုတင်ပြင်ဆင်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ပါ သမီး၊ ပျော်ရွှင်စေရမှာပါလေ"

ဝန်းကြောင့်လည်း ဖေဖေရဲ့ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်ရမှာလည်း ဝန်း မလိုလားနိုင်ပါဘူးလေ။ ဝန်း စိတ်ထဲမှာ သင့်မြတ်အောင်နေထိုင်ဖို့ပဲ စဉ်းစားထားပြီးသားပါ။

"ဝန်းကို စိတ်ချပါ ဖေဖေ၊ ဝန်းကြောင့်လည်း ဖေဖေ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး"

"ဝမ်းသာလိုက်တာ သမီးလေးရယ်၊ တကယ့်ကို လိမ္မာရေးခြားရှိတဲ့ သမီးလေးပါပဲ၊ နောက်တစ်ခု ဖေဖေ ပြောပြထားချင်တာက သော်တာ့မှာ သမီးနဲ့ရွယ်တူ သားတစ်ယောက် ရှိနေသေးတယ်ဆိုတာပါပဲ"

"ကလေးတစ်ယောက်အမေကို ဖေဖေက လက်ထပ်လိုက်တာလားဟင်"

ဖေဖေ့အမေက ဘာဖြစ်လို့များ ကလေးအမေနဲ့မှ ဖေဖေ့ကို လက်ထပ်စေရတာလဲ။ မေမေ့ကျတော့ သဘောမတူဘဲ ကွဲကွာစေတဲ့အထိ ကြံစည်လုပ်ဆောင်ခဲ့တာကို ဝန်း နည်းနည်းတော့ အမြင်





မကြည်လင်ဘဲ မကျေမနပ် ဖြစ်ရသည်။

"သော်တာက မေမေ့ငယ်သူငယ်ချင်းရဲ့ သမီးလေ၊ မိန်းမပီသတဲ့ မိန်းမတစ်ယောက်ပါပဲ"

ဝန်းကတော့ မေမေ့အတွက် ခံစားချက်တွေ ရှိနေပေမယ့် မိထွေးအပေါ်လည်း အမြင်ကြည်ကြည်လင်လင်ပဲထားဖို့ ဆုံးဖြတ်ထားမိလေသည်။ ဒေါ်လေးညိုကလည်း ဝန်းအား လိမ္မာရေးခြားရှိဖို့နဲ့ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ အဓိကကြိုးစားပါဟု အထပ်ထပ်မှာနေလေသည်။

"ဖေဖေ ဘာမှစိတ်မပူပါနဲ့၊ ဝန်း နေတတ်ပါတယ်၊ ဝန်း အတွက်လည်း ဘာမှထူးထူးထွေထွေ လုပ်ပေးဖို့မလိုပါဘူးလေ"

"သမီးလေးမှာ ဒီလိုစိတ်ဓာတ်ရှိနေတာ ဖေဖေ ဝမ်းသာလိုက်တာကွယ်"

"ဖေဖေ"

"ပြော"

"ဒေါ်သော်တာ့ကို ဝန်းက ဘယ်လိုခေါ်ရမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီသော်လို့ပဲ ခေါ်လေ၊ သမီးက မေမေလို့ မခေါ်ချင်ဘူးမဟုတ်လား"

"ဟုတ်တဲ့…ဝန်း မေမေ့အစားတော့ ဘယ်လိုမှ မထိုးချင်တာပဲ၊ အန်တီသော်လို့ခေါ်ရင် ဖြစ်ပါပြီနော်"

"ဖြစ်တာပေါ့…မေမေ့အိမ်မှာ သမီး ဘာကိုမှ ဂရုစိုက်စရာမလိုပါဘူး၊ သမီးနေချင်သလိုနေ ခေါ်ချင်သလိုခေါ်ပါ၊ မေမေ့အိမ်က သမီးပိုင်တဲ့အိမ်ပဲ၊ မကြာခင် သမီးနာမည်နဲ့ လွှဲပေးတော့မှာ"

"ဟို…မေမေ ဟိုလေ သမီး စည်းစိမ်ဥစ္စာတွေ မလိုပါဘူး၊ မေမေ့အချစ်တွေ မေတ္တာတွေပဲ ရယူချင်တာပါ"

"လိမ္မာလိုက်တာကွယ်…မေမေ စိတ်ချမ်းသာလိုက်တာ"

ဝန်းမှာ မိထွေးရှိနေပေမယ့် မေမေ့ရဲ့ အလေးထားဂရုစိုက်မှုတွေကြောင့် စိတ်တော့ သက်သာမှုရလေသည်။ အဆင်ပြေအောင်နေဖို့ပဲ ဝန်း ဆုံးဖြတ်ထားမိ၏။ မေမေရှိစဉ်ကလည်း မေမေ့ကို





စိတ်အနှောင့်အယှက်ဖြစ်စေရန် ဘာမှမလုပ်ခဲ့။ မေမေ့ဆန္ဒကဝန်းဆန္ဒပါပဲ။ မေမေတာလည်း မိဘမဲ့လင်တဲ့သမီးအား ပတ်ဝန်းကျင်က အထင်သေးကဲ့ရဲ့မှာ မလိုလားခဲ့။ အမြဲတမ်း ပတ်ဝန်းကျင်က အထင်ကြီးလေးစားမှု ရှိနေစေရန် ဘွန်သင်ဆုံးမခဲ့လေသည်။ ဝန်း စိတ်သဘောကိုက နူးညံ့သိမ်မွေ့ခဲ့၏။ မေမေသည် ဘာစကားမှ ဆက်မပြောတော့ဘဲ ကားကိုသာ ဂရုတစိုက်မောင်းနေတော့လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၃]

"တီ"

"တီ...တီ"

လှပခမ်းနားသော သံပန်းတံခါးခန့်ခန့်ထည်ထည်ကြီး တပ်ဆင်ထားသော ခြံဝင်းတံခါးကြီးရှေ့တွင် ကားရပ်သွားပြီး ဟွန်းတီးလိုက်သည်နှင့် ခြံဝင်းတံခါးကြီး ပွင့်ထားပြီး ကားက ခြံဝင်းကြီးထဲ ဝင်လိုက်လေသည်။ ဖေဖေက အရမ်းချမ်းသာတာပါပဲလား။ ဒါကြောင့်လည်း မေမေ့လို သာမန်မိန်းမတစ်ယောက်နဲ့ သဘောမတူတာပဲ။

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဒီခြံကြီးနဲ့ ဒီတိုက်ကြီးက တစ်နေ့ သမီးအမွေဆက်ခံရမှာလေ၊ ဘာမှကြောက်ရွံ့အားနာနေစရာ မလိုဘူးနော်"

ဖေဖေက ပြောပြီး ပေါ်တီကိုအောက်မှာ ကားရပ်လိုက်သည်နှင့် ချောမောခန့်ညားတဲ့ မိန်းမကြီးတစ်ယောက် ထွက်၍ပြာပြာသလဲနှင့် ဆီးကြိုလေ၏။ ထိုမိန်းမကြီးရဲ့ အနားတွင် ဝန်းနဲ့ရွယ်တူ ကိုလူချောတစ်ယောက်က ရပ်နေလေသည်။

"သမီးလေး ရောက်လာပြီလား၊ မေမေဖြင့် အစောကြီးထဲက မျှော်နေတာလေ"

"သော်တာ"

"ရှင်"

"မင်းကိုယ်မင်း မေမေလို့မသုံးပါနဲ့၊ သမီးက ကြိုက်မှာမဟုတ်ဘူး၊ အန်တီသော်ပဲသုံးပါ"

"ဟုတ်ပါရဲ့…သော်မှားသွားတယ်၊ သမီးလေးနှစ်သက်သလိုပဲ ရှိပါစေလေ၊ ဆင်းလေသမီး…အဲ သမီးလေးမြဝန်းရဲ့"





ဖေဖေရဲ့ မျက်နှာတင်းတင်း ပြောဆိုမှုနှင့် အန်တီသော်တာပြာပြာသလဲ ဆီးကြိုနေတာကိုကြည့်ပြီး မိထွေးကို ဖေဖေက အရေးမပေးကြောင်း ပေါ်တင်ကြီး သက်သေပြနေ၍ ဝန်း မျက်နှာပူသွားရပြီး အန်တီသော်တာကို အားနာသလိုဖြစ်ရလေသည်။

ဖေဖေပြောသလိုပဲ အန်တီသော့်မျက်နှာက လှပချောမောပြီး စိတ်သဘောထား ပြည့်ဝပုံပေါ်နေလေ၏။ မေမေ့နေရာမှာ အစားမထိုးနိုင်ပေမယ့် ဖေဖေနဲ့ပတ်သက်နေသဖြင့် ဝန်းဘက်က ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံလိုပေ။ ဝန်း ပြုံး၍ နှုတ်ဆက်လိုက်သည်။

"သမီး…ဒါက ဖေဖေ့နောက်အိမ်ထောင် သော်တာတဲ့၊ ဒါက သော်တာရဲ့သား ရန်သော်တာတဲ့"

"ဟုတ်ကဲ့…တွေ့ရတာဝမ်းသာပါတယ်၊ ဝန်းနာမည်က မြဝန်းရံပါ၊ ဝန်းလို့ပဲခေါ်ပါနော်"

ဝန်းက ယဉ်ယဉ်ကျေးကျေး ပြန်နှုတ်ဆက်လိုက်သဖြင့် အန်တီသော်တာ ပီတိတွေနှင့် ပြုံးသွားပေမယ့် ရန်သော်တာ မျက်ဝန်းတွေက တင်းမာခက်ထန်နေသယောင်ငင်။ အပြုံးအရယ်မရှိ အကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကိုလွဲထားလေသည်။ ဖွန်း…ဘယ်လိုလူလဲ၊ ဝန်းဘက်က ဖော်ဖော်ရွေရွေနဲ့ ယဉ်ယဉ်ကျေးကျေး ဆက်ဆံနေပြီပဲဟာ။

"ဝန်းလေး…အိမ်ထဲဝင်ပါကွယ်၊ အန်တီသော်တာ စားစရာတွေပြင်ထားပါတယ်၊ လောလောဆယ်တော့ ဝန်း အအေး လေးသောက်လိုက်ပါလား"

အန်တီသော်က ဝန်းအား ပြာပြာသလဲနှင့် ကျိုးကျိုးနွံနွံ လေး ပြောဆိုဆက်ဆံနေ၍ ဝန်း အားနာလာရသည်။ ဖေဖေ့မိန်းမ က ဝန်းအမေပဲဖေ့ါ။ မေမေလို့မခေါ်ချင်သော်လည်း မိထွေး တစ်ယောက်အဖြစ် ရန်လိုစွာ မဆက်ဆံချင်ပါဘူး။

"ဝန်းအတွက် ဘာမှထွေထွေထူးထူးမလုပ်ပါနဲ့ အန်တီ သော်တာရယ်၊ ဝန်း နေတတ်ပါတယ်"

"မဟုတ်တာပဲကွယ်၊ အန်တီသော်က အိမ်မှုကိစ္စတွေ ချက်ပြုတ်တာတွေ အရမ်းဝါသနာပါတယ်၊ ဝန်းလေး အားမနာနဲ့ နော်၊ လိမ္မာယဉ်ကျေးလိုက်တဲ့ ဝန်းလေးပဲ"

ဒေါ်သော်တာလည်း ကိုတီမ်ယံသမီးလေးက လိမ္မာ





ယဉ်ကျေး၍ စိတ်ချမ်းသာရလေသည်။ ကိုတီမ်ယံနှင့် လက်ထပ် လိုက်ပြီးထဲက ဒေါ်သော်တာ့ဘဝမှာ ယောကျ်ားတစ်ယောက်ရဲ့ ဖုန်းတီးရန်လိုခြင်းကို ခံလိုက်ရတော့တာပါပဲ။ ကိုတီမ်ယံက မိခင် ဆေးစားလို့သာ သဘောတူလက်ခံလိုက်ရပေမယ့် သော်တာ့ကို အချစ်မနှစ်သက်ခဲ့ပေ။ ယောကျ်ားကြီး ကွယ်လွန်သွားတဲ့အချိန်မှာ တော့ ကိုတီမ်ယံရဲ့ အမုန်းတွေက ပို၍ပြင်းထန်ခဲ့ရလေသည်။ ဒါပေမယ့် သော်တာကတော့ အိမ်ထောင်ရေး မပြိုကွဲချင်၍ သည်းခံ ပေါင်းသင်းခဲ့၏။

"မင်းက ငါ့ရဲ့ စည်းစိမ်ဥစ္စာတွေကို မက်မောတာမဟုတ် လား။ ယူသွား…တစ်ဝက်ယူပြီး ထွက်သွားတော့"

ဘယ်လိုပဲဖြစ်ဖြစ် သော်တာ သည်းခံပေါင်းခဲ့လေသည်။ သော်တာက အိမ်ရှင်မပီသပြီး အေးချမ်းတဲ့မိန်းမတစ်ယောက် ဖြစ်၏။ ယောကျ်ားကြီးက မိန်းမပီသတဲ့ သော်တာ့ကို သဘောကျပြီး သားနှင့် အတင်းအကျပ် လက်ထပ်စေခဲ့သည်။ အမှန်တကယ်တော့ ကိုတီမ်ယံထင်သလို သော်တာက လက်ထပ်ခွင့်ရအောင် ကြိုးစား ခဲ့တာ မဟုတ်ပါဘူး၊ သားရန်သော်တာကတော့ အရွယ်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တာနှင့်အမျှ မိခင်ကို ပထွေးက မချစ်မနှစ်သက်ဘဲ နှိပ်စက်နေသည်ဟု ထင်လာလေသည်။

မိခင်ကို ဘာမှမပြောသော်လည်း ပထွေးဖြစ်သူအား ခပ်ရှောင်ရှောင်လေး နေခဲ့သည်။ မရှိသေးတော့ မလုပ်၊ ဒါပေမယ့် ရန်က စကားနည်းလာခဲ့၏။

"မေမေ ရန့်တို့ ဒီကနေ ထွက်သွားရအောင်နော်၊ ဖေဖေက မေမေ့ကို နှစ်သက်ပုံမှမရတာ၊ မေမေရှိနေလို့ ဖေဖေ စိတ်ဆင်းရဲနေပြီထင်တယ်၊ သား အရွယ်ရောက်ပြီပဲ၊ သား မေမေ့ကို လုပ်ကျွေးနိုင်ပါတယ်၊ ထွက်သွားကြရအောင်နော်"

"ထွက်သွားလို့မဖြစ်ပါဘူး သားရယ်၊ မေမေ့မှာ အနိုင့်ညို့ကို ပေးထားတဲ့ကတိ ရှိနေတယ်၊ မေမေ့ကို မနှစ်သက်ပေမယ့် သားကိုတော့ ချစ်ပါတယ်။ လိုလေသေးမရှိ စောင့်ရှောက်ခဲ့တာပဲ"

သားကိုတော့ ကိုတိမ်ယံက လိုလေသေးမရှိအောင် ပြုစောင့်ရှောက်လေသည်။ အနောက်တဝင် တရင်းတနှီးနေသော်လည်း တာဝန်မပျက်ခဲ့ပေ။

"ဖေဖေ့ကို ကျေးဇူးတင်ပါသားရယ်၊ အဖေအရင်း





...စ်ယောက်လိုပဲ သဘောထားပါ"

သားရန့်က ဘာမှမပြောတော့ဘဲ မီသားစုနှင့် ခပ်ရှောင်ရှောင်နေသည်။ ယောကျာ်းမကြီးက ဒေါ်သော်တာတို့ သားအမိပေါ် ...ကောင်းခဲ့၏။

"မေမေ့သားအပေါ် သည်းခံပြီး ပေါင်းပါ သော်တာ၊ ...ယ်တော့မှ စွန့်ပြစ်မထားခဲ့ပါနဲ့နော်၊ မေမေ စိတ်ချချင်တယ်၊ ...တိပေးပါ"

ကိုတိမ်ယံ မိမိအပေါ် ဘယ်လောက်ပဲ ညှင်းပန်းနှိပ်စက် ...ပါစေ ဒေါ်သော်တာ သည်းခံပေါင်းခဲ့လေသည်။

"မသော်တာ"

"ရှင်"

"ငါ့သမီးကို မင်းကိုယ်တိုင် နေရာချထားပေးပါ၊ ငါ့သမီး ...တွေ နည်းနည်းလေးမှ ငြိုငြင်မသွားစေနဲ့၊ မင်းဂရုစိုက်ပါ"

"ဟုတ်ကဲ့...လာ သမီး"

"ရှင့်"

"များ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းထောက်ငယ်တယ်၊ မင်းဂရုစိုက်ပါ၊ ဖေဖေ့သမီး စိတ်အနှောင့်အယှက်ဖြစ်အောင်တော့ မလုပ်စေချင်ဘူး"

ရန် ထွက်လာခဲ့လေသည်။ မိန်းကလေးတစ်ယောက်ကိုတော့ ရန် နည်းနည်းလေးမှ အောက်ကျမခံနိုင်ပေ။ ဖေဖေက ရန့်ကို လိုလေသေးမရှိ ထောက်ပံ့စောင့်ရှောက်ထားပေမယ့် မေမေ့အပေါ်မှာတော့ နိုင်ထက်စီးနင်း ပြောဆိုနှိပ်စက်နေတာတော့ ရန် လက်မခံနိုင်ပေ။ ဘယ်တတ်နိုင်မလဲ ရန်တို့မှာ မှီခိုအားထားရာမှ မရှိတာပဲ။ ဖေဖေ့ကို ရန် မမုန်းပေမယ့် အရောတဝင်တော့ မနေချင်ပဲလေ။

မြဝန်းရံဆိုတဲ့ ဖေဖေ့သမီး ရောက်လာတော့ မေမေ ပိုပြီး စိတ်ညစ်မှာပါပဲ။

"မေမေ"

"ဟင်"

"ရန် သွားတော့မယ်၊ မလိုအပ်တော့ဘူးမဟုတ်လား"

"ရန်"

"ဗျာ"





"မြဝန်းရံက သားလိုပဲ ခေးကျောင်းတက်မှာနော်၊ သားကူညီရမယ်"

"ဟုတ်ကဲ့"

"သားဘက်က မစိမ်းပါနဲ့ကွယ်၊ မြဝန်းရံလေး လိုအပ်တာတော့ သားပဲကူညီရမှာ"

"ဟုတ်ကဲ့"

သားရန်က အေးစက်စက်လုပ်နေတာတွေကို ဒေါ်သော်တာ စိတ်အပူကြီးပူမိလေသည်။ သားက နည်းနည်းအရွယ်ရောက်လာတော့ မိခင်အတွက် နားကြည်းလာတတ်၏။

"သမီး"

"ရှင်"

"လာလေ အန်တီသော်တာ သမီးနေရမယ့်အခန်း လိုက်ပို့ပေးမယ်"

"နေပါစေ အန်တီ၊ ဒီအိမ်မှာ အလုပ်သမားမရှိဘူးလား ဟင်"

"ရှိပါတယ်၊ ဒါပေမယ့် အန်တီသော်တာပဲ လိုက်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်"

"အန်တီသော်တာ"

"ပြောပါကွယ်"

"ဝန်းကို သိပ်ပြီး ဂရုတစိုက်မလုပ်ပါနဲ့နော်၊ ဝန်း ဘယ်သူ့ကိုမှ အနိုင်မယူချင်ပါဘူး၊ မေမေလို့မခေါ်နိုင်ပေမယ့် ဝန်းစိတ်ထဲမှာ ဖေဖေနဲ့ပတ်သက်ပြီး မိခင်တစ်ယောက်လိုပဲ သဘောထားပါတယ်"

"သမီးလေးရယ် လိမ္မာလိုက်တာကွယ်၊ သမီးအမေကို စွန့်လွှတ်လိုက်ရလို့ ကိုတီမ်ယံက အန်တီသော်တာ့ကိုပဲ နံပါတ်တစ် ရန်သူလို့ သတ်မှတ်ထားတယ်လေ၊ ဒါပေမယ့် မေတ္တာဆိုတာ အသွားအပြန်ရှိပါတယ်ကွယ်"

အန်တီသော်တာက စိတ်သဘောထား ဖြူစင်တဲ့ မိန်းမ တစ်ယောက်ပါပဲ။ ဖေဖေက နိုင်ပုံပင်။ ဝန်းက အဲဒီလိုကြီးတော့ မဖြစ်ချင်ပါဘူး။ လူလူချင်းပဲ ဖေဖေ့ဇနီးဆိုတော့ ဝန်းရဲ့အမေပဲပေါ့။ ဟွန်း…ဟိုလူရန်သော်တာဆိုတဲ့လူ၊ နာမည်နဲ့လိုက်အောင် ရန်ဆောင်ချင်နေတယ်။ မျက်နှာကြီးက တင်းမာနေတာပဲ။ ရှင် အန်တီသော် တာနဲ့ လုံးဝမတူပါဘူး။ မုန်းလိုက်တာ။





"သမီးအခန်းက ဒီအခန်းလေးပဲ၊ ဘယ်လိုလဲကွယ် အန်တီသော်တာ ပြင်ဆင်ပေးတာ ကြိုက်ရဲ့လား"

"ကောင်းပါတယ် အန်တီ၊ ဝန်းကြိုက်တယ်၊ ဝန်းဘဝမှာ ဒီလိုပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာမှ မနေခဲ့ဘူးတာပဲ၊ အရမ်းကိုသဘောကျပါတယ်"

ဝန်းခေမေက ဖေဖေ့ကို စိတ်နာကြည်းခဲ့သည်။ တကယ်တော့ ဖေဖေက မရွဲ့သာမရှောင်သာ လက်ထပ်ခဲ့ရတာပဲ။ ကြည့်ပါဦး ဝန်းကိုထားတဲ့အခန်းက အရမ်းကို ခန်းနားလှပနေတာပဲ။

"သမီးမြဝန်းရဲ့ အနားယူတော့နော်၊ လိုအပ်တာတွေကိုတော့ အပြည့်အစုံ ထည့်ပေးထားတာပဲ၊ လိုအပ်တာရှိရင် ပြောပေါ့၊ အားမနာပါနဲ့ကွယ်"

"မလိုတော့ပါဘူး၊ အားလုံးပြည့်စုံတာပဲ"

မြဝန်းရီက သဘောကျကျေနပ်သွား၍ ဒေါ်သော်တာ စိတ်အေးသွားရလေသည်။

"အန်တီသော်တာ သွားမယ်နော်၊ ဒီနေ့မှ သမီးအတွက်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တာတွေခိုင်းဖို့ အိမ်ဖော်ကောင်မလေး လာမယ်တဲ့"

"ဟုတ်ကဲ့"

"မနက်စာအတွက် သမီးမြဝန်းရဲ့ ဘာများစားချင်သေးလဲကွယ်"

"ရပါတယ်၊ ဝန်း ဘာဟင်းနဲ့ဖြစ်ဖြစ် စားပါတယ်၊ စားတတ်ပါတယ် အန်တီ"

"နောက်လည်း စားချင်တာရှိရင်မှာနော်၊ အားမနာပါနဲ့၊ အန်တီသော်တာ အားလုံးလုပ်ပေးမယ်နော်"

"ဟုတ်ကဲ့"

အန်တီသော်တာကိုလည်း ဝန်း နှစ်သက်မိလေသည်။ ဝန်းမှာ အမေမှမရှိတာပဲ။ အန်တီသော်တာ ချောဝန်းတွေ ရိုးသားဖြူစင်တာ ဝန်းသိနေ၏။ မေမေရှိနေပေမယ့် ဝန်း ကံကောင်းတာပဲ။ မေမေ့အရိပ်က အေးမြနေလေသည်။

❀ ❀ ❀



## အခန်း [၅]

"သားရန်"

"မေမေ"

"မေမေ့ကို သား အမြဲတမ်း စိတ်ချမ်းသာစေချင်ခဲ့တာမဟုတ်လား"

မေမေက စိတ်သဘောထား ဖြူစင်အေးချမ်းပြီး ရိုးစင်းေ မိန်းမတစ်ယောက်ဖြစ်သည်။ မေမေနှိပ်စက်တာကို ရန်က သည်းခံနိုင်ပေမယ့် မြဝန်းရဲ့ကပါ မေမေ့အပေါ် အနိုင်ကျင့်လာမှာပဲ ရန် စိတ်ပူနေမိ၏။ မေမေ ဒီလောက်အထိ မနှိမ့်ချသင့်ဘူးဟု ထင်မိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ကလေးတစ်ယောက်နဲ့ ဒုက္ခအတော်လေး ရောက်နေတဲ့အချိန်မှာ ကိုတိမ်ယံရဲ့ အမေက စောင့်ရှောက်ကြည့်ရှု ခဲ့တယ်၊ မေမေက တစ်ချိန်တုန်းကပဲ ချမ်းသာခဲ့တာလေ၊ သားရန့် ရဲ့အဖေနဲ့ အိမ်ထောင်ကျတော့ စီးပွားပျက်ခဲ့ရတယ်၊ သားအဖေက လောင်းကစားသမား။ မေမေ့ကိုလည်း နှိပ်စက်ခဲ့တယ်လေ"

ဒီစကားတွေကို မေမေ နောက်ထပ်အိမ်ထောင်မပြုဘဲ ပြောတာဆိုရင် ရန် လက်ခံနိုင်သည်။ နောက်ယောကျ်ားအပေါ် ဖေးမပြီးအလေးသာအောင် ဖေဖေ့အပြစ်တွေကို နှိမ်ချပြောဆိုတာ တော့ ရန် လက်ခံနိုင်ပေ။ မေမေကသာ နောက်အိမ်ထောင် ယောကျ်ားအပေါ် ချစ်ခင်နှစ်သက်နေပေမယ့် ဖေဖေဦးတိမ်ယံက တော့ မေမေ့အပေါ် အမြဲတမ်း အငြိုးအတေးနှင့် ပြဿနာရှာ နှိပ်စက်နေလေသည်။

"မေမေ့ကံကြမ္မာကိုက အိမ်ထောင်ရေးကံမကောင်းတာ ပါ၊ မေမေ ဘက်လိုက်ပြောတာမဟုတ်ဘူး၊ နေဉ် သားရန့်၊ ကိုတိမ်ယံက သားအပေါ်တော့ ကောင်းပါတယ်"





ဖေဖေ ဦးတိမ်ယံမေမေနဲ့ မေမေ့အမေက သူငယ်ချင်း တွေတဲ့။ မေမေနဲ့ ရန့်ကိုတော့ အဘွားညိုက ဂရုတစိုက် ပြုစုစောင့် ရှောက်လာခဲ့သည်။

"ဘွားညိုက သူ့မြေးအရင်းထက် သားရန့်အပေါ် ပိုပြီး ချစ်ခဲ့တာပဲ"

မေမေက ကျေးဇူးတရားတွေကို သိတတ်သည်။ ရန် လည်း သိပါတယ်။ အဘွားရော ဖေဖေရော ရန့်ကိုတော့ မနှိပ် စက်ကြပေ။

"ရန်"

"ဟင်"

"သားမျက်နှာကြီးက တင်းလွန်းတယ်၊ မြဝန်းရံက ဖေဖေ့ သမီးပဲ၊ သားနဲ့ မောင်နှမတော်တယ်၊ သား မစိမ်းပါနဲ့ကွယ်"

သားရန့်ရယ် မေမေ့ကံကြမ္မာတွေပါကွယ်။ ကိုတိမ်ယံ အပေါ် မေမေ သံယောဇဉ်တွယ်ငြိနေရပါပြီ။ မေမေ့ရဲ့ ကံကြမ္မာ တွေကြောင့်ပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"မြဝန်းရံက စိတ်သဘောထား ပြည့်ဝပါတယ် သားရန့်ရယ်၊ မေမေ့ကို မိထွေးတစ်ယောက်လို မဆက်ဆံခဲ့ပါဘူး"

ရန့်စိတ်တွေက မလုံမခြုံနှင့် ရှက်နေမိသည်။ မေမေ မသိပါဘူး။ သားက ယောကျ်ားပဲ၊ သူများအိမ်မှာ ကပ်နေရတာမျိုး သားရှက်တယ်။ ရန့် ဒီအိမ်ကြီးထဲကနေ ထွက်သွားချင်သည်။

"ကိုတိမ်ယံရဲ့ စေတနာပုံမှုနဲ့ သားရန် ဒီအရွယ်အထိ ရောက်လာခဲ့ရတာပါ၊ သားရန့်ကို မေမေက ဆရာဝန်ဖြစ်စေချင်တယ်၊ သား ဖြစ်အောင်လည်း ကြိုးစားပါ၊ မေမေရဲ့အကြီးမားဆုံး ဆန္ဒပဲလေ"

"ရန် ကြိုးစားမှာပါ၊ မေမေ စိတ်မပူပါနဲ့"

ရန် ဒီဘဝကနေလွတ်မြောက်ချင်တယ် မေမေ။ ရန့်က ယောကျ်ားပဲ၊ ဘယ်သူမှ သားကို အထင်သေးတဲ့ မျက်ဝန်းတွေနဲ့ မကြည့်စေရဘူး။ မြဝန်းရံကိုလည်း ရန် အောက်ကျမခံနိုင်ဘူး။ မေမေနှင့် အတိုက်အခံ ဘာမှမပြောတော့ဘဲ ရန် ငြိမ်သက်နေမိသည်။





"သားရန့်အဖေက အရမ်းဆိုးတယ်၊ လောင်းကစားလုပ်တယ်၊ မေမေ အမွေရထားတဲ့ စည်းစိမ်တွေ ကုန်ရောပဲ"

အဖေ့မကောင်းကြောင်းတွေ မေမေ ဆက်မပြောပါနဲ့တော့။ ရန့် မကြားချင်ဘူး။ မေမေ ဘာဖြစ်လို့ ပြောနေရတာလဲ။ ဦးမိုးတိမ်ယံကို သားအား အထင်ကြီးလေးစားစေချင်တာလား။ သားကို အဖေ့လို ဖြစ်မှာစိုးရိမ်လို့လား။ စိတ်ချပါ မေမေ ရန့်ဘယ်တော့မှ လူ့လောကကြီးထဲမှာ အသုံးမဝင်တဲ့လူတစ်ယောက်အဖြစ် မဖြတ်သန်းပါဘူး။

"ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တည်နိုင်သေးဘဲနဲ့ သားရန့်ဆီမှာ မာနတွေမရှိစေချင်ဘူး၊ လူ့အောက်ကျို့လို့ မသေပါဘူး သားရယ်"

ဖေဖေ ဦးတိမ်ယံကို မေမေ အရမ်းရိုကျိုးတယ်။ ကြောက်ရွံ့နေတယ်။ ဖေဖေ ဦးတိမ်ယံက အပြုံးကြီးကြီးနဲ့ မေမေ့အပေါ် ပညာရှိန့်သင်းနဲ့ ဖိပ်စက်နေတာပဲ။

"သားရန့်က မေမေ့ကို စိတ်ချမ်းသာစေချင်တယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ မေမေနေစေချင်တဲ့ ပုံစံပဲနေပါ”

မေမေ ပြန်ထွက်သွားလေသည်။ သူဌေးကြီး ဦးတိမ်ယံရဲ့ ဇနီး မေမေက ဘာဖြစ်လို့များ အိမ်ဖော်အဆင့်သာသာပဲ နေရတာလဲ။ ဦးတိမ်ယံရဲ့ အပြစ်တင်မာန်မဲနေမှုအောက်မှာ ပြားပြားဝပ်နေခဲ့ရ၏။

“ရန်သော်တာ…မင်းကိုတော့ ဖေဖေ ချီးကျူးပါတယ်ကွာ၊ မင်းကလူတော်ပဲ”

ငယ်စဉ်လေးထဲက သူ့အပေါ်တော့ ဖေဖေ ဦးတိမ်ယံ ပြုစုပြုပြင်ခဲ့တာမျိုး မရှိပေ။ ချစ်ခင်နွေးထွေးစွာ မနေပေမယ့် သူ့လိုအပ်ချက်တွေကိုတော့ အပြည့်အဝ ဖြည့်စွမ်းပေးခဲ့သည်။

“သမီးလေး စိတ်အနှောင့်အယှက်ဖြစ်ရမယ့် ကိစ္စတွေတော့ ဘာတစ်ခုမှမလုပ်ကြနဲ့”

မြဝန်းရဲ့ ရောက်လာတော့ ဖေဖေ့လေသံက ပို၍တင်းမာသွားရသည်။ ဖေဖေ့ ဦးတိမ်ယံနှင့် ကင်းကင်းရှင်းရှင်းနေခဲ့တာ နှစ်နှစ်လောက်ရှိခဲ့သည်။ မျက်နှာချင်းပင် မဆိုင်ခဲ့။





“သားရန် မှားတယ်၊ ကိုတိမ်ယံက သားအဖေပဲ၊ သားကို ငယ်စဉ်လေးထဲက ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့သူပဲ”

ဖေဖေ့ကို ရန် မမုန်းပါဘူး။ ဒါပေမယ့် မေမေ့အပေါ်တော့ ရက်စက်နိုင်လွန်းသည်ဟု ထင်မိနေသည်။ မြဝန်းရဲ့ မင်းကို ငါ အောက်ကျမခံနိုင်ဘူး။ မင်းနဲ့လည်း မပတ်သက်ချင်ဘူး။ ငါ ဒီကနေ ထွက်သွားချင်တယ်။ ငါ့ရဲ့ အပြင်းပြဆုံးဆန္ဒက ငါ့ခြေထောက်ပေါ် ရပ်တည်နိုင်ဖို့ပဲ။ ရန့်နှုတ်ခမ်းသားတွေက တင်းတင်းလေးစေ့ကပ်နေသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၅]

ဖေဖေကတော့ ဝန်းကို အရေးပေးလွန်းသည်။ ဝန်းအတွက် လိုလေသေးမရှိ ဖြည့်စွမ်းပေးခဲ့၏။ ဝန်းခိုင်းဖို့ အိမ်ဖော်မလေး တစ်ယောက် ထားပေးသည်။

“သမီး ဘာမှအားငယ်စရာမလိုဘူးနော်၊ ဒီအိမ်က သမီး အမေနဲ့ ထားတဲ့အိမ်ပဲ၊ ဖေဖေ ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေကိုလည်း သမီးအတွက်ပဲ၊ သမီးအတွက် တန်ဖိုးအကြီးမားဆုံး ကားတစ်စီးဝယ်ပေးမယ်၊ သမီးကားမောင်းသင်ရမယ်၊ ဖေဖေ တာဝန် မကျေခဲ့သမျှ အခုမှ အတိုးချပြီး သမီးအပေါ် တာဝန်ကျေပြရမယ်လေ”



www.burmeseclassic.com

www.burmeseclassic.com



ဝန်း နေတာတော်လောက်အောင် ဖေဖေက တယုတယနှင့် ချစ်ခင်ပြနေလေသည်။ ဝန်း နေထိုင်ဖို့ အခန်းကအစ အသုံးအဆောင် ပစ္စည်းတွေအားလုံး အဖိုးအတန်ဆုံးပစ္စည်းတွေပဲ ဖြစ်နေ၏။

"ဖေဖေ ဝန်းအတွက် အဲဒီလောက်ကြီး မလိုပါဘူး။ ပြည့်စုံလွန်းနေပါပြီနော်"

"ဖေဖေကတော့ ပြည့်စုံတယ်လို့ မထင်ပါဘူးသမီး။ ဖေဖေ့သမီး ငယ်စဉ်လေးထဲက ဆင်းရဲနွမ်းပါးပြီး အခက်အခဲ အကြပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်၊ ဖေဖေ တွေးမိတိုင်း စိတ်မကောင်းဘူး သမီးရယ်"

ဦးတိမ်ယံကတော့ သမီးအပေါ် လိုလေသေးမရှိအောင် ပြည့်စွမ်းပေးချင်သည်။ တွေးမိတိုင်း သမီးလေးကို သနားနေမိ၏။

"သမီး ဆင်းရဲနွမ်းပါးခဲ့ရတာ ဖေဖေ့ကြောင့်ပဲ၊ ဖေဖေ တွေဝေခဲ့တာ၊ သူတွေ့ကြောင်ခဲ့တာ"

မိခင်က သော်တာနှင့် ရွှတ်အတင်း လက်ထပ်ပေးခဲ့တာကို သတ္တိကြောင်စွာ လက်ခံခဲ့သည်။ မြမြရီအား ကိုယ်ဝန်ကြီးနှင့် ထွန့်ပစ်ခဲ့မိ၏။

"အတိတ်ကိုတွေးမိတိုင်း ဖေဖေ အရှမ်းခံစားခဲ့ရတယ်၊ မဖြေနိုင်ခဲ့ဘူး၊ မြမြရီကို ဖေဖေ ရွှတ်အတင်းယူခဲ့တာပါ၊ ဖေဖေ တာဝန်မဲ့ခဲ့တာပဲ"

သမီးကို ပြန်တွေ့ရတော့ သမီးအမေက ဆုံးသွားပြီ။ ဖြီ တာဝန်ယူရမှာပဲ။ မိမိရှာဖွေခဲ့သမျှ စည်းစိမ်ဥစ္စာတွေအားလုံး သမီးအတွက်ပဲ စီစဉ်ထားသည်။ မိမိကို အတ္တကြီးတယ်ပဲပြောပြော သမီးကိုပဲ ပေးဆပ်ရမယ်။ မေမေ့သဘောကျ လက်ထပ်စေတဲ့ ကလေးတစ်ယောက်အမေ သော်တာအား မိမိ နည်းနည်းမှ မနှစ်သက်ခဲ့ပေ။ မြမြရီကလွဲပြီး ဘယ်သူ့မှ မချစ်ပါဘူးလို့ မြမြရီထံတွင် ပေးထားခဲ့တဲ့ ကတိစကားကို မိမိ ယနေ့အထိ မဖောက်ဖျက်ခဲ့။

"သမီးမိတွေးကိုလည်း ဘာမှရှိန်နေစရာမလိုဘူး၊ အမေလို့လည်း သတ်မှတ်စရာမလိုပါဘူး၊ သမီးစိတ်ချမ်းသာသလိုပဲ နေပါ"

"သမီး…အန်တီသော်တာကို အမေလို့မသတ်မှတ်ပေးယုံ သဘောတော့ကျပါတယ် ဖေဖေ၊ ပြဿနာမရှိပါဘူး၊ အန်တီ





ဖြူးဖြူး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



သော်တာကလည်း ဖြူစင်ပါတယ်"

"ဒီမိန်းမအကြောင်း မပြောနဲ့တော့၊ အလကားပါ မေမေ့ကို စည်းရုံးသိမ်းသွင်းပြီး ဖေဖေတို့မိသားစုဘဝလေးကို ဖျက်စီးပစ်လိုက်တာပဲ"

မသော်တာက မိမိအပေါ် ကျိုးနွံပြီး မိန်းမလွှာရေး ကျေပွန်စွာ ပြုစုခဲ့ပေမယ့် မိမိကတော့ မသော်တာအပေါ် မနှစ်သက်ခဲ့ပေ၊ ရန်သူသဖွယ်ပဲ ဆက်ဆံခဲ့သည်။

"ရန်ကတော့ တော်တယ်၊ အရှမ်းကြိုးစားတယ်၊ ရန့်ကို လည်း သမီးခိုင်းချင်ရာ ခိုင်းလို့ရတယ်နော်"

"ဖေဖေ"

"သမီး ဘာမှအားနာစရာမလိုဘူးနော်၊ သူတို့က ဖေဖေ့ အရိပ်မှာ ခိုနေရတဲ့သူတွေပဲ၊ ဖေဖေ အစောကြီးထဲက ပြတ်ပြတ် သားသား ပြောထားပြီးသားပဲ"

ဝန်းကတော့ ဒီလိုမဖြစ်ချင်ပါဘူး။ ရန့်သော်တာရဲ့ မျက်နှာ က အရှမ်းကိုတင်းမာနေတာပဲ။ ရှင့်အမေကို နှိမ်ချဆက်ဆံလို့လား။





"ရန်က နည်းနည်းတော့ မာနကြီးတယ်သမီး၊ ဖေဖေ့ကို မုန်းတယ်၊ ရန့်ထက် သမီးအပေါ်ပဲ ဖေဖေက တာဝန်ကျေရမယ်"

ရန့်သော်တာရယ်…ရှင့်ကို ဝန်း မနှိမ်ချချင်ပါဘူး။ ဝန်းက သနားကြင်နာတတ်တဲ့ မိန်းမတစ်ယောက်ပါနော်။ အန်တီသော်တာ ကိုလည်း ဝန်း သနားနှစ်သက်ပါတယ်။

"သမီး ဘာမှအားနာစရာမလိုဘူးနော်၊ မကြာခင် ဒီတိုက် ကြီးကို သမီးလက်ထဲ လွှဲပေးတော့မှာ"

"ဝန်း လက်မခံနိုင်သေးပါဘူး ဖေဖေ၊ မလိုအပ်သေးဘူး ထင်ပါတယ်။ ဝန်း အလိုအပ်ဆုံးက ဖေဖေ့ဆီက ချစ်ခြင်းမေတ္တာ တွေပါပဲလေ၊ ခြံတွေ တိုက်တွေ မလိုချင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် သမီးလက်ခံရမယ်။ ဖေဖေ့ရဲ့ အပြင်းပြ ဆုံးဆန္ဒပဲ"

ဖေဖေကတော့ ဝန်းအား အရေးတယူနှင့် သည်းသည်းလှုပ် လှုပ် ယုယကြင်နာနေသည်။

"ရန်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဖေဖေ"

"မင်း သမီးကို ထားမောင်းသင်ပေးပါ။ သမီးဆန္ဒတွေအတိုင်းပဲ လုပ်ပေးရမယ်"

"ဟုတ်ကဲ့"

"ပြီးတော့ သေဘ်တာရော ရန့်ရောကို ဖေဖေ အတီအံလင်းပြောထားချင်တာက ဒီခြံနဲ့တိုက်ကို သမီးကို မကြာခင်လွှဲပေးတော့မယ်ဆိုတာပဲ၊ မင်းတို့သားအမိအတွက် တိုက်ခန်းတစ်ခန်းပေးမယ်၊ ရန့်ကို ပညာရေးဆုံးခန်းတိုင်အောင် ထောက်ပံ့မယ်။ အဲဒါ ငါ့ဘဝတစ်လျှောက်လုံးမှာ ငါ့အလုပ်ချင်ဆုံးအလုပ်ပဲ"

ရန့်ကတော့ တုံ့ပြန်မှုမရှိဘဲ ငြိမ်သက်နေသည်။ ရန့်ငယ်စဉ်လေးထဲက မေမေရော ရန့်ပါ ဖေဖေ့အလိုဆန္ဒတွေအတိုင်းနေထိုင်လာခဲ့ကြရ၏။ ရပါတယ် ဖေဖေ၊ ရန့်က ယောကျ်ားတစ်ယောက်ပါ၊ ဖြစ်နိုင်မယ်ဆိုရင် ရန့် ခြေထောက်ပေါ်မှာပဲရပ်တည်ချင်နေတာပါ။

"ရန့်---သမီးမြဝန်းရဲ့ ခိုင်းစေသမျှ မင်းလုပ်ရမယ်၊





သမီးလေး မြဝန်းရဲ့က မလိုလားရင် အားလုံးကို မောင်းထုတ်ပစ်ရမှာပဲ"

ဖေဖေ ပြောပြီးထွက်သွားတော့ ဝန်း မျက်နှာတွေထူပူပြီးအားနာစွာ ကျန်ရစ်ခဲ့လေသည်။

"သမီးမြဝန်းရဲ့ လိုတာတွေပြောနော်၊ အန်တီသော်တာကို အားမနာပါနဲ့ကွယ်၊ တကယ်တော့ သမီးဖေဖေက တာဝန်မဲ့တဲ့ယောကျ်ားတစ်ယောက်တော့ မဟုတ်ပါဘူး၊ မလွှဲသာမရှောင်သာလို့ အန်တီသော်တာ့ကို လက်ထပ်လိုက်ရပြီး သူ့ရင်ထဲမှာရှိတာက သမီးမေမေနဲ့ သမီးပါပဲ"

မေမေသည် ဖေဖေ ဦးတိမ်ယံနှင့် ပတ်သက်လာ[illegible]င်ကြိုးနွံခယလွှန်းနေသည်ဟု ရန့် ထင်မိလေသည်။ မဖြစ်သင့်ပါ[illegible]နှစ်ပေါင်းကြာပြီပဲ။ မေမေ အောက်ကျို့လာခဲ့တာ ရန့် ငယ်စဉ်လေးထဲက တွေ့မြင်နေခဲ့၏။ ရန့် အပြစ်တစ်ခုခု ကျူးလွန်မှာလည်း မေမေ အကြောက်ကြီးကြောက်နေခဲ့သည်။ သူ့အတွက်လား၊ ဖေဖေ ဦးတိမ်ယံကိုပဲ မေမေ ချစ်ခင်နှစ်သက်နေခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



"သားရန် ...ဖေဖေ့စကားတွေကို မြေ့ဝယ်မကျ နားထောင်ပါ၊ အရာအားလုံး သမီးလေးဆန္ဒတွေပဲ ဖြစ်ပါစေ"

မေမေထွက်သွားတော့ ခြံကြီးထဲကို ရန်က ရှေ့မှထွက်လာခဲ့သည်။ မြဝန်းရံ နောက်မှလိုက်လာ၏။ မင်းကို ငါ လုံးဝအဖက် မလုပ်နိုင်ဘူး။ အောက်ကျလည်း မခံနိုင်ဘူး။ ဒါပေမယ့် ငါ့မေမေ ကိုတော့ စိတ်ချမ်းသာစေချင်တယ်။ ဘယ်လိုဖြစ်ဖြစ် ငါ ငယ်စဉ် လေးထဲက ငါ့မေမေဆန္ဒတွေအတိုင်းပဲ ငါနေခဲ့တယ်၊ ခြံကြီးထဲ ရောက်လာတော့ သူ့အနေနှင့် မြဝန်းရံနှင့် စကားမပြောဘဲ နေလို့ မဖြစ်တော့ပေ။

"သားရန် မေမေတို့ သားအမိအပေါ် တိုက်တိမ်ယံတို့ သားအမိ ကျေးဇူးတွေ အများကြီးရှိတယ်နော်၊ ကျေးဇူးဆပ်ရမယ် မေတ္တာဆိုတာ အသွားအပြန်ရှိပါတယ် သားရယ်"

မေမေက ဖေဖေဦးတိမ်ယံအတွက်ဆို ပြာယာခတ်နေလေသည်။ ရန့်ဖေဖေအရင်းကိုပင် အပြစ်ဖို့နေတတ်၏။ ရန်ကတော့ မေမေ့ကို ချစ်တယ်၊ သနားတယ်။ မေမေ့ဆန္ဒတွေအတိုင်းပဲ ရန်နေ





မှာပါ။

"မြဝန်းရံ"

"ပြော"

"မြဝန်းရံ...ဘာဖြစ်ချင်လဲဆိုတာ တို့ကိုပြောပါ"

ဝန်း နှုတ်ခမ်းသားလေးတွေ စူထော်သွားချင်ရသည်။ ရှင်က မလှဲသာမရှောင်သာတဲ့ လေသံနှင့် မျက်နှာထားက တင်းမာနေ၏။ ဝန်းဘက်မှ အလျှော့ပေးချင်တဲ့ဆန္ဒတွေပင် ပျောက်သွားရသည်။ မိန်းကလေးကပဲ အောက်ကျနောက်ကျ ပြောဆိုဆက်ဆံရညှိဖုံပင်။ ဝန်း အမြင်ကတ်လာမိသည်။ အနိုင်သော်တာနဲ့ ဘာမှ မဆိုင်တဲ့လူပဲ။

"အမိဖြစ်စေချင်တာကို ပွင့်ပွင့်လင်းလင်းပြောနော်၊ နောက်မှ ရန်သော်တာ မကောင်းကြောင်းတွေ ဖေဖေဦးတိမ်ယံကို မပြောပါနဲ့"

ဟွန်း ပြောတဲ့စကားတွေက ကြည့်ပါလား။ မုန်းလိုက်တာ အကျောကြီးနဲ့။ ဝန်း စိတ်ထဲက သဘောကောင်းချင်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပင် ဘယ်ပျောက်ကုန်ပြီလည်း မသိတော့ပေ။ နှုတ်ခမ်းသားလေး တွေက စူထော်ချင်လာရသည်။

ဝန်းလည်း မာနတွေရှိတာပါပဲနော်။ ဝန်း အမြင်ကတ်ကတ် နှင့် အရွဲ့တိုက်ချင်လာရ၏။

သူက ကားတံခါးကိုဖွင့်ပြီး ဒရိုင်ဘာအခန်းမှာ ဝင်ထိုင် လိုက်သည်။ မေမေက ရန်သော်တာကို ဝန်းဆန္ဒတွေ ဖြည့်စွမ်းပေး ဖို့ ပြောထားပေမယ့် သူကတော့ မျက်နှာထားက တင်းနေသည်။ မလွှဲသာမရှောင်သာတဲ့ပုံစံကြီး လုပ်နေ၍ ဝန်း မုန်းလိုက်တာ။

"ကားမောင်းသင်မယ်ဆိုရင်တော့ အခါ အစဉ်မ လေ့ကျင့်ရမှာက ဂီယာထိုးတာပဲ"

သူကားမောင်းသင်ပေးနေသည်။ ဂီယာတိုကိုင်ထားတဲ့ ဝန်းလက်လေးကို သူဆုပ်ကိုင်လိုက်တော့ ဝန်းရင်တွေဟန်းတွေတုန်ပြီး အထိတ်တလန့်နှင့် မျက်ဝန်းလေးတွေ ပြူးကျယ်ပိုင်းဆက်သွားရ၏။ သူကတော့ အမူအရာ နည်းနည်းလေးမှပင် မပျက်ပေ။ အေးစက် တင်းမာတဲ့ မျက်ဝန်းတွေက ဝန်းကို မကြည့်ပေ။





"အမိ ဂီယာထိုးလေ့ကျင့်ပါ"

မေမေက ရန်သော်တာကို နှိမ်ချလိုက်တဲ့သဘောနဲ့ ဝန်း အား ကားမောင်းသင်ခိုင်းတာလား မသိပါဘူး။ ရန်သော်တာကို ဝန်းနှင့် ရင်းနှီးအောင်ပဲ တမင်လွှတ်ပေးထားတာလား။ ရန်သော် တာက ဝန်းကိုမကြည့်တာပဲ ဝန်းစိတ်ထဲမှာ မကျေမနပ်ဖြစ်သွားမိ သည်။ စိတ်ပုတ်တဲ့လူ ဝန်းဘက်က မာန်မာနတွေ မထားတာကို ဘာဖြစ်လို့ အသိအမှတ်မပြုချင်ရတာလဲလို့။

"မြဝန်းရဲ့ ဒီနေ့တော့ တော်ပြီ၊ မင်း ဂီယာထိုးတာ လေ့ကျင့်နေပါ၊ တို့ကို ဘာခိုင်းစရာရှိသေးလဲ"

ဝန်း နည်းနည်း ဒေါပွသွားရပြီး နှုတ်ခမ်းစူတင်းတင်းလေး များဖြင့် ကြည့်လိုက်စဉ် ရန်သော်တာက ချာခနဲ လှည့်ထွက်သွားလေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၉]

"ရန် ဖေဖေ့ပုသမီး မြဝန်းရံကို မသင်ပေးချင်ဘူး မေမေ၊ ကားမောင်းသင်တန်းတွေမှာ စနစ်တကျမသင်ဘဲ ဘာဖြစ်လို့ရန့်ကို မှ သင်ခိုင်းရတာလဲ"

"ဘာအကြောင်းပဲဖြစ်ဖြစ် မေမေခိုင်းတာကိုပဲ သားရန် လုပ်စမ်းပါ၊ မေမေကတော့ ဒါပဲပြောချင်တယ်"

"မေမေ"

"ပြော...သားရန်"

"သားတို့ ဒီအိမ်ကနေ ထွက်သွားရအောင်နော် မေမေ"

"မေမေ လက်မခံဘူး ရန်"

{ ပြီးပြီ - တဆေ }

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မေမေ၊ သား ဧည့်သည်ရေးအတွက်လား၊ ဒါမှမဟုတ် မေမေက ဖေဖေဦးတိမ်ယံကို ချစ်ခင်နှစ်သက်နေလို့လား"

"ဘာ"

"ဟုတ်တယ် သားရန်၊ မေမေ ငယ်ငယ်လေးထဲက ချစ်ခင်နှစ်သက်ခဲ့ရတာ ကိုတိမ်ယံကိုပဲလေ။ ဖုံးဆောက ရွာလည်သွားတယ် သားရန်ရယ်။ သူက မြမြရီဆိုတဲ့ မိန်းမချောလေးကို လက်ထပ်သွားတယ်။ မေမေလည်း သားရန့်အဖေနဲ့ နိုးရာလိုက်ပြေးခဲ့တယ်။ ကိုတိမ်ယံကို ရှုံပြီး မေမေယောကျ်ားယူလိုက်တာ"

"သားရန် မေမေ့ကို စိတ်ဝင်းရဲစေမယ့်စကားတွေ မပြောတာ အကောင်းဆုံးပဲ၊ ကျေးဇူးရှင်တွေလေ၊ မေမေ မရက်စက်နိုင်ဘူး"

ဦးတိမ်ယံက မေမေ့ကို အမြဲတမ်းနှိပ်စက်နေတာပဲ။ သားငယ်ငယ်လေးထဲက တွေ့မြင်နေရတာပဲဟာ။ မေမေ့ကို ရန့်ချစ်တယ်။ သနားတယ်။ မေမေ့စိတ်တွေ သောကရောက်အောင် ရန့်





မလုပ်ချင်ပါဘူး။ သားရန့်က သူများအိမ်မှာ ကပ်နေရတာရှက်မယ်။ မနှစ်သက်ဘူး။ ရန့် ငယ်ငယ်လေးထဲက မနေချင်တာပဲ။ ဖေဖေဦးတိမ်ယံရဲ့ကျေးဇူးတွေကို ရန့် စော်ကားချင်တာမဟုတ်ပါဘူး။ ရန့်ခြေထောက်ပေါ်ပဲ ရပ်တည်ပြီး မေမေ့ကို ကျွေးမွေးစောင့်ရှောက်ချင်တာပါ။

"မေမေ့စကားတွေကိုပဲ နားထောင်စမ်းပါ ရန့်၊ မြဝန်းရဲ့လေးအပေါ် မင်းသည်းခံရမယ်၊ ဖေဖေ့စကားတွေကို နားထောင်ပါ"

ဖေဖေဦးတိမ်ယံက ရန့်ကို နှိမ်ထားချင်တာလား။ မယားပါသားတစ်ယောက်အဖြစ် ရက်စက်ချင်တာလား။

"သားရန့်"

"မေမေ"

"မင်း အတွေးမခေါင်ပါနဲ့၊ ဖေဖေက မင်းအပေါ် သားအရင်းလိုပါပဲ၊ ဒါကို မေမေ့အပေါ် မုန်းတီးတာလည်း ဖြစ်သင့်တယ်"

မေမေ့ကို ရန့် မပြောချင်တော့လေ သူများအိမ်မှာကပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ဘဝကို ရန် မုန်းတယ်။ အထင်သေးတဲ့ မျက်ဝန်းတွေနဲ့ကြည့်တာ ရန် မကြိုက်ဆုံးပဲ။ ရန် အံသွားတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိလေသည်။ မြဝန်းရံ မင်းကရော ငါ့ကို သူများအိမ်မှာ ကပ်နေရတဲ့ကောင်ဆိုပြီး အနိုင်ကျင့်တော့မှာ မဟုတ်လား။ ငါ ဒီဘဝကိုမုန်းတယ်။ နာကြည်းတယ်။ ငါကယောကျ်ားပဲ။

"မေမေပြောချင်တာက ဖေဖေ့စကားကို ရန် နာခံဖို့ပဲ၊ မြဝန်းရံအပေါ်သာ ရန်သူလို့မသတ်မှတ်ပါနဲ့၊ မေမေ့ကို စိတ်ချမ်းသာစေချင်တယ်မဟုတ်လား သားရန်ရယ်နော်"

မေမေ ပြန်ထွက်သွားလေသည်။ ရန် မကျေမနပ်နှင့် ကျန်ခဲ့သည်။ မြဝန်းရံကို ရန် မပတ်သက်ချင်ပေ။ ကင်းကင်းရှင်းရှင်း နေချင်၏။ ရင်ထဲမှာ မြဝန်းရံအပေါ် မုန်းတီးနာကြည်းမှုတွေပဲ ပြည့်နှက်နေလေသည်။

"ရန်သော်တာ"

"ဒုန်း…ဒုန်း"

"ဒုန်း"





"ရန်သော်တာ"

မြဝန်းရံရဲ့အသံ ဖြစ်နေ၏။ သူတံခါးဖွင့်မပေးဘဲ ငြိမ်သက်နေမိလေသည်။ အခုပဲ ကားမောင်းသင်ပေးပြီး ပြန်ဝင်လာခဲ့တာပဲ။

"ရန်သော်တာ"

"ဒုန်း…ဒုန်း"

"တံခါးဖွင့်နော် ငါ ဖေဖေ့ကို သွားပြောလိုက်ရမလား"

ရန် မနေသာတော့ဘဲ တံခါးကိုဖွင့်ပေးလိုက်သည်။ အခန်းထဲသို့ မြဝန်းရံ ဝင်လာ၏။

"နင်…နင် ငါ့အခန်းထဲ ဘာဖြစ်လို့ဝင်လာရတာလဲ၊ ထွက်ပါ"

"ဝင်တာဘာဖြစ်လဲ၊ နင့်အခန်းကလည်း အပျံစားပါလား၊ ငါ့လိုပဲ ပြည့်စုံနေတာပါလား၊ ဖေဖေက နင့်ကိုချစ်သားပဲ၊ နင့်ကို ဒီလောက်အပြည့်အစုံ လိုလေသေးမရှိထားတာတောင် နင့်မျက်နှာကြီးက တင်းမာပြီး မကျေမနပ်ဖြစ်နေတယ်၊ ပြောစမ်းပါဦး ဘာကြောင့်လဲလို့"



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကတ်လို့ ရန်သော်တာ အခန်းထဲ ဝန်း ဝင်ဖို့ကြိုးစား မိခြင်းဖြစ်လေသည်။ စဉ်းစားမိတိုင်း ရန်သော်တာအား မကျေမနပ် နှင့် ဒေါသချင်လာရ၏။ ခေါ်အားစက်စက် မာကျောကျော မျက်နှာ ကြီးနဲ့ အဖက်မလုပ်ချင်တဲ့ အကြည့်တွေ နှင့်မျက်ဝန်းတွေထဲမှာ ရှိနေတာ ငါ့အမုန်းဆုံးပဲ။

"ပြောလေ…နင်ဘာကိုမကျေနပ်တာလဲ။ ငါ့ဖေဖေက ပထွေးမို့လို့လား။ ငါ့ကြောင့် နင့်အမေကို မိထွေးလို့ မသတ်မှတ်ဘူး ရန်သော်တာ"

သူဘာမှမပြောပေ။ ခြဝန်းရဲ့ သက်သက်အနိုင်ကျင့်မို့လို့ ကျတာဟု ထင်မှတ်မိလေသည်။ နင့်အဖေက ငါ့ကို သား တစ်ယောက်လိုထားခဲ့တာပဲ ရှိတာပါ။ ငါ့အပေါ် ဘယ်တုန်းကမှ ကြင်ကြင်နာနာ ယုယုယယ ရှိခဲ့ပါဘူး။ ပြီးတော့ ငါ့မေမေကို နှိပ်စက်ညှင်းပန်းတယ်။ အနိုင်ကျင့်တယ်။ နင်ကရော မိထွေးလို သဘောမထားဘူးဆိုရင် ငါ့မေမေကို ဘာဖြစ်လို့ မေမေလို့ ခေါ် နိုင်ရတာလဲ။





"နင်က ခေါ်အားစက်စက် ထုံတုံတုံနဲ့ အရမ်းမုန်းစရာကောင်း တာပဲ၊ နင်ယောကျ်ားမဟုတ်ဘူးလား၊ နင့်မကျေနပ်ချက်ကို ပြော လေ"

"နင်ထွက်သွားပါ"

"မသွားဘူး"

"နင် ဒါတွေပြောဖို့ လာတာလား"

"ဟုတ်တယ်လေ၊ ငါ့ဘက်က အလျှော့ပေးမယ့် အရိပ် အကွဲအထားပြနေတာတောင် နင်က အဖက်မလုပ်ချင်သလိုနဲ့ အဲဒါကို အမြင်ကတ်လို့လာတာ"

ဝန်းက ခေါ်အားခေါ်ခေါ်ခေါ်နဲ့ ငြိမ်းချမ်းစွာနေချင်တာပါ။ နှိုးစိတ်ထဲမှာ မနာလိုဝန်တိုတဲ့စိတ်တွေ မရှိပေ။ အန်တီသော်တာ့ ကိုလည်း အမေလို့ မခေါ်သေးမယ့် ဝန်းက မိခင်တစ်ယောက်လိုပဲ သဘောထားလက်ခံခဲ့တာပါ။ နင်က ငါ့အဖေကိုကြတော့ ပထွေး လို့ သတ်မှတ်ထားတာမဟုတ်လား။ ရန်သော်တာ နင်က ဘဝင်မြင့် နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြန်ထွက်သွားပါ မြဝန်းရုံ၊ ငါ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လာမလုပ်ပါနဲ့ဟာ၊ ငါဘယ်သူနဲ့မှ ပြဿနာမတက်ချင်ဘူး။ ငါ့မေမေကြောင့်ပဲ"

တကယ့်ကို မကျေနပ်စရာကောင်းတဲ့ ရန့်သော်တာပဲ။ ကြည့်ပါလား မျက်နှာကြီးက စူတင်းနေသည်။ မြဝန်းရံလို စိတ်သဘောထားဖြူစင်ပြီး ချောမောနုထွတ်နေတဲ့ မိန်းကလေးတစ်ယောက်ကိုများ နင်က အဖက်မလုပ်ချင်ဘူး။

"ရန့်သော်တာ"

"ဟင်"

"တို့နှစ်ယောက်က မိတ်ဆွေတွေ ဖြစ်သင့်တယ်မဟုတ်လား"

"မင်းပြန်ထွက်သွားပါ"

"မသွားဘူး"

နင်က နင့်အမေရဲ့ အရှိန်အဝါတွေနဲ့ ငါ့ကို အနိုင်ကျင့်ချင်တာလား မြဝန်းရံ။ သူများအိမ်မှာ ကပ်နေရတာယ်ဆိုပြီး အဝင်





သေးနေတာလား။ ရန်ဘာမှမပြောတော့ နင်မထွက်သွားရင်တော့ ငါထွက်သွားရလိမ့်မယ် မြဝန်းရံ။ နင်နဲ့လုံးဝမပတ်သက်ချင်ဘူး။

"နင် ဘာမကျေနပ်နေတာလဲ ပြောလေ၊ နင်ဘာကို အလိုမကျနေရတာလဲ"

မပြောဘူးဟာ၊ မပြောနိုင်ဘူး။ တစ်လောကလုံးကို ငါမကျေနပ်နေတာပဲ။ နင့်အမေက ငါ့အမေကို ညှင်းပန်းနှိပ်စက်နေတာငါ နေ့စဉ်မြင်တွေ့နေရလို့ မကျေနပ်တာပဲ။

"ရန့်သော်တာရယ် နင်မကျေနပ်တာတွေကို ပြောစမ်းပါ၊ ပန်းပြင်မယ်လေ။ မေမေနဲ့ ပတ်သက်ပြီး နင်ခံစားနေရတာမဟုတ်လား၊ ဝန်း ကြိုးစားပေးမယ်လေ၊ အန်တီသော်တာ့ကို မေမေက စိတ်ထဲကပါလို့ ညှင်းပန်းနှိပ်စက်နေတာ မဟုတ်ပါဘူး၊ ငါ့မေမေ အပေါ် မေမေက တာဝန်မကျေဘူးလို့ ထင်နေလို့ပါ၊ အခု ငါ့ကို မေမေက တွေးမွေးစောင့်ရှောက်ခွင့်ရနေပြီပဲ၊ မေမေ့စိတ်တွေ ပြေလျော့သွားမှာပဲ"

ရန် အံသွားတွေကို တင်းကြပ်စွာ ဖိကြိတ်ထားမိသည်။ မေမေ့ဘက်မှ တာဝန်ကျေပါလျက်နှင့် မေမေက အညှီးအတေးထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ညှင်းပန်းနှိပ်စက်နေတာဟု သူထင်မိနေလေသည်။ မေမေ့အပေါ် ဖေဖေ ဦးတိမ်ယံက မတရားလုပ်တာပဲ။

"ရန်"

"နင်ထွက်သွားပါ၊ လောလောဆယ် နင်ထွက်သွားတာ အကောင်းဆုံးပဲ"

"မေမေ့ကို နားလည်ပေးပါ၊ ဝန်းလည်း ဒီအိမ်ကြီးကို တစ်ယောက်တည်း အပိုင်မစီးပါဘူး၊ ရန့်တို့သားအမိလည်း ဒီအိမ်ကြီးထဲကနေ ထွက်သွားစရာမလိုပါဘူးနော်"

ရန့်သော်တာရဲ့ ရန်လိုနေတဲ့မျက်နှာကြီးကို ဝန်း ပြေလျော့သွားစေချင်နေမိသည်။ ဖေဖေက ရန့်ကို အေးစက်စက် ဆက်ဆံနေခဲ့တာလည်း ဝန်း မလိုလားမိပေ။ ဝန်း ဘယ်လိုလုပ်ရမလဲ။ ရန့်ကို မိတ်ဆွေဖွဲ့ချင်တယ်။ ရန်နဲ့ ခင်မင်ချင်တယ်။ ဝန်းကလည်း တစ်ကောင်ကြွက် အထီးကျန်နေရတဲ့သူပါ။

"ရန်ကျေနပ်အောင် ဝန်း ထွက်သွားပေးပါ့မယ်၊ ရန့်ကို ဝန်း မိတ်ဆွေဖွဲ့ချင်ပါတယ်၊ နားမည်နဲ့လိုက်ဖက်အောင် ရန်မလိုနေပါနဲ့နော်"





ဝန်း ထွက်လာခဲ့ပေမယ့် ရန့်ကတော့ တင်းမာအေးစက်စွာ ကျန်နေခဲ့လေသည်။ ဝန်း မှားသွားလား။ ရန့်ရဲ့အထင်အမြင်သေးမှုတွေကို ဝန်း ခံယူလိုက်ရပြီလား။ ဝန်း ဘာဖြစ်နေရတာလဲ။ ရန့်ကို ဝန်း မေ့မရနိုင်သလိုပဲ ဝန်းက အမြဲတမ်း အထီးကျန်နေခဲ့ရတယ်။ ဝန်းမိသားစုလေးကို သိုင်းသိုင်းဝိုင်းဝိုင်းလေး လိုအပ်နေတယ်။

"သမီးလေး မြဝန်းရံ"

"အန်တီသော်တာ"

"သားရန်က သမီးကိုကောင်းကောင်းမွန်မွန် ဆက်ဆံရဲ့လားကွယ်"

"အင်း"

"သမီးလေး ဘာလိုသေးလဲ၊ အန်တီသော်တာ့ကိုပြော နော်"

"ဟုတ်"

အန်တီသော်တာကလည်း စိတ်သဘောထားဖြူစင်ပြီး ချိုသာမောသူပါပဲ။ မေမေ့ရဲ့ ရန်လိုပြိုင်မှုတွေကို အမြဲတမ်း ခံနေခဲ့ရသည်ဟု ဝန်း သိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝန်း ဘာမှမလိုအပ်ပါဘူး။ အားလုံးပြည့်စုံတာထက် တောင် ပြည့်စုံနေပါတယ်လေ"

"မြဝန်းရုံလေးက စိတ်သဘောထား ပြည့်ဝလိုက်တာ ကွယ်၊ အန်တီသော်တာ ဝမ်းသာတယ်၊ အရမ်းပျော်ရွှင်ရပါတယ်"

"အန်တီသော်တာရယ်...ဖေဖေနဲ့ ဘာဖြစ်လို့များ အဆင် မပြေဖြစ်နေရတာလဲ၊ ဖေဖေနဲ့ အဆင်ပြေအောင် နေလို့မရဘူးလား ဟင်"

"အန်တီသော်တာ ကံကြမ္မာပါပဲလေ၊ မရနိုင်ဘူးထင် တယ် သမီးရယ်"

ဝန်းရင်ထဲမှာ နာကျင်ဖူးရှတဲ့ ဝေဒနာတွေ ခံစားလာရလေ သည်။ ဘာဖြစ်လို့မှန်းမသိဘဲ ရန်ကိုပဲ မြင်ယောင်လာမိ၏။ ရန့်ရယ် အဲဒီလိုချက်နှာထားကြီး အေးစက်တင်းမာမနေပါနဲ့နော်။ သူမ အိပ်ခန်းထဲပဲ ဝန်း ပြန့်လျှည့်ဝင်လာခဲ့လေသည်။

❀ ❀ ❀



## အခန်း [၇]

"မင်းတို့ ဒီအိမ်ကြီးထဲကနေ ထွက်သွားဖို့ ပြင်ဆင်ပါ မသော်တာ၊ မကြာခင် ငါ့သမီးလေးကို လွှဲပြောင်းပေးမယ်၊ မင်းတို့ သားအမိအတွက် တိုက်ခန်းတစ်ခန်းပေးမယ်၊ လိုအပ်တဲ့ငွေကြေး ပေးမယ်၊ မင်းသား ရန့်သော်တာအတွက် ပညာရေး ဆုံးခန်းတိုင် အောင် ငါတာဝန်ယူပေးမယ်"

"ဟုတ်ကဲ့ ကိုတိမ်ယံ၊ အဆင်ပြေသလိုပဲ လုပ်ပါ၊ သော်တာ နာခံဖို့အဆင်သင့်ပါပဲ"

မသော်တာကို စွန့်လွှတ်ရမယ်ဆိုတော့လည်း ဦးတိမ်ယံရဲ့ ရင်ထဲမှာ ကြေကွဲနာကျင်မှုဝေဒနာတွေ တိုးဝင်ခံစားလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမကို မချစ်မိအောင် အတတ်နိုင်ဆုံး ခပ်ရှောင်ရှောင်နေခဲ့၏။ မင်းကြောင့် ငါတို့မိသားစု ပြိုကွဲခဲ့ရတာ မသော်တာဟု အနိုင်ကျင့် ပြောဆိုခဲ့သည်။ ဒါပေမယ့် သမီးလေးအပေါ် မိမိတာဝန်ကြေရမှာ ပဲ။ နောက်မိန်းမအား အရေးတယူရှိလှန်းနေသည်ဟု အထင်မခံနိုင် ပေ။ သမီးနဲ့ မြမြရီကို မိမိခွန့်လွှတ်ထားခဲ့တဲ့ တာဝန်မဲ့မှုအတွက် အကောင်းဆုံးပေးဆပ်ရမှာပဲ။

"မင်းကြောင့် ငါ့သမီးလေး အစွန့်ပစ်ခံဘဝနဲ့ ဆင်းဆင်း ရဲရဲ ရုန်းကန်ခဲ့ရတာပဲ၊ ငါ အကောင်းဆုံးပေးဆပ်ရမယ်"

"သော်တာ လက်ခံပါတယ် ကိုတိမ်ယံ၊ နေဆိုရင်လည်း သော်တာနေပါ့မယ်၊ သွားဆိုရင်လည်း သော်တာ သွားပါ့မယ်"

"မင်း အစောကြီးထဲက ငါ့အနားကနေ ဘာဖြစ်လို့ ထွက် မသွားရတာလဲ၊ မေမေက ငါနဲ့မင်းကို လက်ထပ်ပေးဖို့ ကြံစည် ခင်ထဲက မင်းထွက်သွားရမှာ၊ မင်းက ငါ့အမေအနားမှာ တွယ်ကပ် နေလို့ ငါ့ဘဝပျက်ရတာ"

ဦးတိမ်ယံ နာကြည်းကြေကွဲစွာ အော်ဟစ်ပစ်မိလေသည်။ သူငယ်စဉ်လေးထဲက သော်တာနှင့် မေမေက သူ့ကိုလက်ထပ်ပေး





ဖို့ ရည်ရွယ်ချက်တွေ ထားရှိခဲ့၏။ သော်တာက သူ့ကိုနှစ်သက်မြတ် နိုးသလောက် သူက မချစ်ခဲ့။ ချစ်သူ မြမြရီကိုပဲ လက်ထပ်ခဲ့သည်။

"ငါ့မှာ မိန်းမနဲ့ သမီးရှိနေတာ သိလျက်နဲ့ မင်းအရယူ ခဲ့တာပဲမဟုတ်လား သော်တာ"

"အဲဒါတော့ လုံးဝမဟုတ်ခဲ့ရပါဘူး ကိုတိမ်ယံ၊ ကျွန်မ ဘယ်လိုရှင်းပြရမလဲ၊ သော်တာ့ကို မေမေက အတင်းအကြပ်လက် ထပ်ဖို့ ပြောခဲ့တာပါ"

"တော်စမ်းပါကွာ"

"ရှန်း"

"ချုပ်လွှမ်း"

မိသားစုကွဲရတဲ့အကြောင်းတွေကို တွေးမိတိုင်း သော်တာ့ ကိုပဲ စိတ်က နာကြည်းခဲ့ရလေသည်။ ရန်လိုမုန်းတီးနေမိ၏။

"ငါ့မိသားစုအပေါ် ငါတာဝန်မဲ့ခဲ့ရတာ မင်းကြောင့်ပဲ၊ မင်းတို့သားအမိ ဒီအိမ်ကြီးထဲကနေ ထွက်သွားဖို့ပဲ ပြင်ပါ"

မေမေ မကွယ်လွန်မီအထိ သော်တာ့အား သည်းခံပေါင်း သင်းခဲ့ရသည်။ မေမေ ကွယ်လွန်သွားတော့မှ ဦးတိမ်ယံ ဇနီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ရှာရ၏။ နောက်ဆုံးတော့ သမီးကိုပဲ တွေ့ရသည်။

"ငါရှာဖွေထားသမျှ စည်းစိမ်ဥစ္စာတွေအားလုံး ငါ့သမီး မြဝန်းရုံပဲ ရစေရမယ်၊ မင်းတို့သားအမိနဲ့ ဘာမှမဆိုင်ဘူး"

"သော်တာ သိပါတယ်ကိုတီမိယံ၊ သော်တာ ထွက်သွားပေးပါ့မယ်၊ သားရန်ကိုတော့ ဘာမှမပြောပါနဲ့နော်၊ သော်တာ သားရန်ကိုခေါ်ပြီး ဒီကနေ ထွက်သွားပါ့မယ်"

သော်တာကတော့ သူပြောဆိုသမျှ နာခံပြီး ကျိုးနွံစွာနေထိုင်ခဲ့လေသည်။ ဒါပေမယ့် သူ့ရင်ထဲမှာ မုန်းတီးနာကြည်းမှုတွေပဲ ရှိနေခဲ့၏။

"ငါ့အနားမှာနေလို့ မင်းဘယ်တော့မှ မပျော်ရွှင်စေရဘူး၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်နေစေရမယ်၊ ငါ့မိသားစု မင်းကြောင့် ပြိုကွဲခဲ့ရတာပဲ မင်းအကျိုးခံစားရမယ်"

အိမ်ထောင်သက်တစ်လျှောက် သော်တာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနှင့် ဖြတ်သန်းလာခဲ့ရလေသည်။ ပညာရှိနည်းဖြင့် ညှင်းပန်းနှိပ်စက်လာခဲ့၏။ အလိုမကျလျှင် တွေ့တွေ့သမျှ အရာတွေကို ရိုက်ခွဲဖျက်ဆီးပစ်ခဲ့သည်။





"ကိုတီမိယံအတွက် သော်တာ အမြဲတမ်းပေးဆပ်ဖို့ အဆင်သင့်ဖြစ်နေပါတယ်"

"ထွက်သွား…မင်းတို့သားအမိ အမြန်ဆုံးထွက်သွားကြစမ်းပါ၊ ငါနဲ့ဝေးရာကို ထွက်သွားပါ"

"ဝုန်း"

"ဒိုင်း"

"ချလွမ်း"

အော်ဟစ်ဆူညံသံတွေ ပစ္စည်းတွေ ပြစ်ပေါက်ကျကွဲသံတွေ ဆူညံသွားလေသည်။ ရန်သော်တာ့ခြေလှမ်းတွေက အခန်းဝတွင် တုံ့ခနဲ ရပ်သွားရ၏။ ဆူညံပေါက်ကွဲသံတွေကြောင့် သူ မေမေ့အခန်းဆီ ရောက်လာရ၏။

"မင်းတို့သားအမိ ဘာမျှော်လင့်ချက်တွေနဲ့ တွယ်ကပ်နေလဲဆိုတာ ငါသိတယ်၊ ဒါကြောင့်လည်း ငါက ရှင်းရှင်းပြတ်ပြတ် လုပ်ရမယ်၊ သော်တာ၊ ငါ့သမီးလေး လျှောက်ရမယ့် ရှေ့ဘဝခရီးလမ်းက ဖြောင့်ဖြူးနေစေရမယ်၊ ငါတာဝန်ကျေချင်တယ် ဒါပဲ"

"ကိုတီမိယံရယ်…အရင်ကတော့ သော်တာ ရှင့်အနား



www.burmeseclassic.com

www.burmeseclassic.com



မှာ နေပေးတာ ရှင်အထီးကျန်နေခဲ့လို့ပါ၊ အခု သမီးလေးမြဝန်းရဲ့ ရှိနေပြီပဲ၊ သော်တာတို့ မလိုအပ်တော့ပါဘူး၊ အမြန်ဆုံးပဲသွားမှာပါ''

''သွားကွာ''

''ဝုန်း''

''ဒိုင်း''

မေမေက ထွက်သွားမယ်လို့ ပြောနေပြီပဲ။ ဖေဖေဦးတင်မြ က ဘာဖြစ်လို့များ ဒေါသတွေပေါက်ကွဲနေရတာလဲ၊ ရန့်တို့သား အမိအဖေါ် အညှိုးကြီးလှချည်လား ဖေဖေရယ်၊ ရန့် နာကျင်စွာမြင် တွေးနေမိလေသည်။

ဘ္ဍ ဘ္ဍ ဘ္ဍ

မြို့မြို့ - တသ

## အခန်း [ ၈ ]

''ဖေဖေ သမီးအမွေတွေကို လက်မခံပါရစေနဲ့ဦး၊ အန်တီသော်တာတို့သားအမိကိုလည်း ဒီအိမ်ကြီးထဲကနေ ထွက်ခွာမသွားစေချင်သေးပါဘူး၊ သမီး အထီးကျန်မခံနိုင်ချင်လို့ပါနော်''

''သော်တာတို့သားအမိအတွက် ဖေဖေအားလုံး စီစဉ်ပေးထားပြီးပါပြီ၊ တိုက်ခန်းရယ်၊ ငွေကြေးရယ်၊ ပြီးတော့ ရန့်သော်တာ့အတွက် ပညာရေးဆုံးခန်းတိုင်အောင် တာဝန်ယူဖို့ပြောထားပြီးပြီပဲ''

''မလုပ်ပါနဲ့ဦး ဖေဖေရယ်၊ ရန့်သော်တာက ဖေဖေ့သားပါပဲ၊ ဝန်းထက်တောင် ရင်းနှီးပါတယ်၊ ဖေဖေ့လက်ပေါ်မှာပဲ ရန့်ကြီးပြင်းလာရတာပါ''

မြို့မြို့ - ဆပေ

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက နောက်မိန်းမယူ ပါလာတဲ့သားကို သမီးလောက် အခွင့်အရေးမပေးချင်ဘူး၊ ဖေဖေ မျက်စိမှိတ်ခင် အားလုံး ခပ်ပြတ်ပြတ် ဖေဖေ လုပ်ချင်တယ်သမီး"

တကယ်တမ်းကျတော့ နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့တဲ့ သော်တာအပေါ် ဦးတိမ်ယံ သံယောဇဉ်တွယ်မိနေလေသည်။ မရက်စက်နိုင်တော့ သမီးအခြင်မှာ မိမိအပေါ် ကြည်လင်စေခိုင်၍လည်း တစ်စုံတစ်ခုကို လုပ်ပြခြင်းသာဖြစ်၏။

"အန်တီသော်တာ့ကို သမီး သံယောဇဉ်တွယ်ငြိနေပါပြီ ဖေဖေရယ်၊ သမီး မရက်စက်နိုင်ပါဘူး၊ ဒီအိမ်ကြီးထဲမှာ မိသားစုတွေ အတူတူနေချင်တယ်၊ သမီးတောင်းပန်ပါတယ်နော် ဖေဖေ"

ဦးတိမ်ယံလည်း သော်တာ့ကို မရက်စက်နိုင်ဘဲ ဖြစ်နေလေသည်။ နှစ်အကြာကြီး ပေါင်းသင်းခဲ့ကြလို့လား၊ သားရင့်သော်တာကိုလည်း မိမိတရင်းတနှီး ဆက်ဆံခဲ့ပေမယ့် သားအရင်းလိုပဲ သဘောထားခဲ့လေသည်။

"ဖေဖေ"





"ဟင်"

"ဝန်းအမွေတွေ ယူချင်လို့လာခဲ့တာ မဟုတ်ပါဘူးနော်၊ ဖေဖေ အချစ်ဆွေမေတ္တာတွေ လိုအပ်နေလို့ပါ"

"ဒါကြောင့် ဖေဖေ့မေတ္တာတွေကို ပေးနေတာပေါ့၊ မြကို သစ္စာမဲ့ပြီး သော်တာနဲ့ လက်ထပ်ခဲ့တာမဟုတ်ဘူးဆိုတာ ဖေဖေ သက်သေပြတာလေ"

"ပေးဖေ့မေတ္တာ စေတနာတွေကို သမီးနားလည်ပါပြီ၊ အန်တီသော်တာတို့ သားအမိကို ဘယ်မှမထွက်သွားစေပါနဲ့နော်"

"ကောင်းပြီလေ သမီးဆန္ဒအတိုင်းပဲ ဖြစ်စေရမယ်၊ ဒါပေမယ့် သမီးမလိုလားတဲ့အခါ အားလုံးကို မောင်းထုတ်နိုင်တယ်နော်"

"ဟုတ်တဲ့ပါ ဖေဖေ"

ရန့်သော်တာရယ် နှင့်ကို ထွက်မသွားစေချင်ပါဘူး။ နှင်က အာမကြီးလွန်းလို့ အခြင်ကတော်ပေမယ့် ဝန်းလေ နှင့်ကို အမြဲတမ်းပြင်တွေ့နေချင်တယ်၊ ဝန်းက စိတ်သဘောထားယုတ်မာ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်တဲ့ မိန်းကလေးမဟုတ်ပါဘူး။ ဝန်း ခြေလှမ်းလေးတွေက အန့်တီသော်တာရှိနေတဲ့ မီးဖိုခန်းဆီ ရောက်လာလေသည်။

"အန့်တီသော်တာ"

"ဟင်…သမီးလေး"

"ဒီအိမ်ကြီးကို မေမေက ပြောင်းပေးပေမယ့် ဝန်းတလက်မခံသေးပါဘူးနော်၊ အန့်တီသော်တာတို့လည်း ဒီကနေ ထွက်မသွားပါနဲ့ဦးနော်"

"ဝန်းရယ်…အန့်တီသော်တာလည်း ထွက်မသွားချင်ပါဘူးကွယ်၊ ဒါပေမယ့် သမီးမေမေရဲ့ဆန္ဒကို အန့်တီသော်တာ ဖြည့်ဆွမ်းပေးရမယ်လေ"

"မေမေ့ကိုလည်း ဝန်း ပြောပြီးပါပြီ၊ သမီးသဘောပဲတဲ့၊ ဒီအိမ်ကြီးထဲမှာပဲ ဆက်နေပေးပါနော်၊ အန့်တီသော်တာ ကျွေးမွေးတဲ့ အစားအသောက်တွေကို ဝန်း အရမ်းနှစ်သက်နေပြီသိလား၊ ဝန်းကို ထားခဲ့ပြီး ဘယ်မှထွက်မသွားပါနဲ့နော်"

"အေးပါကွယ် အန့်တီသော်တာ နေပေးပါ့မယ်၊ သမီး





အဓေ ကျေနပ်မယ်ဆိုရင်ပေါ့"

"အင်း"

မြဝန်းရံလေးက စိတ်သဘောထားပြည့်ဝပြီး ချစ်စရာကောင်းလေသည်။ မသော်တာကတော့ ကိုတိမ်ယံသဘောဆန္ဒအတိုင်းပါပဲ ရှင့်အနားကနေ မသော်တာ ထွက်မသွားချင်ပါဘူး။ ရှင်နဲ့မသော်တာ အတူတူနေထိုင်ကြပြီး ငယ်စဉ်လေးထဲက တိတ်တိုးလေး ချစ်ခင်စွဲလမ်းနေခဲ့ရတာပါ။ ရှင်အသက်ရှင်နေသရွေ့ ရှင်ပေးရာနေပြီး ရှင့်ကို ပြုစုချင်ပါတယ်။

"မြဝန်းရံလေး ဘာစားချင်လဲ၊ အန့်တီသော်တာ လုပ်ပေးမယ်လေ"

"အင်း…ဝန်း အန့်တီသော်တာလုပ်ပေးတဲ့ ဟန်ဘာဂါကို စားချင်တယ်၊ လုပ်ပေးနော်၊ ကော်ဖီပူပူလေးတစ်ခွက်လည်း ဖျော်ပေးပါ"

"အင်း…ခဏစောင့်နော်၊ အန့်တီသော်တာ လုပ်ပေးမယ်"

မြဝန်းရံလေးကို သမီးလေးတစ်ယောက်လို မသော်တာ



www.burmeseclassic.com

www.burmeseclassic.com



ပြုစုပေးချင်ပါတယ်။ ကိုတိမ်ယံ ချစ်မြတ်နိုးတဲ့ သမီးလေးပဲဟာ ပြီးတော့ မသော်တာကြောင့်လည်း ကိုတိမ်ယံ ချစ်သူနဲ့ရော သမီးလေးနဲ့ပါ ဝေးခဲ့ရတာပဲ။

"မြမြရီဆိုတဲ့ မိန်းကလေးနဲ့ အန်တီ လုံးဝသဘောမတူနိုင်ဘူး သော်တာရယ်၊ သမီးနဲ့ပဲ စိတ်ချတာပါ၊ ဟိုဟာမက အန်တီသားရမယ့်အမွေတွေကိုမက်ပြီး အရချိုင်လိုက်တာပါ၊ မျိုးရိုးမရှိ၊ ပညာမတတ်တဲ့ ရုပ်ချောတာပဲရှိတာ၊ အန်တီ စွတ်ပဲခွဲထားတယ်။ သော်တာနဲ့ လက်ထပ်ပေးချင်လို့လေ"

"အဲဒီလိုမလုပ်ပါနဲ့ အန်တီရယ်၊ သော်တာက အပျိုမှ မဟုတ်တာပဲ၊ ကိုတိမ်ယံက အပျိုစင်ဘဝမှာတောင် သော်တာ့ကိုမှ မချစ်တာပဲ"

"ဘာဖြစ်လဲ…သော်တာ၊ အဲဒီဖြစ်ဖြစ် အန်တီသဘောတူတယ်၊ စောင့်ရှောက်ရမယ့်ဝတ္တရားလည်း ရှိတယ်လေ။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်ချင်တယ်"

"မလုပ်သင့်ပါဘူး အန်တီရယ်၊ မြမြရီမှာ ကိုယ်ဝန်နဲ့ပါ၊ သဘောတူလိုက်ပါနော်၊ သော်တာ တောင်းပန်ပါတယ်၊ သော်တာ





တ်ခေါ်ပါရစေနဲ့"

"မရဘူးသော်တာ အန်တီ့ကိုချစ်ရင် နားထောင်စမ်းပါ၊ သားတို့လက်ထပ်ပြီး ဘဝတစ်သက်တာလုံး ပြုစုစောင့်ရှောက်ပေးပါလား၊ သော်တာက မိန်းကလေးပီသတယ်၊ ကံအကြောင်းမလှလို့ အိမ်ထောင်ရေးကံမကောင်းခဲ့ရတာပါ"

အန်တီညို့ အတင်းအဓမ္မ လက်ထပ်ပေး၍ ကိုတိမ်ယံနဲ့ သော်တာတို့ လက်ထပ်ခဲ့ရလေသည်။ အဲဒီနေ့ကစပြီး ကိုတိမ်ယံနဲ့ အမုန်းတွေ၊ အငြိုးအတေးတွေ ငြူစူရန်လိုမှုတွေနှင့် ရင်ဆိုင်ခဲ့ရလေသည်။

"ရော…သမီးလေး အန်တီ့လက်ရာတွေကို ကြိုက်တယ်ဆိုလို့ ဝမ်းသာလိုက်တာကွယ်"

"အရမ်းကြိုက်တာပဲ၊ ဒါကြောင့် ဝန်းအနားကနေ ဘယ်မှထွက်မသွားပါနဲ့လို့ ပြောတာပေါ့"

မသော်တာကတော့ မြဝန်းရံလေးအား သမီးလေး တစ်ယောက်လို ချစ်မြတ်နိုးနေမိလေသည်။ သားရင်းကို ပြုစုပေးသလို အရာရာ လိုက်လံလုပ်ကိုင်ပေးလိုမိ၏။ မသော်တာ မြဝန်းရံ



www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့ အဝတ်အစားတွေကို ကိုယ်တိုင်လျှော်ဖွတ်ပေးခဲ့၏။ မီးပူလေးတိုက်လည်း ကော့မျံနေအောင် တိုက်ပေးသည်။

"အန့်တီသော်တာရယ် ဝန်း အဝတ်တွေကို မလျှော်ပါနဲ့နော်၊ အိမ်မှာ အလုပ်သမားတွေ ရှိနေတာပဲ"

"အိုကွယ်…အန့်တီသော်တာ လုပ်ပေးချင်လို့ပါ၊ မြဝန်းရဲ့လေးက အန့်တို့သမီးလေးလိုပါပဲကွယ်၊ အန့်တီပြုစုလုပ်ကိုင်ပေးပါရစေ"

ကိုတီမ်ယံ သမီးလေးအား ခသော်တာ ချစ်မြတ်နိုးစွာ ကိုယ့်သမီးလေးအရင်းပမာ ပြုစုကျွေးမွေးနေလေသည်။

"အန့်တီသော်တာကြောင့် ကိုတီမ်ယံ စိတ်သောကတွေ ရောက်ခဲ့ရတာပဲ၊ အန့်တီသော်တာ ငယ်စဉ်လေးထဲက ကိုတီမ်ယံ အပေါ် ချစ်ခင်နှစ်သက်ခဲ့ရတာပါ"

"အန့်တီသော်တာမှာ အပြစ်မရှိဘူးလို့ ဝန်း ထင်ပါတယ်၊ ကံကြမ္မာအရပါပဲလေ၊ တစ်နေ့ ဖေဖေသဘောပေါက်လက်ခံလာအောင် ဝန်း ကြိုးစားမယ်၊ ဖေဖေက ထွက်သွားဆိုတိုင်း အန့်တီသော်တာတို့ သားအမိ ထွက်မသွားပါနဲ့နော်"





"ဒါကတော့ ကိုတီမ်ယံခံနှပါပဲကွယ်၊ သူ့မှာချစ်မြတ်နိုးရတဲ့သမီးလေး ရှိလာပြီဆိုတော့ အန့်တီ စိတ်ချလက်ချထွက်သွားနိုင်ပါပြီ"

မေမေဟု ခေါ်ချင်ပေမယ့် အန့်တီသော်တာအား အမေတစ်ယောက်ကဲ့သို့ပင် ဝန်းစိတ်ထဲမှာ ထင်မှတ်လာမိလေသည်။

မေမေ့နေရာ မပေးနိုင်တာပဲရှိတာပါ။ အန့်တီသော်တာ့ကိုတော့ ဝန်း ချစ်ပါတယ် ရန့်သော်တာရယ်။ ဝန်းကို မမုန်းပါနဲ့။ ဖေဖေ ဘာပဲပြောပြော ဝန်းနှလုံးသားတွေထဲမှာ ရန့်သော်တာက နေရာတွေ အပြည့်ယူထားပြီးပါပြီနော်။ ဝန်း ယောကျ်ားလေးတွေနဲ့ ထိတွေ့ပတ်သက်ခဲ့ဖူးတာ ရန့်သော်တာက ပထမဦးဆုံးပါပဲလေ။

"ဝန်း ကျောင်းကိစ္စတွေသွားရမယ်၊ ရန့်သော်တာနဲ့လေ၊ အဝတ်အစားတွေ သွားယဲလိုက်ဦးမယ်နော်"

"အေးကွယ်"

ခေါ်သော်တာကတော့ စိတ်သဘောထား ဖြူစင်တဲ့ မြဝန်းရဲ့လေးအား သမီးလေးအရင်းပမာ ချစ်ခင်မြတ်နိုးစွာဖြင့် လိုလေ



www.burmeseclassic.com

www.burmeseclassic.com



သေးမရှိအောင် ပြုစုပေးချင်သည်။ မြဝန်းရှံရဲ့ ဖိနပ်ဆင်မှာရှိတဲ့ ဖိနပ်လေးတွေ ဖုန်တက်နေ၍ အဝတ်စလေးနှင့် သုတ်ပေးနေမိ၏။

"မေမေ"

"ဟင်…သားရန့်"

"ဒါဘာလုပ်နေတာလဲ"

ရန့်ရဲ့ချက်လုံးတွေက မေမေ ဖုန်သုတ်ပေးနေသော မြဝန်းရှံရဲ့ ဖိနပ်တွေဆီ ရောက်နေလေသည်။ ငါ့အမေကို ဒီလောက်အထိ နှိမ်ချဆက်ဆံရလား မြဝန်းရှံ။ မင်းစီးတဲ့ဖိနပ်အထိ ဖုန်သုတ်ခိုင်းရလားကွ။

"မြဝန်းရှံ ဖိနပ်တွေပါသားရဲ့၊ ဒီကလေးက စိတ်သဘောထား ဖြူစင်လွန်းလို့ မေမေက သမီးအရင်းလေးလိုချစ်တယ်လေ၊ အဲဒါကြောင့် မေမေ့သမီးလေးသဘောနဲ့ လုပ်ပေးနေတာပါ"

"မြဝန်းရှံ ခိုင်းတာလား၊ ဖေဖေ ဦးတိမ်ယံက ခိုင်းတာလား"

"သားရန့် မင်းဘာတွေပြောနေတာလဲ၊ မေမေ့ဘာသာ





လုပ်ပေးတာပါ၊ မိခင်တစ်ယောက်ရဲ့ ဝတ္တရားပါကွယ်၊ မေမေ့ကို ဘယ်သူမှ မခိုင်းပါဘူး"

မဖြစ်နိုင်ပါဘူး မြဝန်းရှံ။ မင်းခိုင်းတာမဟုတ်လား။ ငါ့အမေကာ မင်းဖိနပ်တိုက်ပေးရတဲ့ အခြေအနေ ရောက်သွားပြီလားကွ၊ ရန့် ဒေါသတွေပေါက်ကွဲပြီး မေမေ့အနားကနေ လှည့်ထွက်လာခဲ့လေသည်။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၉]

မြဝန်းရဲ့ မင်းကိုငါ အရမ်းမုန်းတယ်။ ငါတို့ကို ဒီအိမ်ကြီးထဲကနေ မထွက်သွားခိုင်းတာ မင်းခိုင်းစေဖို့မဟုတ်လား။ မင်းက ငါ့အမေကို အခိုင်းအစေသဘောထားနေတယ်။ ရန့်သော်တာရဲ့ မျက်ဝန်းတွေက ဒေါသမီးတောက်ပနေ၏။ မေမေက ဒီအိမ်ကြီးထဲကနေ ထွက်သွားစရာမလိုတော့ဘူးတဲ့။ ဘာကြောင့်လဲ မေမေက ဒီအိမ်ရဲ့ကျွန်လား။ အဲဒီအဖြစ်မျိုးကို ရန့် လုံးဝလက်မခံနိုင်ပါဘူး။

""ဒီကနေ မေမေထွက်မသွားနိုင်ဘူး သားရန့်၊ ဘာဖြစ်လို့လဲဆိုတာ မမေးပါနဲ့၊ ကိုတိမ်ယံတို့သားအမိက မေမေ့ကျေးဇူးရှင်ဖြစ်နေလို့ပဲ""



www.burmeseclassic.com

www.burmeseclassic.com



မေမေ အကြောင်းပြတာပဲ ဦးတိမ်ယံအပေါ် မေမေ ချစ်ခင်နှစ်သက်နေလို့ မဟုတ်လား။ မေမေ့အပေါ် လုံးဝမေတ္တာမရှိဘဲ ညှင်းပန်းနှိပ်စက်နေလာခဲ့တာပဲ။ မေမေ့မှာ ဘာအပြစ်ရှိနေလို့လဲ။

"ကိုတိမ်ယံက သားရန့်ရဲ့ပခေါ်း ဆိုပေမယ့် သားအရင်းလိုပဲထားခဲ့တာပါကွယ်၊ အရောတဝင်မနေတာတစ်ခုပါပဲ"

အတိတ်ကအကြောင်းတွေကို တွေးမိတိုင်း ရန့်နှလုံးသားတွေ နာကျင်ကြေကွဲနေရလေသည်။ ဒေါသတွေပေါက်ကွဲချင်နေ၏။ မြဝန်းရံနှင့်အတူ အခြင်တွက်ရန့်ရှိနေသည်။ ကျောင်းကိစ္စတွေ လုပ်ရမည်။ မင်းက ငါ့မေမေကို ဖိနှိပ်တိုက်ခိုင်းတာလား မြဝန်းရံ။ သူ့ရင်ထဲမှာ ဒေါသတွေနှင့် ပေါက်ကွဲချင်နေသည်။

"ရန့်"

"သွားမယ်"

"နေဦး"

သူကတော့ ခြေလှမ်းတွေ ဆက်ခရပ် ကားဆီရှေ့ဆက်လျှောက်လာခဲ့လေသည်။ ကားပေါ်တက်လိုက်သည်။ မြဝန်းရံက





တိုက်ထဲပြန်ဝင်သွား၏။ မေမေတိုက်ပေးထားတဲ့ ဖိနပ်ကို ကျော့ကျော့လေးစီးထားတဲ့ မြဝန်းရံကို အမြင်ကတ်နေမိသည်။ ရန့်အကြည့်တွေက စူးရှနေ၏။ မီးတောက်မတတ်ပင်။

"ဝန်း ထမင်းဗူးသွားယူခဲ့တော့လေ ရန့်၊ ထမင်းဆိုင်တွေမှာ မစားတတ်လို့ပါ၊ ပြီးတော့ ငါးဖယ်သုပ်ကို ဝန်းကိုယ်တိုင်သုပ်လာတာပါ၊ ရန့်ကို ကျွေးချင်လို့လေ၊ ရန့် စားကြည့်၊ အရမ်းကိုခိုက်သွားမယ်"

ရန့်သော်တာ့ချက်နှာကြီးက တင်းမာနေ၏။ ဝန်း လိုက်လိုက်လျောလျောနှင့် ပြောနေရသည်။ ဝန်း ငယ်ငယ်လေးထဲက ထမင်းဟင်းချက်ပြုတ်တာတွေ သင်ထားရ၏။ မေမေ ဈေးရောင်းထွက်လျှင် ဝန်းလုပ်ရသည်။

"မိန်းကလေးဆိုတာ အိမ်မှုကိစ္စတွေ သင်ထားရမယ်၊ ဝန်း မိန်းမတစ်ယောက်ရဲ့တာဝန် ကျေရမယ်"

ဝန်း မေမေ့လက်ရာအတိုင်း အကောင်းဆုံး အသုပ်မျိုးစုံ ပြုပ်နည်းကို တတ်မြောက်ခဲ့သည်။ ဒီအိမ်ရောက်တော့ ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမလုပ်ရပေ။ အလုပ်သမားတွေနှင့် ဘော်ကျော့နေစေ၏။ ရန့် မျက်လုံးတွေထဲမှာ အမြင်ကတ်အောင်လည်း မနေလိုပေ။

"ရန့်ရော...ဝန်းရော ဆေးတက္ကသိုလ်တက်ရမှာ။ အရမ်းကောင်းတာပဲ၊ အန်တီသော်တာက ပြောတော့ ရန့်က ဆရာဝန်ဖြစ်ချင်တာဆို"

ဝန်းက ဒီလောက် ကြက်တူရွေးတစ်ကောင်လို တတွတ်တွတ်ပြောနေတာတောင် ရန့်က စိမ်းသက်နေ၏။ တုံ့ပြန်ပြောဆိုခြင်း မရှိခဲ့။ ဝန်း တကယ်ပဲ မကျေမနပ်ဖြစ်လာရသည်။ စိတ်ဆိုးချင်လာ၏။ အရွဲ့တိုက်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာပေမယ့် ရန့်နှင့် ပြဿနာ မဖြစ်လို၍ ဝန်းပဲ အလျှော့ပေးခဲ့ရသည်။

"ကျောင်းကိစ္စတွေပြီးရင် ဝန်းတို့ ကားမောင်းသင်ပေးဦးနော်ရန့်"

ရှင် ကျောက်ရုပ်ဖြစ်နေပြီလား။ ဝန်းကို အဖက်မတန်သလို လုပ်စရာလား။ မငြဲသာမရှောင်သာလို့ ဝန်းကို ပြောဆိုဆက်ဆံနေသည်။





"ရှိ"

"မြဝန်းရဲ့...မင်းဘာမှမပြောတဲ့နေတာ အကောင်းဆုံးပဲ"

"ဟွန်း"

"မင်းအတွက် လိုအပ်တာတွေ ငါလုပ်ပေးမယ်"

"မရဘူး...ရှင် ဝန်းကို စကားပြောရမယ်"

ဝန်း အမြင်ကပ်ကပ်နှင့် ခပ်ဆတ်ဆတ်ပြောပစ်လိုက်လေသည်။ ရန့်ကတော့ ကားကိုပဲ ဂရုစိုက်မောင်းနေခဲ့၏။ ကျောက်ရုပ်တစ်ရုပ်လိုပဲ။

"ရန့်သော်တာ နင် ဘာဖြစ်လို့ ဘဝင်မြင့်နေရတာလဲ၊ ပျားအိမ်မှာကပ်နေရတဲ့ဘဝမှာတောင် ဒီလောက်ဘဝင်မြင့်နေတာ ရှင့်ကိုယ်နှင့် ဘာထင်နေလို့လဲ၊ အရမ်းအမြင်ကတ်စရာကောင်းတဲ့ကောင်ပဲ"

ဝန်း စိတ်ထဲမှာ ဒေါသတွေဖြစ်လာသဖြင့် အမြင်ကတ်ကတ်နှင့် ပြောလိုက်မိလေသည်။ နှုတ်ခမ်းလေးတွေက စူထော်ပြူးရ၏။ ရန့်သော်တာကတော့ ဝန်းအား လုံးဝအရေးမစိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



စကားလည်းမပြောပေ။ ဝန်းကို အဖက်မတန်လို့လား ဘာဖြစ်လို့ စကားမပြောချင်ရတာလဲ။ ဟွန်း....ရှင် သက်သက်ဘဝင်မြင့်ရတာပါ။ မေမေကလည်း အန်တီသော်တာနဲ့သာ ရန်လိုမုန်းတီးတာမျိုးတွေ ရှိပေမယ့် ရန်သော်တာကိုတော့ လိုလေသေးမရှိ စောင့်ရှောက်ထားတာပဲ။ ဝန်း အခန်းလိုပဲ ရန်သော်တာ့အခန်းက ခမ်းနား ပြည့်စုံနေသည်။

"ငါ့ဖေဖေက ပတွေးသာဆိုပေမယ့် နှင့်အပေါ်တော့ ကောင်းပါတယ်နော် ရန်သော်တာ၊ နင်က အခြောက်တိုက် ဘဝင် မြင့်နေတာပဲ၊ မုန်းလိုက်တာ"

ရန်ကတော့ မေမေ ဖိနှိပ်တိုက်နေရတဲ့ မြင်ကွင်းကို မေ့ပစ် လို့မရဘဲ မြင်ယောင်နေမိလေသည်။ မြဝန်းရဲ့ မင်းကို ငါဘယ်တော့မှ ခွင့်မလွှတ်ဘူး။ မုန်းတယ်။ နင် သဘောကောင်းချင်ယောင် ဆောင်နေတာပဲ။ အခြောက်တိုက် ဘဝင်မြင့်နေတာကနင်။

"ကားကိုရပ်လိုက်တော့ ရန်သော်တာ၊ နင်မောင်းတဲ့ကား ကို မစီးတော့ဘူး"





ရန် ကားကိုဆက်မောင်းနေမိလေသည်။ မြဝန်းရဲ့ ဘာပဲ ပြောပြော အရေးမစိုက်မိ။ နင့်အမေက ငါ့အမေကို နေ့စဉ် ညှင်းပန်း နှိပ်စက်နေတယ်။ နင်က အစေအပါးတစ်ယောက်လို သဘောထား နေတယ်။ နင့်အပြစ်မဖြစ်အောင် ငါ့မေမေအပေါ် နင်က ဖော်ဖော် ရွေရွေ ဆက်ဆံပြနေတာမဟုတ်လား မြဝန်းရဲ့။

"ရန်သော်တာ ကားကို ရပ်လေ၊ နင်နဲ့ဆက်မသွားတော့ ဘူး၊ နင့်လို အခြောက်တိုက်ဘဝင်မြင့်နေတဲ့ကောင်နဲ့ မပတ်သက် ချင်တော့ဘူး"

သူ ကားကို ရပ်ပစ်လိုက်လေသည်။ ဝန်းကို မကြည့်ရဲ ခံပြင်းစိတ်တွေနှင့် မကျေမနပ်ဖြစ်ရ၏။ ဝန်းကို လှည့်၍ပင်မကြည့် ဘဲ ထိုင်နေလေသည်။ အေးစက်မာကျောတဲ့ မျက်ဝန်းတွေက ရှေ့ တည့်တည့်ကိုပဲ ကြည့်နေ၏။

"တော်ပြီ...ကားမောင်းလည်း မသင်ပေးနဲ့တော့၊ ကျောင်းကိစ္စတွေလည်း လုပ်မပေးနဲ့တော့၊ နင်နဲ့ လုံးဝမပတ်သက် ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမ ကားတံခါးကို ဖွင့်ပြီး ဆင်းလိုက်လေသည်။

"ဆက်ခေါင်းတော့ သွား...ရှင့်ကားကိုလည်း မထီးတော့ဘူး"

"နှင့်သဘောပဲနော် မြဝန်းရဲ၊ သွားပြီ"

"ရန့်သော်တာ နင် လူဆိုးပဲ၊ သိမယ်၊ ဝန်းအကြောင်း နင် ကောင်းကောင်းသိဆေရမယ်"

သူ့ကားလေးက အဝေးသို့ လှစ်ခနဲပြေးထွက်သွားလေသည်။ ဝန်းတစ်ယောက်တည်း ကျန်ခဲ့လေသည်။ ဘယ်လောက် မကျေနပ်စရာကောင်းလဲလို့ ဝန်း ခန္ဓာကိုယ်လေးထဲမှာ အင်အားတွေ ချို့နဲ့သွားသလို ယိုင်ခွေကျသွားချင်မိလာရ၏။

"ဟွန်း...ရန့်သော်တာ ကောင်စုတ်၊ နင် အခြောက်တိုက် ဘဝင်မြင့်နေတာပဲ၊ မုန်းစရာကောင်းလိုက်တာ"

ဝန်း မကျေနပ်နှင့် ကျန်ခဲ့ရင်း သူမ ဘယ်မှမသွားတတ်တာကို သတိရသွားလေသည်။ ဘုရားရေ ဝန်းက ရန့်တုန့်ကိုမှ သိပ်မနှံ့စပ်တာပဲ။





ဘယ်ကိုသွားပြီး ဘာလုပ်ရမှန်းပင် မသိတော့။ အဲဒါမှ ဒုက္ခပါပဲ၊ ရန့်သော်တာ ကောင်စုတ် နင်တော်တော် အကြင်နာတရားမရှိဘူး။ ဖေဖေ့ကိုတိုင်ပြောမယ်။ ဖေဖေ့ကိုတိုင်မယ်။ ကျောင်းကိစ္စတွေ မလုပ်တော့ဘဲ ဝန်း အိမ်ပဲပြန်ရင်ကောင်းမလား။

မဖြစ်သေးပါဘူး။ ရန့်သော်တာ နင့်ကို ဖေဖေ ဆူပူအပြစ်တင်မှာ ငါမလိုလားဘူးဖြစ်နေတယ်။ နင် ငါ့ကိုမုန်းသွားမှာလည်း ငါအရမ်း စိုးရိမ်နေတယ်။ နင့်ဘက်က ဘယ်လောက်ပဲ ရက်စက်နိုင်ပါစေ ငါကတော့ တုံ့ပြန်မရက်စက်နိုင်ဘူး ဖြစ်နေတယ် သိလား။ ဝန်း အငှားကားနှင့် ကျောင်းဝမှာ သွားပြီးစောင့်နေမိလေသည်။ အချိန်အကြာကြီး စောင့်နေရကာ ညနေစောင်းမှ ရန့်သော်တာကားလေး ထွက်လာ၏။ ဝန်း လက်ပြတားမှ ကားကိုရပ်ပေးသည်။

"နင့်ကိုသနားလို့သိလား၊ ငါစောင့်နေတာ"

"မလိုပါဘူး မြဝန်းရဲ၊ သဘောကောင်းချင်ယောင် သိပ်ဆောင်မနေစမ်းပါနဲ့"

"ရန့်သော်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



ဝန်း တစ်နေကုန် ထိုင်စောင့်နေရတာ ဘယ်လောက် ပျင်းရိငြီးငွေ့ပြီး ညောင်းကိုက်နေလဲ။ မတုန့်မလှုပ် အေးစက်စက် မျက်ဝန်းတွေနှင့် အကြည့်တွေက အဝေးဆီသို့သာ ရောက်နေသည်။

"ငါ ဒီအထဲကိုလည်း မဝင်ရဲဘူး။ ဘယ်သွားလို့ ဘယ် လာရမှန်းလည်း မသိဘူး၊ ဒါတောင် အငှားကားသမားက စေတနာ ကောင်းပြီး အသေအချာလိုက်ပို့လို့ သိလား"

ဝန်း မကျေမနပ်နှင့် နှုတ်ခမ်းသားလေးတွေ ရှုံ့ထော်ပြီး ရန့်ထောင်ပစ်လိုက်ပေမယ့် ရန့်သော်တာကတော့ ကျေးဇူးတင်မှာ မဟုတ်ပါဘူး။ အသိအမှတ်လည်း မပြုပေ။ ရှင်ဘာဖြစ်လို့များ ဒီလောက်အထိ ဘဝင်မြင့်နေရတာလဲ ရန့်သော်တာရယ်။ ဝန်းရဲ့ စေတနာမေတ္တာတွေကို အသိအမှတ်ပြုစမ်းပါ။

"ခြဝန်းရံ"

"ဟင်"

"နင့်ကျောင်းကိစ္စတွေ ငါအားလုံးလုပ်ပြီးသွားပြီ။ ငွေ လည်း သွင်းပြီးပြီ၊ ကျောင်းပဲတက်ရမယ်"

❦ ပြီးပြီး - ၈၁၁ ❦



"ကျေးဇူးပါပဲ ရန့်သော်တာ၊ ဝန်း တကယ်ပဲ ရန့်နဲ့ မိတ်ဆွေဖွဲ့ချင်ပါတယ်နော်"

ရန့်ကတော့ ကားကိုပဲ မောင်းနေသည်။ မြဝန်းရံကို ဟန်ဆောင်ကောင်းတဲ့ မိန်းမတစ်ယောက်ဟုပဲ မြင်ယောင်နေမိ၏။

မေမေ့ကို ဖိနှိပ်သုတ်ခိုင်းတဲ့ မြင်ကွင်းအား ရန့် မမေ့ပစ် လို့မရခဲ့။ နင်နဲ့ငါ မိတ်ဆွေတော့ လုံးဝဖြစ်လာနိုင်မှာ မဟုတ်ပါဘူး မြဝန်းရံ။ အကြီးမားဆုံး ရန်သူတွေပဲ ဖြစ်သွားရမယ်။ ငါ့ရင်ထဲက အကြည်းမှုတွေက ထုထည်အစိုင်အခဲတွေ ကြီးမားနေပြီ။

"ရန့်"

"ပြော"

"ဝန်း မနက်ထဲက အခုထိ မနက်စာလည်း မစားရသေး ဘူး"

"နင် ဘာဖြစ်လို့ မစားတာလဲ"

"ရန့်မှမရှိတာ၊ ဝန်းက နှစ်ယောက်အတူတူစားဖို့ ယူလာ တာလေ"

❦ ပြီးပြီး - ၈၁၆ ❦

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နင့်အပြစ်ပဲ၊ အိမ်ရောက်တော့မှာပဲ အိမ်ရောက်တော့ ခင်းစားပေါ့"

"ဝန်း အရမ်းဆိုက်ဆာနေလို့ တစ်ခုခုစားလိုက်ကြရအောင်နော်"

"မင်းဟာခင်း မစားဘဲ နေတာပဲ၊ အိမ်ရောက်မှပဲစားပါ၊ ငါကတော့ မင်းနောက်လိုက်မစားနိုင်ဘူး မြဝန်းရဲ့"

"ဟွန်း"

ကားလေးကပဲ အရှိန်နှုန်းမြင့်မားစွာဖြင့် တဝေါဝေါ မောင်းနှင်နေလေသည်။

ဝန်း နှုတ်ခမ်းလေးတွေ ရူထော်ပြီး မကျေမနပ် ဖြစ်နေရုံကလွဲပြီး ဘာမှမတတ်နိုင်ပေ။

ရန်သော်တာ နှင့် တော်တော် ရက်စက်တဲ့ကောင်ပဲ။ အိမ်ရောက်တဲ့အထိ ကားလေးထဲမှာ တိတ် ဆိတ်နေလေသည်။

ဖွံ့ ဖွံ့ ဖွံ့



## အခန်း [၁၀]

"ငါ့သမီးလေးကို ဖြားယောင်းသွေးဆောင်ပြီး မင်းဘက်ပါအောင်တော့ မလုပ်နဲ့နော် သော်တာ၊ ငါက ငါရှာဖွေသမျှ စည်းစိမ်ဥစ္စာတွေကို ငါ့သမီးလေးတစ်ယောက်တည်း ပိုင်ဆိုင်စေချင်တာကွ"

"သော်တာ ဘာကိုမှ မယူပါဘူး ကိုတိမ်ယံရယ်၊ သ ကလည်း မမက်ပါဘူး။ မြဝန်းရဲ့ဆန္ဒအတိုင်းပဲ နေမှာပါ"

"မင်းက ငါ့သမီးလေးကို သမီးလေးတစ်ယောက်လို ချစ်ခင်မြတ်နိုးတယ်ဆိုတာ ငါမယုံဘူး"

"တကယ်ပါ၊ ကျွန်မ တကယ်ပဲ ကိုတိမ်ယံသမီးလေး



www.burmeseclassic.com

www.burmeseclassic.com



မြဝန်းရံကို ကျွန်မ ချစ်တာပါ၊ စိတ်သဘောထား ဖြူစင်လို့ပါ၊ ကျွန်မပေါ်လည်း လိုလိုလားလားနဲ့ ချစ်ချစ်ခင်ခင် ဆက်ဆံခဲ့တာပဲ မဟုတ်လား"

ကိုတိမ်ယံရယ်…သော်တာ့အပေါ် ရှင်ဘာဖြစ်လို့များ ဒီအချိန်အထိ အမုန်းတရားတွေ ကြီးမားပြီး ရန်လိုနေရသေးတာလဲ။ ကိုတိမ်ယံအပေါ် သော်တာ ငယ်စဉ်လေးထဲက သံယောဇဉ်တွယ်ခဲ့ရတာပါနော်။ ကိုတိမ်ယံ လက်ထပ်သွားပြီး သော်တာ လက်ထပ်ဖို့ ရွေးချယ်လိုက်သူက ကိုတိမ်ယံနဲ့ နာမည်တူတဲ့သူပါ။ ကိုနိုးယံလေ၊ ကိုတိမ်ယံနဲ့ ပတ်သက်လာရင် အမြဲတမ်း ရှုံးသွပ်နေခဲ့သူပါနော်။

"ကိုတိမ်ယံ"

"ပြော"

"ရှင့်အတွက် သော်တာ ညနေစာစီစဉ်ပေးထားပါတယ်။ ပြင်ဆင်လိုက်တော့မယ်နော်"

"မင်းက ဘာဖြစ်လို့ စီစဉ်ရတာလဲ၊ မင်းကို ဘယ်သူက စီစဉ်ခိုင်းထားလို့လဲ၊ ငါ့အတွက် ဘာမှလုပ်ပေးထားစရာ မလိုဘူးလို့





ပြောထားပြီးပြီပဲ"

"သော်တာ့ကို ဒီအခွင့်အရေးလေးတစ်ခုပဲ ပေးပါနော်၊ ရှင့်အနားမှာ သော်တာရှိနေသရွေ့ လင်ယောကျ်ားတစ်ယောက်အနေ နဲ့ ပြုစုစောင့်ရှောက်ပါရစေ"

"မလိုဘူးလို့ ငါမင်းကို ဘယ်နှစ်ခါပြောထားရမလဲ၊ တော်ပါတော့ကွာ မင်း ငါ့အနားမှာရှိနေသရွေ့ မြအပေါ် ငါ သစ္စာ ပျက်တယ်ဆိုတာ တွေးမိပြီး ငါ့စိတ်တွေ ပိုပြီးချောက်ချားကြေကွဲရ တယ်ကွ၊ ငါဘယ်တော့မှ စိတ်တွေဖြေဖျောက်နိုင်မှာ မဟုတ်ဘူး သော်တာ၊ မင်းကို ငါ့အနားမှာ မလိုလားဘူးကွာ၊ မင်းကို ငါပြော ထားချင်တာက ငါ့ဆီကနေ ဘာမှမျှော်လင့်မထားဖို့ပဲ သော်တာ"

"သော်တာ သိပါတယ်၊ ဒါပေမယ့် သော်တာ့ကို ဒီ ခွင့် အရေးလေးပဲပေးပါ ကိုတိမ်ယံ အနားကနေ မထွက်သွားခင်လေးပါ နော်"

"မရဘူးကွာ၊ မရဘူး၊ မင်း ငါ့အနားမှာရှိနေတာ ငါ မလိုလားဆုံးပဲ သော်တာ၊ မင်းတစ်သက်လုံး တွယ်ကပ်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com



လား၊ မေမေလည်းဆုံးသွားပြီ မင်းကတိတွေတည်စရာ မလိုတော့ဘူး”

ကိုတိမ်ယံအနားကနေ သော်တာ ထွက်မသွားချင်ပါဘူး။ ဘယ်လိုဘဝမျိုးပဲ နေရပါစေ သော်တာ နေချင်ပါဘူး။ မေမေ့ကို ပေးထားတဲ့ကတိထက် ကိုယ်တိုင်မိယံအပေါ် စနိုးမထားကောင်း၊ တစ်ယောက်အဖြစ် သော်တာ ပြုစုယုယပေးနေချင်တာပါ။

“မင်းကိစ္စမရှိတော့ဘူး သော်တာ၊ သွားနိုင်ပြီ၊ မင်းသားကိုလည်း ငါ့သမီးလေးကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါစေနဲ့၊ အရင်က ငါသည်းခံခဲ့ပေမယ့် သမီးလေးကိုထိရင်တော့ ငါလုံးဝသည်းမခံဘူး”

မသော်တာအပေါ် မိမိ မချစ်ခင်မနှစ်သက်ခဲ့ပေမယ့် သားရန်အပေါ် တာဝန်ကျေခဲ့လေသည်။ ချစ်ချစ်ခင်ခင် တယုတယတော့ မနေခဲ့ပေ။ မိမိသမီးအရင်းနှင့် မသော်တာကြောင့် ထေကွာနေခဲ့ရတာပဲမဟုတ်လား။ မြအပေါ် သစ္စာခဲ့ရမည့်အလုပ်တွေကို ယနေ့အထိ မိမိရှောင်ရှားနေခဲ့သည်။ မိမိ ဘယ်လိုပဲ ညှင်းပန်းနှိပ်စက်ပါစေ





သော်တာ့ဘက်မှ နိမ့်ချစွာနေထိုင်ခဲ့လေသည်။ ဘာအခွင့်အရေးမှ မယူ။ သော်တာ့အပေါ် သံယောဇဉ်မတွယ်မိအောင်ပဲ နေထိုင်ခဲ့၏။

“မင်းထွက်သွားတော့ သော်တာ၊ အကြောင်းမရှိ အကြောင်းရှာပြီး ငါ့အိမ်ခန်းထဲ ဝင်မလာနဲ့”

“သော်တာက ကိုတိမ်ယံ စားသောက်ရေးတွေ အဆင်ပြေမှာ စိတ်ပူပြီး”

“တော်စမ်းကွာ…အပိုတွေလာလုပ်မနေနဲ့၊ ငါ့ဇနီးမြ ဘယ်လိုအခက်အခဲတွေနဲ့ ဘဝကို ရင်ဆိုင်သွားရလဲ၊ အဲဒါ မင်းကြောင့် သော်တာ၊ မင်းဘက်က ငြင်းဆန်လိုက်ရင် ရသားနဲ့ မင်းလက်ထပ်တာ”

မသော်တာကတော့ ကိုတိမ်ယံအား ဖြေရှင်းမနေလိုပေ။ ငြင်းဆန်ခဲ့ပါတယ်။ မရခဲ့ပေ။ ယောက္ခမကြီးက ဖွတ်အတင်း လက်ထပ်ခဲ့စေသည်။ ရှင့်ကို သော်တာ ဘယ်လိုရှင်းပြပါစေ မှုန်းတီးနာကြည်းနေမှာပါပဲလေ။

“မင်းထွက်သွားစမ်းပါ သော်တာ၊ မင်းအနားမှာရှိနေရင်



www.burmeseclassic.com

www.burmeseclassic.com



ငါဒေါသတွေ ထိန်းလို့မရတော့ဘူး၊ ပေါက်ကွဲချင်တယ်ကွ"

"ရှန်း"

"ခိုင်း"

မိမိကိုတွေ့တိုင်း ဒေါသတွေပေါက်ကွဲတတ်သော ကိုတိပ်ယံ အခန်းမှ မသော်တာ ပြေးထွက်လာခဲ့မိလေသည်။

"မေမေ"

"ဟင်"

သားရန်အား ဖော့ကြည့်လိုက်မိတဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေနှင့် ပြည့်ဝဲနေ၏။

"သားရန် မေမေ့ကို"

ဆက်မပြောနိုင်အောင် အသံတွေက တုန်ရီလှိုက်ခါနေလေသည်။

"သားရန် ပြန်လာပြီလား၊ ကျောင်းကိစ္စတွေရော အဆင်ပြေရဲ့လားဟင်"

မေမေ ဦးတိမ်ယံရဲ့ အော်ဟစ်ဆူပူကြိမ်းမောင်းသံတွေကို





ရန် ကြားလိုက်ရသည်။ မကြာခဏ ကြားနေရ၍ မဆန်းတော့။ မေမေ့မျက်ဝန်းတွေထဲမှာ အမြဲတမ်း မျက်ရည်တွေ ပြည့်နေတတ်တာလည်း ရန် ငယ်စဉ်လေးထဲမှ တွေ့နေရသည်။

"မြဝန်းရံလေးရော သား သေသေချာချာလုပ်ပေးခဲ့တယ် မဟုတ်လား၊ မြဝန်းရံလေးကရော ကျေနပ်ရဲ့လား"

"ဟုတ်ကဲ့"

"သားရန် ရေချိုးလိုက်နော်၊ မေမေ ထမင်းပွဲပြင်ပေးမယ်၊ ဒီညနေစာ မေမေကိုယ်တိုင် ချက်ထားတာပါ"

မေမေဦးတိမ်ယံကို မေမေ ချက်ပြုတ်ထားတဲ့ ညစာကို ကျွေးဖို့ မေမေသွားပြောတာ မဟုတ်လား။ ဟိုက ငြင်းဆန်ရုံမက ဘဲ မောင်းထုတ်နေတာမဟုတ်လား မေမေ။ အဲဒီလိုအဖြစ်အပျက်မျိုးတွေကို သားရန် မြင်တွေ့နေရတာ ရင်ထဲမှာ နာကျင်နေတယ်။ မမြင်မတွေ့ချင်တော့ပါဘူးဗျာ။

"သွား...သားရန် မေမေ ထမင်းပွဲပြင်ပြီး အခန်းထဲ ယူလာခဲ့မယ်၊ ကိုယ်လက်သန့်စင်ထားတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့"

ရန် ထွက်လာခဲ့လေသည်။ မေမေ အောက်ထပ်သို့ ဆင်းသွား၏။

ဖေဖေ ဦးတိမ်ယံက မေမေ့အပေါ် ရက်စက်လွန်းသည်ဟု ထင်မိလေသည်။ သူ့အိပ်ခန်းထဲရောက်တဲ့အထိ ရန့်စိတ်တွေ မရှင်ပျ။ ဒီလိုနေ့ရှိုးတွေက သူ့အတွက် မဆန်းတော့။ ထွက်သွားချင်ပါတယ်။ မေမေ့ကြောင့် မေမေ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေနှင့် ပြည့်နှက်နေတာ ရန် မဖြစ်ချင်ပေ။

"ငေးထွက်သွားစမ်းပါ သော်တာ၊ မင်းအနားမှာရှိနေရင် ငါ့ဒေါသတွေ ပေါက်ကွဲတယ်"

"ရှန်း"

"ခိုင်း"

သူ့ခေါင်းတွေကို ခပ်သွက်သွက် ခါယမ်းပစ်လိုက်မိလေသည်။ မကြားချင်ပါဘူးဆိုမှ အမြဲတမ်း ကြားနေရလေသည်။ စိတ်တွေကို ထိန်းချုပ်ပြီး ရေချိုးခန်းထဲဝင်လိုက်၏။ တစ်လောက





လုံးကို မကျေနပ်ဘူး။ ရန် ဖေဖေအား မေမေ အကောင်းမမြင်ပေမယ့် ဖေဖေဦးတိမ်ယံအပေါ်တော့ မေမေ အမြဲတမ်း အကောင်းမြင်သည်။ မေမေ့ဘက်မှ ပြသနေတဲ့ ချစ်ခြင်းမေတ္တာတွေကို ဘာဖြစ်လို့များ အသိအမှတ်မပြုချင်ရတာလဲဗျာ။

"အား"

ရန်တစ်ယောက်တည်း ရူးသွပ်စွာ အော်ပစ်လိုက်မိသည်။

"အား"

"အား"

"အား"

ရင်ထဲမှာ နာကျင်နေသည်။ မြဝန်းရဲ့ မင်းက ငါ့ကို မုန်းချင်တယ်မဟုတ်လား။ ကောင်းတယ်၊ မင်း ဒီလိုဖြစ်နေတဲ့ပုံစံ ငါ့ဒေါသတော့အကျဆုံးပဲ။ ငါ့မေမေ ခံစားရသလို မင်းလည်း ခံစားရမယ် မြဝန်းရဲ့။

"ရန့်ကို ခင်ခင်ချင်တယ်၊ အဆင်ပြေပြေနေချင်ပါတယ်၊ ဘာမကျေနပ်နေရတာလဲ ပြောစမ်းပါ၊ ဝန်းကိုပြောပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



မြဝန်းရုံစကားတွေကို တွေးမိပြီး ရန့်နုတ်ခမ်းတွေ တွန့်

ပြုံးသွားရလေသည်။ သူရေချိုးပြီး အဝတ်အစားတွေ လဲကာ အဆ

သင့်ဖြစ်နေတဲ့အထိ မေမေ ရောက်မလာသေးပေ။

ရန့်က ထမင်းစားခန်းထဲမှာ မစားဘဲ ကိုယ့်အခန်းထဲကို

ယူစားခဲ့တာ ကြာပြီ။ မေမေပဲ လာပို့တတ်သည်။ အခုထိ မေ

ဘာဖြစ်လို့ မလာသေးတာလဲ။

မနက်က မြဝန်းရုံနှင့် ပြဿနာတွေတက်ပြီး မနက်

မစားခဲ့ရ။ လက်ဖက်ရည်နှင့် မုန့်သာ စားခဲ့ရ၏။

ဆာသလိုလိုဖြစ် နေသည်။ သူစောင့်ရင်း မေ

တက်မလာ၍ အောက်ထပ်ဆင်းကာ မီးဖိုခန်းထဲမှာပဲ စားမေ

မည်ဟု ဆုံးဖြတ်လိုက်ပြီး ဆင်းလာခဲ့သည်။ မီးဖိုခန်းထဲရော

တော့ မေမေက မြဝန်းရုံဘေးမှနေရပ်ပြီး ယပ်တောင်ခတ်ပေးနေ

"သမီးလေးမြဝန်းရုံ စားနော်၊ ကောင်းရဲ့လားကွ

အန်တီသော်တာ ချက်တာ ကောင်းရဲ့လား"

"အရမ်းကောင်းတာပဲ၊ မေမေတောင် ဝန်းကို အ





တာယုတာယ မကျွေးမွေးခဲ့ပါဘူး။ အခု ဝန်း အရမ်းစိတ်ချမ်းသာတာ

ပဲ"

"အခုလိုကြားရတာ အန်တီသော်တာ အရမ်းပျော်ရွှင်ရတာ

ပဲ၊ အမြဲတမ်း ဒီလိုပဲ ချက်ကျွေးမယ်နော်"

"အင်း"

"စား…သမီးလေး စား"

မေမေ ဘာဖြစ်လို့များ မြဝန်းရုံအပေါ် ဒီလောက်အထိ

အောက်ကျို့နေရတာလဲ။ ဖေဖေဦးတိမ်ယံအပေါ် မေမေ သံယောဇဉ်

တွယ်ငြိနေပြီဆိုတာ ရန့် သိနေသည်။

မြဝန်းရုံ ငါ့အမေက မင်းရဲ့ အစေအပါးလား။ မင်း

ဒီလိုပဲ သဘောထားနေတာပါ။ မီးဖိုခန်းထဲ မဝင်တော့ဘဲ

လှည့်ထွက်လာခဲ့မိလေသည်။

ပြုံး ပြုံး ပြုံး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၁]

"သားရန့်အတွက် ထမင်းပွဲပြင်ပေးဖို့ နောက်ကျသွားတယ်ကွယ်၊ မြဝန်းရုံလေးက စားတော့မယ်ဆိုလို့လေ"

တော်တော်လေး နောက်ကျမှ မေမေ ထမင်းပွဲပြင်ပြီး ဝင်လာသည်။ သူ ဆာလွန်း၍ ကော်ဖီနှင့်မုန့်ပင် စားထား၏။

"သားရန့်"

"မေမေ"

"ဆာနေပြီလား၊ မြဝန်းရုံလေးက ပြောတယ်၊ မနက်စာ ပြီးပြီးမစားရသေးဘူးဆို၊ မေမေ မေ့သွားတာပါ၊ မြဝန်းရုံလေး ကတီပေးလို့"



www.burmeseclassic.com

www.burmeseclassic.com



“မေမေ”

“ဟင်”

“ဒီလောက်အထိ မြဝန်းရုံအပေါ် သည်းသည်းလှုပ် ဖြစ်မနေပါနဲ့”

“ဘယ်လိုပြောလိုက်တာလဲ သားရန့်ရယ်၊ ကိုတိမ်ယံနဲ့ မြဝန်းရုံလေးအပေါ် စိတ်နဲ့တောင် မပြစ်မှားသင့်ဘူး၊ မေမေတို့ အစွမ်းကုန်ဖြည့်ရမယ်လေ”

“မေမေ့အစား သားစိတ်မောလို့ပါ၊ ပြီးတော့ မေမေ့ကို သနားသနားတယ်၊ သား အရွယ်ရောက်နေပါပြီ၊ မေမေ့ကို ရှာဖွေ ကျွေးမွေးနိုင်ပါတယ်၊ သား ကြိုးစားမှာပါမေမေ”

“မဖြစ်ဘူး”

“ဖေဖေဦးတိမ်ယံက မေမေ့ကိုမှ မနှစ်သက်တာပဲ၊ ဒီအိမ် ထဲကနေ ထွက်သွားရအောင်နော်”

“မသွားပါနဲ့ သားရယ်၊ မြဝန်းရုံလေးကလည်း မသွား စေချင်ဘူး၊ မေမေတို့ရှိနေစေချင်လို့ အခွေတွေတောင် လက်မခံတာ





ပါ”

မြဝန်းရုံက သဘောကောင်းချင်ယောင် ဆောင်နေတာပါ ပယမေ။ ပေါ့ကြည့်စမ်းပါနဲ့ မြဝန်းရုံက မေမေ့ကို အစေအပါး တစ်ယောက်လိုပဲ သဘောထားတာ။

“ရန့် ဒီမှာမနေချင်တော့ပါဘူး။ ရှက်တယ်၊ ဖေဖေ ဦးတိမ် ယံရဲ့ အထောက်အပံ့ကို ဆက်ပြီးမယူသင့်တော့ပါဘူး”

“သားရန့်”

“မေမေ”

“မင်းစကားတွေက သူစိမ်းဆန်လွန်းတယ်၊ ဖေဖေ ဦးတိမ် ယံလို့ မခေါ်ပါနဲ့တော့၊ ဖေဖေလို့ပဲ ခေါ်ပါလားကွယ်”

မေမေ့ကိုရော မြဝန်းရုံက မေမေလို့ ခေါ်လို့လား။ ဖိနပ် တွေတောင် တိုက်ခိုင်းတယ်မဟုတ်လား။ မေမေ့ကို အစေအပါး ပျန်တစ်ယောက်လိုပဲ သဘောထားတာပါ။

“ဖေဖေဦးတိမ်ယံအပေါ် မေမေ နှစ်ပေါင်းများစွာ ပေးဆပ် ပြီးပြီပဲ၊ တော်လောက်ပါပြီဗျ၊ ရန့်တို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်နိုင်အောင် ကြိုးစားကြမယ်"

"မဖြစ်ဘူး သားရန်၊ ကိုတိမ်ယံက မေမေတို့ကို မောင်းမထုတ်ပါဘူး၊ မြဝန်းရံလေးကလည်း မေမေ့ကို သံယောဇဉ်တွယ်နေပါတယ်"

သားရန်ရယ် မေမေ့ကို ဒီအိမ်ကြီးထဲကနေ ထွက်သွားဖို့ မပြောပါနဲ့နော်။ ကိုတိမ်ယံအနားကနေ မေမေ ထွက်မသွားပါရစေနဲ့။ ကိုတိမ်ယံဆီက တိမ်းညွတ်ယိမ်းယိုင်လာမယ့် နေ့တစ်နေ့ကို မေမေ စောင့်မျှော်နေချင်တယ်။ ဘယ်လိုဘဝမျိုးနဲ့ဖြစ်ဖြစ်ပါစေ။

"မေမေ"

"သားရန်"

"အနှိမ်ခံဘဝနဲ့"

"တော်တော့သားရန်၊ မိသားစုတွေပဲ အနှိမ်ခံဘဝ မဟုတ်ပါဘူး၊ မေမေ ပေးဆပ်ရမှာတွေ အများကြီးပဲ၊ သားရန် ဆရာဝန်ဖြစ်အောင်ပဲ ကြိုးစားပါ၊ အဲဒါ မေမေ့ရဲ့မျှော်လင့်ချင်ပဲ"

"မေမေ့မျှော်လင့်ချက်တွေကို မပျက်စေရပါဘူး၊ ရန်





ကြိုးစားမှာပါ၊ မေမေ့ကို ဒီလိုဘဝမျိုးနဲ့"

"ဘယ်လိုအကြောင်းမျိုးနဲ့မှ ဒီအိမ်ကနေ မေမေ ထွက်မသွားချင်ဘူး၊ ကိုတိမ်ယံနဲ့ မြဝန်းရံလေးက မောင်းမထုတ်မချင်းပေါ့"

"မေမေ မြဝန်းရံရဲ့ ဖိနပ်တွေကိုတိုက်မပေးပါနဲ့"

"အဲဒါ မေမေ့ဆန္ဒပါ သားရယ်၊ ကိုယ့်သမီးလေး တစ်ယောက်လိုပဲ သဘောထားပြီး တိုက်ပေးတာပါ၊ မြဝန်းရံလေးက မတိုက်ခိုင်းပါဘူး"

မြဝန်းရံက တိုက်ခိုင်းရင်လည်း မေမေက ဖုံးကွယ်ထားမှာပဲမဟုတ်လား။ မြဝန်းရံက ခိုင်းတာပါ။ စကားကို ပျော့ပျော့လေးပြောပြီး မေမေ့ကို အစေအပါးလိုပဲ သဘောထားနေတာပါ။ ဒီအိမ်ကြီးထဲကနေ မေမေ မထွက်သွားချင်ဘူးဆိုတာ ရန်သိပါတယ်။

"ထမင်းလာစားစမ်း သားရန်၊ တခြားဘာမှ ပြောမနေစမ်းနဲ့၊ ဒီကနေထွက်သွားဖို့စကား နောက်ထပ်မပြောနဲ့တော့၊ မေမေတို့သားအမိရဲ့ စေတနာမေတ္တာတွေကို နားလည်လာတဲ့အထိပေါ့"

မေမေ့ကို ရန် ဘယ်လိုမှပြောဖျရမှာ မဟုတ်တော့။ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ဦးတိမ်ယံဆီက ချစ်ခြင်းမေတ္တာတွေကို မမေ ဘယ်လိုရှည်းနဲ့မှ မရနိုင်ပါဘူးဗျာ။ ရန့်ရင်ထဲမှာ မွန်းကြပ်နေရသည်။

"သားရန် စားလေ"

"အင်း"

မေမေ့ကိုလည်း ရန် ဆန့်ကျင်ခြင်းမပြုလိုပေ။ မေမေ စိတ်ဆင်းရဲမှာ စိုးရိမ်မိသည်။ မေမေ့ကို ဘာမှမပြောလိုတော့။

"သားရန်ရယ်...မေမေပြောတဲ့စကားတွေကို လက်ခံပါ၊ အားလုံးနဲ့ သင့်မြတ်အောင်ပေါင်းပါ၊ မေမေ့ကိုချစ်တယ်မဟုတ်လား"

"မေမေ့ကို ရန် သနားတယ်ဗျာ၊ အသက်ကြီးပါပြီ မေမေ အနားယူသင့်တယ်လေ၊ ရန်က အရွယ်ရောက်နေတဲ့သားပဲ"

"မလိုပါဘူး သားရန်ရယ်၊ သား ဆရာဝန်တစ်ယောက် ဖြစ်သွားဖို့ပဲ၊ အဲဒါ မေမေ့ကိုချစ်ရာ သနားရာ ရောက်တာပဲ၊ မေမေ့ ဆန္ဒတွေကို ဖြည့်စွမ်းပေးတာလေ"

ဖေဖေဦးတိမ်ယံက အရွယ်ရောက်နေပြီဖြစ်တဲ့ ရန့်အား





ကုမ္ပဏီလုပ်ငန်းတွေမှာ သွန်သင်လုပ်ကိုင်စေခြင်း မပြုခဲ့။ ရန့်ကို ပြစ်ပယ်ထားသည်။

ရန့်အား လိုလေသေးမရှိ ထောက်ပံ့ခဲ့ပေမယ့် စီးပွားရေး လုပ်ငန်းတွေမှာ လမ်းမပြခဲ့ပေ။ ရန့်ကို သားအရင်းတစ်ယောက်လို မသတ်မှတ်ခဲ့လို့ပဲ။

"သားရန်ရယ် လိမ္မာစမ်းပါ၊ မြဝန်းရံအပေါ် ရန်မလိုပါနဲ့ကွယ်၊ စိတ်သဘောထားပြည့်ဝရှာသူလေးပါ"

မေမေက မြဝန်းရံအပေါ် အောက်ကျို့ဆက်ဆံရန် တတွတ်တွတ် မှာကြားနေတတ်သည်။ ရန် မကြိုက်ဆုံးပဲ။ ဖေဖေ ဦးတိမ်ယံ နှင့် ပတ်သက်တာတွေအားလုံး မေမေ ကျိုးနွံချင်နေ၏။ သူ ညစာ စားပြီး၍ မေမေက သိမ်းသွားသည်။

"သားရန် အိပ်တော့နော်၊ ဘာမှမစဉ်းစားပါနဲ့ကွယ်၊ မေမေက ဒီဘဝလေးကိုပဲ ကြိုက်နှစ်သက်နေတာပါ"

မေမေ ထွက်သွားသည်။ ရန့်ရင်ထဲမှာ ဒေါသတွေ ပေါက်ကွဲကျန်ခဲ့၏။ ဦးတိမ်ယံက မေမေ ချစ်ခြင်းမေတ္တာတွေကို ဥပေက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ပြုနေတာကိုလည်း မကျေနပ်မိ။ မြဝန်းရံကလည်း မေမေ့အား အစေအပါးတစ်ယောက်လို ဆက်ဆံနေသည်။

ညသည် တိတ်ဆိတ်ငြိမ်သက်နေပေမယ့် ရန် အိပ်မရ။ မျက်ဝန်းတွေက ကြောင်နေ၏။ မြဝန်းရံအား သူစိတ်ထဲမှာ ခုန်းတီးနေမိ၏။ မေမေ့ကို ပြစ်ပယ်ထားပြီး ရက်စက်တဲ့ ဖေဖေဦးဘိမ်ထံကိုလည်း ရန် မကျေနပ်မိ။ အိပ်မပျော်ဘဲ ခြံထဲဆင်းလာခဲ့သည်။ မေမေ့အတွက် စိတ်ထိခိုက်ကြေကွဲရှာပိုင်း ခြံထဲဆင်းပြီး ရန် ငိုကြွေးနေကြပါ။ ဒန်းပေါ်မှာ ရန်ထိုင်မိသည်။ ရင်ထဲမှာ ကြေကွဲထိခိုက်နေပေမယ့် ရန် ငယ်စဉ်ကလို တသိမ့်သိမ့် ရှိုက်ငင်ငိုကြွေးမနေမိတော့။ အေးစက်စက်ညကို ပူပူလောင်လောင် ခံစားမိသလိုပင်။

"ရန်သော်တာ"

"ဟင်...မြဝန်းရံ"

"အပြင်မှာ အရမ်းအေးတယ်နော်"

"မြဝန်းရံ အိမ်ထဲပြန်ဝင်ပါ၊ ငါတစ်ယောက်တည်း နေချင်လို့ပါ"





မြဝန်းရံအား မောင်းထုတ်ပစ်ချင်မိပေမယ့် ရန် ပိုင်ဆိုင်တဲ့နေရာမဟုတ်ပေ။ မြဝန်းရံ ရောက်လာတာကို ရန် လုံးဝမနှစ်သက်ပါပေ။

"အပြင်မှာ အရမ်းအေးနေတယ်လို့ပြောနေတယ် မဟုတ်လား၊ ဝင်ရမယ် ရန်သော်တာလည်း အိမ်ထဲဝင်ရမယ်၊ ဒီမှာမနေရဘူး"

"ငါမဝင်ချင်ဘူး၊ နင်နဲ့ဘာဆိုင်လို့ လာပြီးအမိန့်ပေးနေရတာလဲ မြဝန်းရံ"

ရန့်အသံတွေက နည်းနည်းတော့ တင်းမာသွားရလေသည်။ မေမေက မြဝန်းရံနှင့် အဆင်ပြေအောင်ပြောဆိုဆက်ဆံဖို့ မှာနေတတ်၏။

"ဟုတ်တယ်...အမိန့်ပေးနေတာပဲ၊ ရန်သော်တာ ပြန်ဝင်ပါ၊ မဝင်ရင် မြဝန်းရံလည်း ဒီမှာထိုင်နေမှာပဲ"

အေးစိမ့်နေတဲ့ ခြံကြီးထဲမှာ ရန် ထိုင်နေတာကို ဝန်းက ဘယ်အဆိုင် စိတ်ပူပင်နေမိလေသည်။ ဝန်းစိတ်တွေကို တင်းထား



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ရန့် အအေးပတ်ပြီး ဖျားနာတော့မှာပဲဟု စိတ်ပူငင်သောတ တွေ ဝင်လာသည်။

သွားပြီးမပြောပါဘူး။ ငါနဲ့ဘာဆိုင်လို့လဲလို့ စိတ်ကိုတင်း ထားသော်လည်း မရပေ။ ဝန်း ဒေါက်ဝန်ကာန်နှင့် ထွက်လာခဲ့သည်၊

"နင်အထဲပြန်ဝင်ပါ မြဝန်းရဲ့ ငါ့ကိုလာပြီး ပြဿနာရှာ စမ်းပါနဲ့ဟာ၊ နင် ဝင်သွားစမ်းပါ"

"မဝင်ဘူး"

"ဒုက္ခပါပဲ"

"နင်လည်းဝင်လေ၊ ခြံကြီးထဲမှာ ထိုင်နေတော့ရော နင့် အတွက် ဘာအကျိုးရှိမှာလဲ"

"ငါထိုင်နေကျပဲ၊ ငါ ငယ်ငယ်လေးထဲက ဒီခြံကြီးထဲ ထွက်ထိုင်နေကျပဲ မြဝန်းရဲ့၊ နင်ဝင်တော့"

"မဝင်ဘူး"

မြဝန်းရဲ့က သူ့အနားမှာ မတ်တတ်ရပ်ပြီး ခပ်ပေပေလေး ရပ်နေသည်။ နေပေါ့ မြဝန်းရဲ့။ မင်းသဘောပဲ။ ငါကတော့ မင်း၊





ဘာပဲဖြစ်ဖြစ် ဂရုစိုက်မှာမဟုတ်ဘူးနော်။ ရန့် ဆက်ပြီးထိုင်နေခဲ့ သည်။

"ရန့်သော်တာ နင် သိပ်ပြီးခေါင်းမာတာပဲ၊ နင်ထမရင် ငါကအဲ့ထွေပစ်မှာနော်"

ပြောပြောဆိုဆိုနှင့် မြဝန်းရဲ့က သူ့လက်ကို မထင်မှတ်ဘဲ ဆတ်ခနဲဆွဲလိုက်သည်။ သူကလည်း ဆတ်ခနဲ ရုန်းပစ်လိုက်လေ သည်။

"အို"

"အမေ့"

"ဟင်"

သူ့အနားမှာ မတ်တတ်ရပ်အနေအထားမှ ဟန်ချက်လွဲပြီး မြဝန်းရဲ့ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲ လဲပြိုကျလာတော့သည်။

"အမလေး"

သူလည်း ရုတ်တရက် ကြောင်သွားပြီး မြဝန်းရဲ့ကိုယ်လုံး လေးအား သိမ်းကျုံးပွေ့ဖက်ထားမိလေသည်။ အိစက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးလေး သူ့ရင်ခွင်ထဲ အရောက်တွင် ရန့်စိတ်ကူးတွေက တစ်မျိုးပြောင်းလဲသွား၏။

"ရန်သော်တာ လွှတ်လေ၊ ဘာလုပ်တာလဲ၊ လွှတ်ပါ"

မြဝန်းရံက ရုန်းဖယ်နေပေမယ့် သူ့လက်ဆွဲက ပြေလျော့သွားခြင်းမရှိတော့ပေ။ ခန္ဓာကိုယ်အိအိလေးအား သူ့လက်မောင်းတွေက စပါးကြီးမြွေတစ်ကောင်လို ရစ်ပတ်ပွေ့ဖက်ထားမိသည်။ ညက အေးစက်နေ၏။ ရန့် ရင်ထဲမှာ မီးတောက်တွေ တောက်နေသည်။

မြဝန်းရံ့ မင်းက သားကောင်ပဲ။ ငါက မုဆိုးလေ။

ဿ ဿ ဿ



အခန်း [၁၃]

ရန့်ကို ဘယ်လိုပဲပြောဆိုစွပ်စွဲနေကြပါစေ အရေးစိုက်မှာမဟုတ်တော့။ ကျေးဇူးကန်းတဲ့သူလား။ စိတ်ယုတ်မာကောက်ကျစ်တဲ့ကောင်လား။ အကြံပတ်စက်တဲ့လူလား။ လက်စားချေချင်တာလား။ ရန့် ဘာမှမစဉ်းစားချင်။ ကံကြမ္မာက ဖန်တီးလိုက်တာပဲလေ။ သူ့ဘက်က စတင်တာမဟုတ်။ မြဝန်းရံက သူ့ထောင်ချောက်ထဲ တိုးဝင်တာပဲ။

"ငါ မင်းကိုမချစ်ဘူး၊ မုန်းတီးနေတာပဲ မြဝန်းရံ၊ ဒါပေမယ့် မိန်းမတစ်ယောက်ရဲ့ နှလုံးသားထဲက နာကျင်မှုတွေကို မင်းအဖေ ဦးတိမ်ယံ သိစေချင်တာကွ"



www.burmeseclassic.com

www.burmeseclassic.com



မြဝန်းရုံသည် သူ့ရင်ခွင်ထဲမှာ လွန့်လွန့်လေး ဖြစ်နေသေးသည်။ မျက်နှာလှလှလေးပေါ်မှာ ရန် မျက်နှာက အပ်ထား၏၊ နှုတ်ခမ်းလေးကို နမ်းလိုက်စဉ် ရန့်ရင်ထဲမှာ ခါးသီးနာကျင်သွားရသည်။ မြဝန်းရုံကို ချစ်ဟန်ဆောင်ပြီး အရယူရန် ကြိုးစားချင်လာ၏။ မေမေ့ခံစားချက်တွေကို မြဝန်းရုံရော ဖေဖေဦးတိမ်ယံရော နားလည်စေချင်ပါတယ်။

"ရန် ဘာလုပ်တာလဲ၊ လွှတ်စမ်းပါ။ ဝန်း ကြောက်တယ်၊ အဲဒီလိုမလုပ်ပါနဲ့"

ဝန်း ထိတ်ထိတ်ပြာပြာနှင့် ရန့်သော်တာရဲ့ ရင်ခွင်ထဲ၌ ရုန်းဖယ်ပစ်နေမိလေသည်။ ရုန်းမရ၊ ဖယ်မရ ရှင်ဘာဖြစ်နေတာလဲ ရန့်သော်တာ။ ဝန်းကိုချစ်တယ်လို့လည်း မပြောဘူး။ ရုတ်တရက်ကြီး ဝန်း မျက်နှာလေးပေါ် အနမ်းမိုးတွေ ရွာနေသည်၊ ဘာကြောင့်လဲ ဝန်းစိတ်တွေ ပူလာရ၏။

ဝန်းကိုလွှတ်ပါဦး ရန့်ရယ်၊ အိမ်ထဲကလူတွေ မြင်သွားလိမ့်မယ်၊ ဟို...ဟိုလေ ဝန်း ဝန်း ကြောက်တယ်၊ တော်ပြီ ဝန်း





အိမ်ထဲဝင်တော့မယ်"

ဝန်း စကားတွေကို ဗလုံးဗထွေး ပြောနေမိသည်။ ငြင်းပယ်၍မရ၊ ရုန်းကန်၍မရ။ ရန့်သော်တာဆိုတဲ့ ရှင့်ကို ဝန်း မြင်မြင်ချင်းပဲ စိတ်ဝင်စားပြီး သံယောဇဉ်တွယ်မိသွားရတာပါနော်။

"ရန့်ရယ်...ရန့်သော်တာရယ်၊ ရှင် အရမ်းဆိုးသွမ်းတာပဲ၊ ဝန်းဘယ်လိုငြင်းဆန်ရမှာလဲ၊ အင်အားတွေတောင် မရှိတော့ပါဘူး ရန့်ရယ်"

ဝန်းရဲ့ နှုတ်ခမ်းနီထွေးထွေးလေးတွေက ထိုစကားလေးတွေကို တိုးတိုးလျှလျှလေး ပြောနေမိသည်။ မရုန်းတော့။ ဝန်းမှာ အင်အားမှမရှိတော့တာပဲ။ ဝန်းနှလုံးသား ခံစားချက်တွေက ရန့်သော်တာရဲ့ ယုယကြင်နာမှုတွေအောက်မှာ နစ်မျောသွားရသည်။

အေးစက်စက်ညသည် ဝန်းအတွက်တော့ ပူနွေးလိုက်ခါနေသည်။ ရန့်အား ဘယ်လိုမှ ငြင်းဆန်နိုင်စွမ်းမရှိတော့ မောပန်းနွမ်းလျှစွာ ဝန်း ယိုင်နဲ့နေသည်။

"ရန့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျွန်မတို့ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲဟင်၊ မထင်မှတ်တဲ့အထိအတွေ့ကြောင့်လား။ ရှင် ကျွန်မကို ချစ်တယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူးနော်"

ဝန်း မျက်နှာပေါ်မှာ အုပ်မိုးနေတဲ့ ရန့်မျက်ဝန်းလေးတွေကို မော့ကြည့်ရင်း တိုးလျှစွာ မေးမိလေသည်။ အဲဒါက ဝန်းနှလုံးသားတွေထဲမှာ အလိုအလျောက် သိနေတဲ့ သံသယပဲ။ ဟုတ်ပါတယ်။ ရန်က ဝန်းကို နှလုံးသားထဲကနေ ချစ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။

"ရန်"

"ဝန်း"

"ဝန်းကိုချစ်လား"

ရန်ကမဖြေဘဲ ဝန်းကိုယ်လုံးလေးနှင့် ပူးကပ်နေရာမှ ခွာပစ်လိုက်သည်။ ဝန်း ထိတ်ထိတ်ပြာပြာနှင့် မော့ကြည့်မိ၏။

"ရန် ဖြေလေ၊ ဘာဖြစ်လို့ မဖြေရတာလဲ၊ ဝန်းကိုချစ်





လားလို့"

"ဝင်ကြမယ်"

"ရန်"

"အပြင်မှာဆက်နေလို့ မဖြစ်တော့ဘူး မြဝန်းရဲ၊ လူကြီးတွေ တွေ့သွားရင် မကောင်းပါဘူး၊ ဝင်ကြမယ်"

"ဟင့်အင်း"

"စောစောက မြဝန်းရဲ့ပဲ တို့ကိုဝင်စေချင်တာမဟုတ်လား၊ ခါတိုင်းဝင်လို့ အမိန့်ပေးတာလေ၊ တို့မဝင်လျှင် မြဝန်းရဲလည်း မဝင်ဘူးဆို၊ အခု တို့ဝင်တော့မယ်၊ မြဝန်းရဲလည်းဝင်ပါ"

"မဝင်သေးဘူး၊ ရန့်ဆီက သဲသဲကွဲကွဲ အဖြေတစ်ခုကို သိချင်တယ်၊ ကျွန်မကိုချစ်လား"

"မေတရီးပဲ"

"ရန်သေဘ်တာ"

"တို့မှားသွားတယ်၊ အထိအတွေ့တစ်ခုကြောင့်ပါ၊ မထင်မှတ်ဘဲ တို့စိတ်တွေ လွှတ်ထွက်သွားလို့ပါ မြဝန်းရဲ၊ တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ အနူးအညွတ်ပဲ ဝင်တော့မယ်"

ရန့်သော်တာကတော့ မြဝန်းရံအား လှည့်မကြည့်တော့ဘဲ အိမ်ထဲဝင်လာခဲ့လေသည်။ မြဝန်းရံက ခြံထဲမှာပဲ ရပ်ကျန်ခဲ့တယ်ဆိုတာ သူသိနေ၏။ အခုမှပဲ ရန့်သော်တာ စားဝင်အိပ်ပျော်ဖြစ်သွားရတယ် မြဝန်းရံ။ မင်းက အတွေ့ကြုံမရှိတဲ့ မိန်းကလေးဆိုတော့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲ ဝင်တာ ပထမဆုံမဟုတ်လား။ မင်းပါးပြင်နုနုလေးကို နမ်းခဲ့တဲ့ ယောကျ်ားက ရန့်သော်တာပဲ မဟုတ်လား။

"ရန့် ဖြေစမ်းပါ၊ ကျွန်မကိုချစ်လား၊ ရှင့်နှလုံးသားထဲက ချစ်တာလား"

အခန်းထဲရောက်တဲ့အထိ မြဝန်းရံရဲ့ အသံတုန်တုန်ရီရီလေးက ပြေးကပ်လိုက်ပါလာလေသည်။ သူအိပ်ရာပေါ် ပြစ်လှဲချလိုက်၏။ နှုတ်ခမ်းသားတွေ မဲ့ပြုံးနေသည်။

"မင်းကို ငါမချစ်ဘူး၊ မုန်းတယ်၊ အရမ်းမုန်းတယ်၊ ငါ့အမေက မင်းရဲ့အစေအပါးလား၊ မင်း ရှိသေလေးစားရမယ့်





ယောကျ်ားလေးဆိုတာ ကွဲကွဲပြားပြားသိစေရမယ် မြဝန်းရံ"

ရန့်သော်တာကတော့ စိတ်လက်ပေါ့ပါးစွာပင် အိပ်ပျော်သွားလေသည်။ မြဝန်းရံကတော့ ရန့်သော်တာရဲ့ လုပ်ရပ်ကြောင့် ဂေဇာမငြိမ်းနိုင်ပြီး အိပ်လို့မရဘဲ ဖြစ်နေသည်။

"ရန့်သော်တာ ရှင် ကျွန်မကို မချစ်ဘူးမဟုတ်လား၊ ဘာကြောင့် ကျွန်မချစ်တယ်လို့ ပြောတာမဟုတ်လား"

ဝန်း ရှုံ့သွပ်စွာဖြင့် မိုးတောင်းကင်ကြီးအထိ ထိုးဖောက်သွားအောင် အော်ဟာစ်ပစ်ချင်လာမိသည်။ ရန့်သော်တာ ရှင်ဘာလုပ်တာလဲ။ ကျွန်မကို ဘာဖြစ်လို့ နမ်းရတာလဲ။ ကျွန်မယောကျ်ားလေးတစ်ယောက်နဲ့ ဘယ်တုန်းကမှ ပူးပူးကပ်ကပ် ရင်းရင်းနှီးနှီး နေဖူးဘူး။ ရှင်က ကျွန်မချစ်သူပဲ။ ကျွန်မလက်ထပ်မယ့် ယောကျ်ား။ ကျွန်မပါးပြင်ကို နမ်းရှိုက်ဖူးတဲ့ ယောကျ်ားနဲ့ ကျွန်မ လက်ထပ်မယ့်ယောကျ်ား တစ်ယောက်တည်းဖြစ်စေရမယ်။ အဲဒါ ကျွန်မ ငယ်ငယ်လေးထဲက ဆုံးဖြတ်ချက်ချထားတာ။

"ဝန်း အိပ်လို့မရဘူး၊ ဝန်းကို မချစ်ဘူးလား၊ ချစ်လား



www.burmeseclassic.com

www.burmeseclassic.com



ဖြေစမ်းပါ၊ ရှင်ဖြေလေ”

ရန့်သော်တာဆိုတဲ့ လူတစ်ယောက်အပေါ် မြင်ခြင်းချင်းပဲ ဝန်း နှစ်သက်မြတ်နိုးနေရပါပြီ။

“အနိုတိသော်တာရဲ့ ချစ်ခြင်းမေတ္တာတွေကို ဥပေက္ခာပြု ထားခဲ့တဲ့ ဖေဖေ့အတွက် ဝန်းက ပေးဆပ်ရတော့မှာလားဟင်”

ခြဝန်းရဲ့ နှလုံးသားတွေ တဆတ်ဆတ်တုန်ရီလှိုက်ခါပြီး ရန့်သော်တာရဲ့ အနမ်းတွေကို မေ့ပစ်လို့မရ ဖြစ်နေရသည်။ အမှတ်တရ ဖြစ်နေရ၏။ ရင်ထဲမှာ တသိမ့်သိမ့်တုန်ခါနေသည်။ ရှင့်ရင်ခွင်ထဲကိုမှ ကျွန်မ ဘာဖြစ်လို့များ လဲပြိုကျသွားရတာလဲဟင်။ အေးစက်နေတဲ့ အပြင်မှာ ရှင်ထိုင်နေတာကို ကျွန်မ ဘာဖြစ်လို့များ နေလို့မရအောင် စိုးရိမ်ပူပန်နေရတာလဲ။

“ရန့်သော်တာ…ရှင်ဘာဖြစ်လို့ ကျွန်မနှလုံးသားတွေကို မဝေမဲ့မြင် လုပ်ခဲ့ရတာလဲ။ ဒီညချမ်းရဲ့ အနမ်းပုံပြင်လေးက ဒီမှာပဲ ပြီးဆုံးသွားပြီလားဟင်”

မိန်းကလေးဖြစ်နေ၍ ရင်ထဲမှာ ဖြစ်ပျက်ခံစားနေရတာတွေ





ကို ပေါ်ပေါ်ထင်ထင် ထုတ်ဖော်ပြောဆိုခွင့် မရှိရတာလဲဟင်။ ဝန်း အိပ်စက်လို့မရသဖြင့် ထလိုက်ပြီး မှန်ရှေ့မှာရပ်လိုက်သည်။

“ဝန်း ဘယ်လောက်ချောမောလှပလဲ၊ ရန့် ကြည့်ပါဦး၊ ရှင် ဘာဖြစ်လို့ ဥပေက္ခာပြုချင်ရတာလဲ၊ ဖေဖေ့ကြောင့်လား၊ ရှင့်စိတ်တွေ နာကြည်းနေတာမဟုတ်လား”

ယောကျ်ားလေးတွေနှင့် ထိတွေ့မှုမရှိသော ဝန်းလိုမိန်းကလေးက ရန့်သော်တာလို ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကိုမှ ပြိုလဲကျခဲ့ရသည်။ ဝန်း စိတ်တွေ တဒိတ်ဒိတ်ခုန်နေရ၏။ ရန့်သော်တာရဲ့ အနမ်းတွေကို မေ့ပစ်လို့မရနိုင်ဘဲ ဖြစ်နေသည်။ ညဉ့်အတော်လေးနက်သွားမှ ဝန်း အိပ်ပျော်သွားသည်။

“ဝန်း…သမီးလေး အိပ်လှချည်လားကွာ၊ ဘာဖြစ်လို့လဲ နေမကောင်းဘူးလားဟင်”

ဝန်း အသံလေးအား လာရောက်ထိတွေ့သဖြင့် ဝန်း မျက်ဝန်းလေး ဖျတ်ခနဲ ပွင့်သွားရသည်။ သူမအနားမှာ ရပ်နေသူကို ရန့်ဝင်ပြီး ရင်တုန်လှိုက်မောစွာ ကြည့်လိုက်မိတော့မှ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

"ဟင်…ဖေဖေ"

"သမီးလေး ဘာဖြစ်နေလို့လဲ၊ နေမကောင်းဘူးလား၊ သမီး ဒီအချိန်အထိ မအိပ်ဖူးပါဘူး၊ မနိုးသေးဘူးဆိုလို့ ဖေဖေ ဝင်နှိုးတာပါ"

"ဟုတ်တယ် ဖေဖေ၊ ဝန်း ဘာမှမဖြစ်ပါဘူး၊ အိပ်တာ နောက်ကျသွားလို့"

"ထတော့ သမီးလေး၊ မနက်စာစားရအောင် ဖေဖေ စောင့်နေမယ်၊ မျက်နှာသစ်ပြီးရင် စားသောက်ခန်းထဲလာခဲ့နော်"

"ဖေဖေ"

"ပြော"

"သမီး တစ်ခုလောက်တောင်းဆိုချင်တယ်၊ ဖေဖေ လိုက် လျောမလားဟင်"

ဖေဖေ့လက်မောင်းတွေကို ဖက်တွယ်ပြီး ပြောလိုက်သဖြင့် ချစ်မြတ်နိုးမှုတွေ ပြည့်ဝနေသော ဖေဖေ့မျက်နှာပေါ်မှာ အပြုံးတွေ





ဝင်းလက်သွားရလေသည်။

"တောင်းဆိုပါသမီးရာ…တစ်ခုမကပါဘူး၊ အခုပေါင်း မြောက်မြားစွာ သမီးလေးတောင်းဆိုဖို့ပါ၊ ဖေဖေ ဖြည့်စွမ်းပေးမှာ ပေါ့"

"ဒါဆို သမီးတို့မိသားစုဝင်တွေအားလုံး ထမင်းပွဲလေးမှာ ပျော်ပျော်ရွှင်ရွှင် စုံစုံညီညီနဲ့ စားသောက်ချင်လို့ပါ"

"ဟင်"

ဦးတိမ်ယံ နည်းနည်းတော့ အထိတ်တလန့်ဖြစ်သွားရလေ သည်။ မိသားစု စုံစုံညီညီတဲ့။ သမီး ဘာကိုတောင်းဆိုသည်ဆိုတာ ဦးတိမ်ယံ သိ၏။ မသော်တာတို့ သားအမိနှင့် ဘယ်တုန်းကမှ ထမင်း လက်ဆုံမစားခဲ့ဘူးလေ။ မျက်နှာချင်းပင် မဆိုင်ခဲ့။ မေမေ ဆုံးသွားပြီး ပို၍ပင် စိမ်းကားစွာနေထိုင်ခဲ့သည်။

"အန်တီသော်တာရယ်…ရန့်သော်တာရယ်၊ ဖေဖေရယ် ဝန်းရယ်လေ၊ မိသားစု ပျော်ရွှင်ချင်တယ်၊ တရင်းတနှီး စားသောက် ချင်တယ်၊ အန်တီသော်တာက ဖေဖေ့အတွက် အလိုအပ်ဆုံးမိန်းမပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ အသက်ကြီးပြီလေ၊ အညှိုးအတေးတွေ အဆုံးသတ်သင့်ပါပြီ ဖေဖေရယ်''

''ကောင်းပြီလေ ဖေဖေ့အချစ်ဆုံးသမီးလေးက တောင်းဆိုတာပဲ၊ ဖေဖေ ဖြည့်စွမ်းပေးမယ်''

''ဒါမှ ဝန်းဖေဖေကွ၊ ဝမ်းသာလိုက်တာ၊ အန်တီသော်တာကိုပြောပြီး အားလုံးစုစည်းလိုက်မယ်နော်''

ဝန်း ဝမ်းသာပျော်ရွှင်လွန်း၍ ခုန်ဆွဆွလေးပင် ဖြစ်သွားရသည်။ ဖေဖေရဲ့ ပြောင်းလဲလာမှုက ရန့်သော်တာအား ကျေနပ်စေမည်။ အပျော်တွေဝင်ပြီး ခုန်ပေါက်မတတ်စိတ်တွေ လှုပ်ရှားတက်ကြွလာရလေသည်။

❀ ❀ ❀



## အခန်း [၁၅]

''သားရန့်''

''ဗျာ...မေမေ''

''ဒီမနက်စာကို မေမေတို့မိသားစုဝင်တွေအားလုံး ဆုံပြီးအတူတူ ပျော်ပျော်ရွှင်ရွှင် စားသောက်ရမယ်တဲ့''

''ဒီအစီအစဉ်ကို ဘယ်သူစီစဉ်တာလဲ မေမေ၊ မြဝန်းရဲ့ပဲဟုတ်လား''

''ဟုတ်တယ် သားရန့်၊ ဝန်းလေးက စီစဉ်တာပဲ၊ မိသားစုဝင်တွေ ပထမဆုံးအကြိမ် ထမင်းစားပွဲလေးပေါ့ကွယ်၊ ဒါ ဖြစ်သင့်ပါတယ်၊ ကျက်သရေမင်္ဂလာ ပြည့်စုံပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ရေမွှေးမျက်ဝန်းတွေထဲမှာ မျှော်လင့်ခြင်းရောင်ခြည်တွေနှင့် လင်းလက်နေလေသည်။ ပထမဆုံး မိသားစုထမင်းပွဲတဲ့။ မေမေနှင့် ဦးတိမ်ယံ လက်ထပ်ပြီးထဲက မျက်နှာချင်းဆိုင်ပြီး အတူတူ ထမင်းလက်ဆုံ စားသောက်ဖူးခဲ့တာမျိုး မရှိခဲ့။

"သားရန်"

"ဗျာ"

"မင်းလည်း လာစားပါ၊ ဒီတစ်ခါတော့ မငြင်းဆန်လိုက်ပါနဲ့ကွယ်၊ သမီးလေး မြဝန်းရံရဲ့ ဆန္ဒဖြစ်နေလို့ပါ၊ သား လိုက်လျော သင့်ပါတယ်၊ ကိုတိမ်ယံရဲ့ ကျေးဇူးတွေရှိသေးတယ်၊ သားရန် ငယ်ငယ်လေးထဲက ဘာမှလိုလေသေးမရှိခဲ့ဘူးလေ၊ သားရန် အတွက်ဆို ဘာတစ်ခုမှ မငြိုငြင်ခဲ့ပါဘူး"

ဦးတိမ်ယံဆီက အဲဒီလောက်အထိ မျှော်လင့်ချက်တွေ မေမေ မထားသင့်ပါဘူးဗျာ။ မြဝန်းရံ နှင်က ငါနဲ့မျက်နှာချင်းဆိုင်ဖို့ ကြိုးစားတာပဲမဟုတ်လား။ ရန်သော်တာ ဆင်ထားတဲ့အကွက်ထဲ မင်းဝင်လာတာပဲ။ ပေါက်ကြိုးလေးတွေနဲ့ အထိအတွေ့ လုံးဝ





မရှိခဲ့တဲ့ မြဝန်းရံ၊ မင်း ငါ့အနမ်းတွေကို စွဲလမ်းနှစ်သက်သွားပြီပဲ။ သဘောကျစွာဖြင့် ရယ်မောပစ်လိုက်ချင်မိသည်။

"သားရန့်ရယ် ကိုတိမ်ယံကတောင် အလျှော့ပေးလိုက်လျှောလာခဲ့ပြီပဲ၊ မေမေတို့မိသားစု စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင်လေး ဖြစ်ပြီးနေကြရအောင်နော်"

မေမေ အရမ်းကျေနပ်ပျော်ရွှင်နေလေသည်။ ဦးတိမ်ယံအား မေမေ ငယ်စဉ်လေးထဲက ချစ်ခင်နှစ်သက်လာခဲ့သည်ထင်၏။

"ရန့်လာမှာပါ မေမေ၊ စိတ်ချပါ၊ မေမေ့အတွက် ဘယ်သူ့ကိုမှ မဆန့်ကျင်ပါဘူး"

"သားရန့်ရယ်"

မေမေက သူ့ကို ဝမ်းပန်းတသာ ပွေ့ဖက်နမ်းရှိုက်သည်။ ရန့်နှလုံးသားတွေထဲမှာ နာကျင်နေရ၏။ ဒီအခွင့်အရေးလေးအတွက် မေမေ အရမ်းကိုတက်ကြွပျော်ရွှင်နေသည်။

"ခဏနေရင် သားရန် ဆင်းလာခဲ့တော့နော်၊ စားသောက်ဆောင်ထဲမှာ ဆုံကြမယ်၊ မေမေက စားသောက်စရာတွေပြင်ဆင်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ချက်ပြုတ်ပြင်ဆင်ပေးတဲ့ ထမင်းဝိုင်းကို ဖေဖေ ဦးတိမ်ယံ ဘယ်တော့မှ မစားသောက်ခဲ့ပေ။ မေမေက ခေါင်းဆိုလျှင်လည်း ဒေါသတွေ ပေါက်ကွဲရပြီး မြင်တွေ့သမျှ ပေါက်ခွဲပစ်လေသည်။

"မေမေ စိတ်ချပါရစေနော် သားရန်၊ မိသားစုတွေ ပထမဆုံး မိတ်ဆုံစားပွဲလေးမှို့ သားရန်မျက်နှာက ကြည်ကြည်လင်လင် ပျော်ပျော်ရွှင်ရွှင်လေး နေစမ်းပါ"

"စိတ်ချပါ မေမေ၊ အားလုံးနဲ့ အဆင်ပြေအောင် နေပြပါ့မယ်"

"လိမ္မာလိုက်တဲ့ သားရန်လေးရယ်"

ရန့်ပါးလေးအား အမြတ်တနိုး ဆွဲလိမ်ပြီး မေမေ ပြန်ထွက်သွားသည်။ ရန့်နှုတ်ခမ်းသားတွေပေါ်မှာ ပြုံးသောင်တွေ သန်းနေ၏။ မြဝန်းရံကို ဖွဲ့ဆောင်ရမယ်။ ခင်း ငါ့ကို အရှုံးအမှုး စွဲလမ်းနေစေရမယ်။ မင်းနဲ့ပတ်သက်တဲ့ အရာအားလုံး ငါ့ခြေဖဝါးအောက်က မြူမှုန်လေးဖြစ်စေရမယ်။





အဝတ်အစားလဲပြီး မနက်စာစားရန် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ မီးဖိုခန်းထဲရောက်တော့ မေမေက အဝတ်အစားသေသေသပ်သပ် ဝတ်ဆင်ကာ မနက်စာအတွက် ပြင်ဆင်နေလေသည်။ မေမေသည် ချောမောခန့်ညားပြီး ကျက်သရေရှိလွန်းနေ၏။ ဓိတ်သဘောဝတားလည်း ဖြူစင်သည်။ ဇနီးမယားဝတ္တရားလည်း ကျေပြွန်ခဲ့၏။ ဖေဖေ ဦးတိမ်ယံ မတရားနှိပ်စက်ခဲ့တာပဲ။ မိဘစကားကွကို နားထောင်ပြီး မေမေ့ကို လက်ထပ်ခဲ့သည်။ မိသားစုပြိုကွဲအောင် မေမေတစ်ယောက်တည်း တရားခံလား။

"သားရန် လာလေ"

ထမင်းစားခန်းထဲမှာ မေမေနဲ့ရန်ပဲ ရှိနေသေးသည်။

"သား ခဏလေးနော်၊ ကိုတိမ်ယံနဲ့ မြဝန်းရံလေးကို သွားခေါ်ဦးမယ်"

"မေမေ"

"ဟင်"

"ပင်ပန်းပါတယ်ဗျာ၊ သူတို့လာပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူး၊ မေမေက လာအကြောင်းကြားမယ် လို့ ပြောထားတာ"

မေမေထွက်သွားသည်။ ဖေဖေ ဦးတိမ်ယံနှင့် မြဝန်းရံတို့ ကိန်းခန်းကြီးပုံကို အမြင်ကတတ်လာမိ၏။ မေမေဟာ တကာယ့်ကို အစေအပါးပဲ။ ရန့်ရင်ထဲမှာ နာကျင်စူးရှတဲ့ ဝေဒနာတစ်ခု တိုးဝင် လာသည်။ အံသွားတွေကို တင်းကြပ်စွာ ဖိကြိတ်ထားမိ၏။ ခဏ ကြာတော့ မေမေ ပြန်ရောက်လာသည်။

"လာကြတော့မယ် သားရန့်၊ ဒီလိုနေ့မှာ ရယ်ရယ်မော မော ပြုံးပြုံးရွှင်ရွှင်နဲ့ ခင်းသာယူရမယ်၊ အမှတ်တရနေ့လေးပဲလေ"

ရန့်ကတော့ ထမင်းစားပွဲမှာ ငင်ထိုင်နေလိုက်လေသည်၊ စားသောက်စရာတွေက မွှယ်မွှယ်ရာရာနှင့် ခေမေ ဘယ်လောက် အထိများ ဂရုတစိုက် စီစဉ်ထားလဲ။ အတော်လေးကြာတဲ့အပေါ် ထွက်မလာကြသေးပေ။

"သား အပြင်မှာပဲ စားတော့မယ်မေမေ"

"မလုပ်ပါနဲ့ သားရန့်ရယ်၊ မိသားစု စည်းဝေးညီညွတ်





စေမယ့် ပွဲလေးပါ၊ သားရန့်ဘက်က မဖျက်ပါနဲ့"

သူတို့ ဘာဖြစ်လို့ မလာကြသေးတာလဲ။ ဒီမိသားစုတွေ့ ဆုံပွဲကို မေမေစီစဉ်တာလား။ အကြာကြီးနေမှ ဖေဖေဦးတိမ်ယံ ရောက်လာသည်။ မြဝန်းရံက ရောက်မလာသေး။

"သမီးရေ"

ဖေဖေ ဦးတိမ်ယံ အံသံကဲ မာဆတ်နေသည်။ မျက်နှာ ဖြူကာ တင်းနေ၏။ မေမေနှင့် မလွဲသာမရှောင်သာဆုံတိုင်း ထိုကဲ့ သို့ပဲ တင်းမာနေတတ်လေသည်။

"မြဝန်းရံလေး ဘာဖြစ်လို့ မလာသေးတာလဲ၊ သော်တာ သွားခေါ်လိုက်ဦးမယ်"

"ခေါ်ချိုကို သွားခေါ်ခိုင်းလိုက်ပါ၊ ထိုင်နေ"

ရန့်ကတော့ ထမင်းစားပွဲကနေ ထွက်သွားချင်လေသည်။ မြဲတမ်းပဲ မိသားစုကို ရှောင်ရှားနေခဲ့၏။ အခန်းထဲမှာပဲ အချိန် တွေကို ကုန်ဆုံးစေခဲ့သည်။ ဖေဖေဦးတိမ်ယံက ရန့်အတွက် လိုအပ် မျှ အကောင်းဆုံး ဖြေရှင်းပေးခဲ့ပေမယ့် တရင်းတနှီး စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိခဲ့။

"ဒီထမင်းစားပွဲကို သမီးစီစဉ်ပြီး ဘာဖြစ်လို့မလာသေးရ တာလဲ"

"မချိုသွားခေါ်လိုက်ပါ့မယ် အစ်ကိုကြီး"

မေမေကတော့ ပြုံးရွှင်နေတဲ့မျက်နှာနှင့် ပြာယာခတ်နေ သည်။ ရန် ဝိုင်နေ၏။ ဖေဖေက ရန့်ကို စတင်နှုတ်ဆက်ဖို့ မျက်နှာနှင့် အရိပ်အကဲပြနေသည်။

"ဖေဖေ"

"ပြော"

"နေကောင်းရဲ့လား"

"အေး"

"အလုပ်ကိစ္စတွေရှိလို့ ကားမောင်းခိုင်းချင်ရင် ရန့်ကိုပြော ပါ၊ ဖေဖေအသက်ကြီးနေပြီ၊ အပင်ပန်းမခံပါနဲ့နော်"

"ရတယ် မလိုဘူး"

ရန့်ဝတ္တရားကျေပြီပဲ။ ဖေဖေဦးတိမ်ယံက အေးစက်မာထ





နေသည်။ မေမေက ကျိုးနွံသလောက် ဖေဖေ ဦးတိမ်ယံက အရေး ပင်မလုပ်။ အကြာကြီးနေမှ မြဝန်းရဲ့ ရောက်လာလေသည်။

"လူစုံနေပြီလား၊ ဝန်း နည်းနည်းနောက်ကျသွားတယ်၊ တောင်းပန်ပါတယ်နော်"

ဝန်း အခုကတောင်းပန်စကားတွေ ပြောချင်တာက ရန့်ပဲ လေ။ ရှင်နဲ့တွေ့ဆုံဖို့ ဝန်း ဘယ်လောက်အထိ ရင်ခုန်နေရလဲသိလား။ ပန်းအပြင်ထွက်ဖို့အရေး အလှအပတွေပြင်လို့မပြီးနိုင်။ စိတ်တိုင်း ကမကျ။ ရန့်မျက်စိထဲမှာ စွဲဆောင်နိုင်မယ့် ဒီဇိုင်းကို ရွေးနေရတာ ပါ။

"ကဲ…လူစုံပြီ၊ စားကြတော့"

"ဖေဖေ"

"ပြော…သမီး"

"မျက်နှာကြီး တင်းမာမထားပါနဲ့နော်၊ အားလုံး ရယ်ရယ် မောမောနဲ့ စားသောက်ကြမယ်နော်"

ရန်သော်တာကလည်း မော့မကြည့်။ ရှင်မသိချင်ယောင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေတာလား။ အန်တီသော်တာကပဲ ပြုံးရွှင်နေသည်။

"အန်တီသော်တာ မေဖေ့ကို ဟင်းထည့်ပေးလေ"

"မလိုဘူးသမီး ဖေဖေမကြိုက်ဘူး"

ဖေဖေ့စကားကြောင့် ဝန်း မျက်နှာတွေ ပျသွားရလေသည်။ အန်တီသော်တာ့ကိုလည်း အားနာသွားရ၏။

"ရပါတယ် သမီးလေးရယ်၊ ကဲ စားကြပါ၊ မီသားစု တွေဆုံတဲ့ ထမင်းပွဲလေးက အမှတ်တရပါ"

"ဖေဖေ ဒီလိုထမင်းလက်ဆုံစားတာ သမီးလေးဆန္ဒကြောင့်နော်၊ သမီးလေးကို ဖေဖေ ဘယ်လောက်ထိ ချစ်မြတ်နိုးကြောင်း သက်သေပြတာ၊ မသော်တာ မင်း ဒီအခွင့်အရေးကို ခုတုံးမလုပ်ပါနဲ့၊ ငါ ဘယ်တော့မှ မင်းနဲ့ မျက်နှာချင်းဆိုင် ပြုံးပျော်ရွှင်မနေချင်ဘူး၊ မင်းနေရာ မင်းနေပါ"

"ကိုတိမ်ယံကို သော်တာ နားလည်ပါတယ်၊ ဒါလည်း ဖြစ်သင့်ပါတယ်လေ၊ ကဲ စားကြတော့"

မေမေက လေပြည်အေးအေးနှင့် ဖာဖာထေးထေး





ပြောလိုက်တာ ခြင်းပေမယ့် ရန့်နှလုံးသားထဲကိုတော့ သံပူရည်နှင့် လောင်းချလိုက်သလို ပူပြင်းလောင်မြိုက်သွားရလေသည်။ ဒီလို အဖြစ်အပျက်တွေက ရန့်ငယ်စဉ်လေးထဲက တွေ့ကြုံနေကျမို့ မဆန်း ပေမယ့် မြဲဝန်းရဲ့လို ရှယ်တူမိန်းကလေးတစ်ယောက်ရှေ့မှာတော့ အကြည်ခံပြင်းစရာပင်။ ရန့်ခန္ဓာကိုယ်မှာ ရှိနေတဲ့သွေးတွေ ဆူပွက်သွားရပြီး တူထူပူပူကြီးလည်း ဖြစ်သွားရသည်။ မေမေ့အပေါ် ဒီလောက်အထိ မရက်စက်သင့်ဟု ရန့်ထင်မိ၏။ အရာရာက ရန့်အား ဖိနှိပ်ခေါ်မှုတွေ ဖြစ်သွားရလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၅]

"အနှိုက်သော်တာ့ကို ရန်လိုမုန်းတီးနေတာတွေအားလုံး ရှင်ပစ်လိုက်ပါတော့ ဖေဖေ၊ ဒီလောက်ဆို တော်လောက်ပါပြီ"

ဦးတိမ်ယံရဲ့ အကြည့်တွေက အဝေးဆီသို့ လွင့်ပျံ့ရောက် ရှိနေလေသည်။ ချစ်ဇနီးမြမြအတွက် မိမိအသက်ရှင်နေသည်။ သစ္စာ ရှိပြချင်သည်။ မသော်တာနှင့် မလိုအပ်ဘဲ မျက်နှာချင်းပင် မဆိုင်ခဲ့ ပေ။ ရင်ထဲမှာ မုန်းတီးနာကြည်းမှုတွေပဲ သိမ်းထားသည်။ မသော် တာဘက်မှာ အမှားမရှိတာလည်း ဦးတိမ်ယံ တဖြည်းဖြည်း နားလည်သိရှိခဲ့၏။ အမှားတွေကို သိလာပေမယ့် မသော်တာနှင့် မျက်နှာချင်းတန်းနေဖို့ စိတ်ကူးမိတိုင်း စိတ်တွေ မလုံမလဲဖြစ်ရသည်။

ဖြူးဖြူး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မိသားစုတွေ အဓဝင်ပြေစေချင်ပါတယ် ဖေဖေရယ်၊ အန်တီသော်တာ့ကို အဆိုးရှုံမခံပါနဲ့၊ တန်ဖိုးရှိတဲ့မိန်းမပါ ဖေဖေ"

သော်တာ့အပေါ် သမီးက ချစ်ခင်နှစ်သက်သည်ဆိုတော့ ဦးတိမ်ယံ စိတ်ချမ်းသာမိလေသည်။ မိမိဘက်မှ ခါနမလျှော့ချင် ၍သာ တင်းမာနေရသည်။

"ဖေဖေ"

"ဟင်"

"သမီးဆန္ဒပါ၊ သမီးမှာ အမေမရှိတော့ပါဘူး၊ မိခင် တစ်ယောက်လို သမီးအပေါ်မှာ ကြင်နာတဲ့ အန်တီသော်တာ့ကို လက်လွှတ်အဆုံးရှုံး မခံပါရစေနဲ့"

"ဖေဖေကတော့ သမီးမေမေအပေါ် သေတဲ့အထိ ဖေဖေ အသက်ရှင်နေသရွေ့ သစ္စာရှိချင်တယ်၊ တခြားမိန်းမတစ်ယောက် ကို မချစ်နိုင်ဘူး"

"အန်တီသော်တာ့အပေါ် ဖေဖေ အညှိုးအတေးကြီးကြီးနဲ့ နှိပ်စက်နေတာ ရပ်ပစ်လိုက်ပါ၊ သမီးတောင်းဆိုပါတယ်နော်"





"ဖေဖေ စဉ်းစားဦးမယ် သမီး၊ ဖေဖေကတော့ မြမြ အပေါ် ဘယ်လိုနည်းနဲ့မှ သစ္စာမဖဲ့နိုင်ဘူး၊ တခြားမိန်းမတစ်ယောက် ကိုလည်း မချစ်နိုင်ဘူး၊ အရေးကြီးတာက သမီးလေးအပေါ် အစွမ်း ကုန်တာဝန်ကျေဖို့ပဲ"

"သမီးအပေါ် ဖေဖေ တာဝန်ကျေတာ လွန်နေပါပြီ၊ သမီးဆန္ဒက မိသားစုဘဝလေး တည်ဆောက်ချင်တယ်၊ ပျော်ရွှင် ချင်ပါတယ်"

ရန်သော်တာရဲ့ အမှုန်းတွေကို ဝန်း မခံစားနိုင်ပေ။ သူ မျက်ဝန်းတွေ တင်းမာခက်ထန်သွားတာ ဝန်း တွေ့လိုက်ရ၏။ ရန်သော်တာ့မှာ ယောကျ်ားတစ်ယောက်ရဲ့ မာနတွေ အပြည့်ရှိနေတာ ဝန်း သိနေသည်။ ရန်သော်တာက ဝန်း ပါးပြင်လေးကို ပထမဆုံး နမ်းရှိုက်သွားတဲ့ ယောကျ်ားတစ်ယောက် ဖြစ်သွားပြီပဲ။ ဝန်း နှလုံး သားတွေထဲမှာ ရန်သော်တာပဲ စိုးမိုးသွားပါပြီ။

"ဖေဖေဘက်ကနေ လျှော့ပေးလိုက်ပါနော်၊ အန်တီသော် တာ့ကို ဖေဖေ အဆုံးရှုံးခံတော့မလို့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးအနားယူတော့ မေမေ့နှလုံးသားတွေထဲမှာ သမီး မေမေကလွဲပြီး တခြားမိန်းမ နေရာရမှာမဟုတ်တော့ပါဘူး။ သွားတော့ မေမေလည်း အနားယူတော့မယ်"

ဦးတိမ်ယံကတော့ သမီးအသိအာရုံထဲမှာ မေမေက မေမေ့ကို ချစ်သားပဲဟု ဝင်မှတ်နေစေလိုသည်။ မိမိက တာဝန်မဲ့ခဲ့တာ မဟုတ်လား။ ကိုယ်ဝန်အရင့်အမာနဲ့ မိန်းမတစ်ယောက်ကိုဖြစ်ပြီး မိခင်သဘောတရားတဲ့ မိန်းမအား လက်ထပ်ခဲ့သည်။ သမီးလေး မုန်းမှာပဲ စိုးရိမ်မိနေ၏။ သမီးကိုယ်တိုင်ကရော မောင်ရန့်သော်တာ အပေါ် စိတ်တွေ တိမ်းညွှတ်နေပြီလား။ မိမိသဘောတူပြီးသွားပြီ၊ နီးစပ်စေချင်တဲ့ဆန္ဒတွေ ရှိနေခဲ့၍လည်း မောင်ရန့်သော်တာအား သမီးကိစ္စတွေ စေခိုင်းခဲ့သည်။

"မသော်တာ မင်းလည်း ငါ့ဒဏ်အတော်လေး ခံခဲ့တာပဲ၊ ကျိုးနွံပြားဝပ်တယ်၊ မင်းက ရိုးသားဖြူစင်တဲ့မိန်းမပါ"

ဦးတိမ်ယံရဲ့ စိတ်သဘောထားတွေ ပြောင်းလဲလာပေမယ့် မိမိဘက်မှ စတင်အောက်ကျို့ဖို့ကြတော့ ဝန်လေးနေမိသည်။





"ကျုပ်လည်း အသက်ကြီးပါပြီ မသော်တာရယ်၊ မင်းတော့ လိုအပ်နေပါတယ်"

မသော်တာအား သံယောဇဉ်တွယ်နေပါပြီ။ ဒါပေမယ့် ဦးတိမ်ယံ စိတ်က မလုံပေ။ မယားကပါတဲ့ သားက လိမ္မာပေမယ့် မိမိအရောတဝင် မရှိခဲ့။ မြမြရယ် ကိုယ် သစ္စာမဲ့တာမဟုတ်ပါဘူး။ မြမြအပေါ် ကိုယ်ရဲ့ချစ်ခြင်းမေတ္တာတွေကို မပြောင်းလဲပစ်ချင်ပါဘူး။ ဒါပေမယ့် သမီးလေးအပေါ်ကို တာဝန်ကျေရင် မင်းကျေနပ်ပေ့ါ။

"အစ်ကိုကြီး ခေါ်ပါ အအေးလာပို့တာပါ"

"အေး"

မသော်တာရောဟု မေးချင်ပေမယ့် မမေးဖြစ်တော့။ မိမိ ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒတွေကို ချိုးနှိမ်ထားလိုက်သည်။ မြမြအပေါ် သေဆုံးတဲ့အထိပဲ သစ္စာရှိပြသွားမယ်။ ဒါမှ သမီးလေးလည်း ကျေနပ်မှာပါ။ အရေးကြီးတာက သမီးလေးပဲ။

"အစ်ကိုကြီး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလိုအပ်သေးလဲ မချိုဈေးသွားမှာဆို့ပါ"

"မလိုတော့ဘူး၊ အဓိက ငါ့သမီးလေးပဲ၊ ငါ့သမီးလေး ဆန္ဒကိုပဲ ဖြည့်စွမ်းပေးပါ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

မချို ထွက်သွားသည်။ ဒီနေ့မှ ထူးထူးခြားခြား မသော်တာကို သတိရနေမိသည်။ သူ့အပေါ် ကိုးနှံ့ပြားဝင်စွာ ဧနီးမယား တစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေ ကျေပွန်ခဲ့၏။

"အန်တီသော်တာက မိန်းမကောင်းတစ်ယောက်ပါ ဖေဖေ၊ အန်တီသော်တာကို လက်လွတ်အဆုံးရှုံးမခံပါနဲ့"

မသော်တာ မင်းကို ငါ သံယောဇဉ်တွယ်မိနေပါပြီကွာ၊ ဒါပေမယ့် ငါဘာဖြစ်လို့ချွား မာန်မာနတွေ မချနိုင်ရတာလဲ။ မြဖြ ကြောင့်လား။ သမီးကတော့ မသော်တာအပေါ် သံယောဇဉ်တွယ် ချင်နေလေသည်။ မသော်တာ မင်းဟာ ငါ့အပေါ် အနွံတာခံလွန်း တဲ့မိန်းမပါ၊ ထူးထူးခြားခြား မသော်တာအပေါ် သနားကြင်နာမှု တွေ ဖြစ်ပေါ်နေရသည်။





"မသော်တာ ငါ ဘာဆက်လုပ်ရမလဲ၊ သမီးဆန္ဒတွေ အတိုင်းပဲ မိသားစုပျော်ရွှင်ဖို့ ဖန်တီးရမလားကွာ"

ဦးတိမ်ယံ အခန်းအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။ မသော်တာနှင့် တွေ့ဆုံချင်နေ၏။ မိမိဘက်မှ အလျှော့ပေးလိုက် လျှော့မှုတွေ မလုပ်နိုင်ရင်တောင် မသော်တာဘက်မှ အလျှော့ပေး လိုက်လျှော့မှုတွေ မလုပ်နိုင်ရင်တောင် မသော်တာဘက်မှ စတင် လာလျှင် အလျှော့ပေးလိုက်တော့မည်။ လိုလိုလားလား ဆက်ဆံ ပြောဆိုတော့မည်။

"ဟင်"

၄

မသော်တာကိုမြင်တော့ သမီးဖိနပ်တွေ တိုက်နေသည်။ မိန်းကိုယ်တိုင်က ငါ့သမီးဖိနပ်တွေကအစ မင်းတိုက်ပေးရမယ်ဟု ပြောထားသည်။ ဒီလိုတွေ့မြင်လိုက်ရတော့လည်း ဦးတိမ်ယံ စိတ်မ ကောင်းဖြစ်ရသည်။ တားမြစ်ဖို့ စိတ်ကူးမိပေမယ့် မိမိစိတ်က တွန့်နေ၏။ မြမြမျက်နှာက သူ့ကိုကန့်ကွက်တားဆီးနေသလိုပင်။

"ရှင့်ကို ကျွန်မ မုန်းတယ်၊ သစ္စာမရှိတဲ့သူ၊ တာဝန်မဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ား၊ အကြင်နာတရားခေါင်းပါးလွန်းတယ်''

မြမြပြောတဲ့စကားတွေကို ဦးတိမ်ယံ ပြန်၍ကြားယောင်လာမိသည်။ မသော်တာအနားသို့ သွားတော့မယ့် ခြေလှမ်းတွေ တွန့်ဆုတ်သွားရ၏။ နေမြဲတိုင်းနေတာပဲ ကောင်းပါတယ်လေ၊ ဘာမှမပြောတော့ဘဲ ခြံထဲဆင်းလာခဲ့လေသည်။

''ကိုတိမ်ယံ…ရှင့်ခံစားချက်တွေကို မသော်တာ နားလည်ပါတယ်၊ ဖြစ်သင့်ပါတယ်လေ၊ မသော်တာကို မုန်းတီးသင့်ပါတယ်''

မသော်တာရဲ့ စကားတွေဟာ ဦးတိမ်ယံနောက်သို့ ပြေးလိုက်လာသလိုပင် စိတ်တွေလှုပ်ခတ်လာရသည်။ မသော်တာရယ် မင်းအပေါ် ငါ့အမုန်းတွေ ပျက်ပြယ်သွားရပါပြီကွာ။ ငါ့ဒေါနတွေကိုသာ မချုပ်နိုင်တာ စိတ်တွေချောက်ချားပြီး ကားမောင်းထွက်လာခဲ့တော့သည်။

မေမေ ဦးတိမ်ယံ ကားထွက်သွားတော့ ရှန် အံသွားတွေကို တင်းကျပ်စွာ ဖိကြိတ်ထားမိလေသည်။ မေမေ့အပေါ် ရက်စက်

တယ်။ ဒီလောက်အထိ နှိမ့်ချဆက်ဆံနေရတာလဲဗျာ။ ရှန် ရင်ထဲမှာ နာကျင်ကြေကွဲနေရလေသည်။

"မြဝန်းရဲ…မင်းတို့သိပ်ရက်စက်တယ်၊ အကြင်နာတရားကင်းမဲ့တယ်၊ မင်းအမေကို လက်ထပ်လိုက်မိတဲ့ ငါ့အမေရဲ့ဘဝက တစ်သက်လုံး ပေးဆပ်ရတော့မလား''

မေမေအောက်ထပ်မှာ မြဝန်းရဲ့ရဲ့ ဖိနပ်ကို တိုက်ပေးနေရလေသည်။ မင်းတိုက်ခိုင်းတာမဟုတ်လား။ ငါ့အမေ တစ်သက်လုံး သင်အပေါ်တွေနဲ့အတူ အိမ်သန့်ရှင်းရေးကအစ လုပ်ပေးနေရတယ်။ တွေးမိတိုင်း ဒေါသတွေက ပေါက်ကွဲချင်လာရသည်။

"မင်းကို ငါမုန်းတယ်၊ မင်းက ငါ့အစေအပါးပဲ၊ မင်း ငါ့ကို လက်ထပ်တာ ငါ့စည်းစိမ်ဥစ္စာတွေကို မက်မောလို့ မဟုတ်လား၊ မင်း အစေအပါးဘဝနဲ့ နေနိုင်ရင်နေ''

ဖေဖေ ဦးတိမ်ယံ ပြောတဲ့စကားတွေကို ပြန်၍ကြားယောင်လာပြီး ရှန် ရင်ထဲမှာ ရှုံ့ရှုံ့နာကျင်နေရလေသည်။

''မင်း ငါ့ကို အရောတဝင်လာမလုပ်နဲ့၊ ငါမကြိုက်ဘူး''







www.burmeseclassic.com

www.burmeseclassic.com



သူမျက်ဝန်းတွေက ခြံဝင်းကြီးထဲ ရှုဆိုက်စွာ ကျရောက်နေလသည်။ မြဝန်းရံနှင့် သူ ခြံကြီးထဲမှာ ဖြစ်ပျက်ခဲ့တာတွေကို မြင်ယောင်လာရ၏။ သူ လုံးဝမမှားဘူး။ တရားမျှတပါတယ်။ မြဝန်းရံ ငင်းပေးဆပ်ရမယ်။ ငါ့အမေ ခံစားခဲ့ရတာတွေ နားလည်ကိုယ်ချင်းစာတတ်စေရမယ်။

"သားရန့်ရေ"

"ဟင်"

အခန်းဝမှ မေမေရပ်နေပြီး သူ့ကိုခေါ်နေသည်။ ရန့် ပြတင်းပေါက်မှ အကြည့်တွေကို ခွာလိုက်ပြီး မေမေ့ကို တံခါးဖွင့်ပေးလိုက်၏။

"မေမေ"

"သားရန့်နဲ့ သမီးလေးမြဝန်းရံ အပြင်ထွက်ဖို့ရှိတာ မဟုတ်လား"

"ဟုတ်ကဲ့"

"သားရန့်နော်...မြဝန်းရံလေးကို သူစိမ်းဆန်ဆန် မဆက်ဆံပါနဲ့နော်။ မေမေ့စကားကို ရန့်နားထောင်ပါကွယ်၊ သားရန့်သည်းခံပေးပါ၊ ဘာပဲဖြစ်ဖြစ် ကျေးဇူးရှိတယ်၊ မြဝန်းရံလေးကလည်း မေမေ့အပေါ် အမေတစ်ယောက်လို သဘောထားတာပါ"





မေမေ့ကို ဘာမှမပြောတော့ မေမေဦးတိမ်ယံနှင့် ပတ်သက်လာလျှင် အတောင်းမြင်နေတတ်သူပါ။

"မြဝန်းရံလေး လိုအပ်တာတွေကိုလည်း လိုလေသေးမရှိအောင် သားရန့် လုပ်ပေးနော်"

မေမေ မှာစရာရှိတာတွေမှာပြီး အောက်ပြန်ဆင်းသွားသည်။ မြဝန်းရံနှင့် သူ အပြင်သွားစရာရှိနေ၏။ ဒရိုင်ဘာရှိနေပါလျက်နှင့် သူ့ကိုခေါ်နေသည်။ မြဝန်းရံ မင်းရင်ထဲမှာ ဘယ်လိုခံစားရပြီလဲဆိုတာပဲသိတယ်။ ရန့်သောတာဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ လက်ခုပ်ထဲကရေပဲ မင်းဖြစ်စေရမယ်။ မြဝန်းရံနှင့် အပြင်ထွက်ဖို့အတွက် ရန့် ပြင်နေလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၆]

ဝန်း နှုတ်ခမ်းလေးတွေ ထူအမ်းအမ်းလေး ဖြစ်နေခဲ့ပင်။
ရဲ့အနမ်းတွေကို အမှတ်တရလေး ဖြစ်နေရသည်။ ဝန်းရင်ထဲမှာ
တ်ပိုတုန်ရင်နေခဲ့ပင် ဖြစ်၏။ မိသားစု အဆင်ပြေစေချင်လို့
ား စုထမင်းဝိုင်းလေး စီစဉ်ကာမှ ဖေဖေ့ကြောင့် စိတ်ညစ်စရာ
ဖွဲ့ ကြုံတွေ့သွားရသည်။ ဝန်းစိတ်တွေ မကျေမနပ်ဖြစ်ရ၏၊
သော်တာကတော့ ဝန်းကို မုန်းသွားမှာပဲ။ ရန်သော်တာရဲ့
မ်းတွေကို ဝန်း မခံယူနိုင်ပါဘူး။ သူ့ရင်ခွင်ထဲကနေ ရုန်းကန်
ါ်ရှားခဲ့ပေမယ့် မြဲမြံတဲ့သူ့လက်တွေကြားမှာ အနမ်းမိုးလေး
ွားရသည်။ မတွေးချင်တော့ပါဘူး။ ရင်တွေခုန်လိုက်တာ ရန်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ရှေ့မှာ ဝန်းရပ်နေသည်။ လှပချောမောလွန်းနေတဲ့ မျက်နှာဝိုင်းဝိုင်းလေးက ဖွဲ့မတ်စရာကောင်းတာပင် စိတ်တိုင်းမကျ။ ရန့်သော်တာ့ကို စွဲခေါင်စေမယ့် အလှအပတွေ ရှိနေစေချင်တယ်။ တင်းမာတဲ့ ရန့်သော်တာ့ မျက်ဝန်းတွေထဲမှာ ရီဝေယစ်မူးနေတဲ့ အချစ်အရိပ်တွေ ပြည့်လျှံနေစေချင်တယ်။ အဲဒါ ဖြစ်နိုင်ပါ့မလားဟင်။

"သမီးခြဝန်းရံရေ ခြံထဲမှာ သားရန့်စောင့်နေပြီ"

"ဟုတ်ကဲ့ပါ အန်တီသော်တာ၊ ဝန်း ပြီးပါပြီ"

ဝန်း အဝတ်အစားတွေ ဝတ်ကြည့်သည်။ ရန့်သော်တာက မိန်းမတွေကို သိပ်ပြီးစိတ်ဝင်စားတာမဟုတ်။ ဝန်း ဘယ်လိုဖွဲ့ခေါင်ရမလဲ။ ရိုးရိုးလေးလား၊ ခေတ်မီမီလား ဝန်းက မေမေရှိစဉ်ထဲက ဆင်းရဲနွမ်းပါးလို့ အဝတ်အစားကောင်းကောင်းတွေ မဝတ်နိုင်ပါဘူး။ အခု ဖေဖေနှင့်နေမှ အကောင်းဆုံးတွေပဲ ဝန်း ပိုင်ဆိုင်ခွင့်ရလာခဲ့လေသည်။ ဝန်း အလိုလားဆုံး၊ အနှစ်သက်ဆုံး ပိုင်ဆိုင်လိုချင်သော အရာက ရန့်သော်တာကိုပါပဲ။

အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။ အန်တီသော်တာ





က ဝန်းဖိနပ်လေးတွေကို ပြောင်လက်နေအောင် တိုက်ပေးထားသည်။ ဝန်းက မတိုက်ပါနှင့်ဟု ပြောလည်း မရပေ။ သမီးလေးတစ်ယောက်လို သတ်မှတ်ပြီး ပြုစုယုယပေးနေသည့်အတွက် ဝန်းမှာ ဝမ်းသာကျေနပ်နေမိလေသည်။

"သမီးလေး ခြဝန်းရံ"

"ရှင်...အန်တီသော်တာ"

"အရမ်းလှတာပဲကွယ်...သားရန့်မှာ လိုအပ်တာတွေရှိရင်လည်း သည်းခံပေးပါ သမီးလေးရယ်နော်"

"စိတ်ချပါ အန်တီသော်တာရယ်၊ ဝန်းက ရန့်သော်တာရဲ့ မိတ်ဆွေဖြစ်ချင်တာပါ၊ သူ့စိတ်ထဲက ခံစားမှုတွေကို ဝန်း နားလည်ပါတယ်"

"အေးကွယ်...သားရန့်က သမီးဖေဖေအပေါ် အထင်လွဲမှားမှုတွေရှိနေလို့ပါ၊ အန်တီသော်တာကတော့ မေတ္တာတရားက အရာရာကို အောင်နိုင်သွားမယ်လို့ မှတ်ယူထားတာပါ"

"စိတ်ချပါ၊ ဝန်းလည်း သိပါတယ်၊ ရန့်သော်တာစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဝန်း နားလည်ပါတယ်''

ရန်သော်တာနှင့် တွေ့ရတော့မယ်ဆိုတော့ ဝန်းရင်တွေ တဒိန်းဒိန်းခုန်ပြီး လှိုက်လှိုက်ဖိုဖိုလေး ဖြစ်နေရသည်။ ရှင့်ကို ဝန်း ချစ်မိနေပြီ။ ဝန်း ယောကျ်ားတွေနဲ့ ပတ်သက်ဆက်ဆံခဲ့ဘူးတာ မရှိခဲ့လို့များ ရှင့်လို ခေါကျောကျော မာနကြီးကြီး ဝန်းအပေါ် အပက် မလုပ်ချင်တဲ့ယောကျ်ားကိုမှ စွဲလမ်းနှစ်သက်သွားရတာလားနော်။

ဝန်း ပါးပြင်လေးကို ပထမဆုံး နမ်းရှိုက်ခဲ့တဲ့ ရှင့်ကို ဝန်း ရယူပိုင်ဆိုင်ရမှ ဖြစ်မှာနော် ရန်သော်တာ။ သူမ ကြိတ်ရေရွတ် လာတော့ ရန်သော်တာက ကားကိုမှီပြီး ရပ်နေသည်။ ဝန်း ခြေလှမ်း လေးတွေ တုံ့ခနဲရပ်သွားရ၏။ ကမ္ဘာပေါ်မှာ ဝန်းကို အရွဲ့ဆောင်နိုင် ဆုံး ယောကျ်ားက ရန်သော်တာပဲ ရှိနေတာများလား။

''ဟီ''

''အမလေး''

ရန်သော်တာက ကားဟွန်းကို တီးလိုက်သဖြင့် ဝန်း အထိတ်တလန့်နှင့် အမလေးဟုပင် အော်လိုက်မိသည်။ ရပ်နေတဲ့





ဝန်း ခြေလှမ်းတွေ အနိုင်နိုင်အားယူပြီး လှမ်းနေရ၏။ ဟွန်း…ရန် သော်တာ ရှင်က ဝန်းကို ဒီလောက်အထိ လွှမ်းမိုးထားနိုင်တာ ပဲနော် သိလား။

''စောင့်နေရတာ ကြာပြီလားဟင် ရန်''

''တကယ်ပါ''

''အင်း''

ရန်သော်တာရဲ့ မျက်ဝန်းတွေက တင်းမာခက်ထန်တဲ့ အရိပ်အယောင်တွေ ကင်းစင်နေ၍ ဝန်း စိတ်သက်သာရာ ရသွားရ လေသည်။ သူကားကို စက်နှိုးပြီးမောင်း၏။

''ခြင်္သေ့ရဲ့''

''ဟင်''

''ဘယ်သွားမှာလဲ''

''မသိဘူးလေ''

''ခင်းသွားမယ့်နေရာကို ရန်က လိုက်ပို့ပေးမှာ''

ဝန်းက ရန်နဲ့အတူ သွားချင်တာက ကမ္ဘာကြီးရဲ့ အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်လေ။ အပြင်ဘက်လေ။ အစုန်းတရားတွေ မရှိတဲ့နေရာ။ အချစ်တွေပဲ ပြည့်နှက်နေတဲ့နေရာလေးတစ်ခုဆီပါ ရန်သော်တာရယ်။

"ဝန်းက လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေ ဝယ်ချင်တာလေ၊ ရန်သော်တာ ကောင်းမယ်ထင်တဲ့ နေရာရွေးပေါ့"

တကယ်တော့ ဝန်းက ရန်သော်တာနဲ့ အပြင်ထွက်ချင်တာပါ။ နှစ်ယောက်တည်း တွေ့ဆုံရမယ့် အခွင့်အရေးလေးတစ်ခုကို ဖန်တီးတာပါနော်။ ဝန်းကို ရန်သော်တာက ဘယ်အထိခေါ်သွားချင်လဲဟင်။

"ဒါဆို ဒဂုံစင်တာသွားမယ်၊ နောက်မှ လိုအပ်ရင် ထပ်သွားမယ်၊ ကုန်တိုက်ကြီးတွေက အများကြီးပဲ"

"ရှင်"

"ပြော"

"ဝန်း လိုအပ်တာတွေကိုလည်း ပြောပြပေးဦးနော်၊ ကူပြီး ဝယ်ပေးပါ"





"အင်း"

ရန်သော်တာဘက်မှ လိုက်လိုက်လျောလျောလေး ပြောဆိုနေ၍ ဝန်း ကျေနပ်ပျော်ရွှင်ရလေသည်။ ဘာကြောင့်လဲ အန်တီသော်တာကြောင့်လားဟင်။ ရန်သော်တာက တကယ့်ကို ချောမောခန့်ညားပြီး နှစ်သက်ခြတ်နိုးဖွယ်ကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါပဲ။ ဝန်း စိတ်ထဲကနေ တစိမ့်စိမ့် ချီးမွမ်းနေမိလေသည်။

ဝန်းကတော့ ကလေးတစ်ယောက်လို သွက်လက်ပေါ့ပါးနေသည်။ ရန်သော်တာက လိုအပ်တာတွေ ပြောပြပေး၏။ တကယ့်ကို စိတ်လိုလက်ရပါပဲ။ ဝန်း အရမ်းပျော်သည်။

"ဒီရေမွှေးက သင်းသင်းပြည့်ပြည့်လေးနဲ့ စိတ်ကို အရမ်းကြည်နူးစေတယ် မြဝန်းရဲ၊ မင်းသုံးသင့်တယ်နော်"

"ဟုတ်လား...ရန်ရော ရေမွှေးကြိုက်လို့လားဟင်"

"အင်း"

"ဝန်းက ရေမွှေးတွေဘာတွေ သိပ်မသိပါဘူး၊ တကယ်ပဲ ဝန်း ရှင်ဆိုင်ဖြတ်သန်း ကြီးပြင်းလာရတာက ခက်ခဲကြမ်းတမ်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွေပါပဲလေ"

"ဒီရေခွေးအမျိုးအစား ကောင်းတယ်၊ ခင်းသုံးသင့်တယ် မြဝန်းရံ"

"အင်း"

ရန် ညွှန်ပြတဲ့ ရေခွေးလေးကို ဝန်း အမြတ်တနိုး ယူလိုက်လေသည်။ ရှင်သဘောကျတယ်မဟုတ်လား။ ရှင် နှစ်သက်မြတ်နိုးတဲ့ ရေမွေးနံ့လေးကို ဝန်းခန္ဓာကိုယ်လေးမှာ အမြဲတမ်း ရှုံ့ထင်နေစေမှာပါ။

မြဝန်းရံတစ်ယောက် ပျော်ရွှင်ကျေနပ်နေသလောက် ရန်သော်တာကတော့ ဟန်ဆောင်နေခြင်းသာဖြစ်သည်။ ရေမွှေးဆိုတာ ရန်အမုန်းဆုံးအရာပဲ။ မင်းကိုယ်မှာ တခင်ခွတ်ပျံ့စေတာကွ၊ မင်းကိုမုန်းနေချင်လို့ မင်းကိုယ်မှာ ဒီအနံ့အသက်ရှိနေရင် ငါမချစ်မိစေဖို့ပဲ။

"ရန် တစ်ခုခုစားရအောင်နော်၊ ဝန်း ဆာနေလို့"

"စားလေ"





မြဝန်းရံအား ရန် အတတ်နိုင်ဆုံး လိုက်လျောနေမိလေသည်။ လူရှင်းနေတဲ့ စားသောက်ဆိုင်မှာ နှစ်ယောက်ထဲ စားကြ၏။ မြဝန်းရံ ချောက်ဝန်းလေးတွေက ကြည်နူးရိပ်လေးတွေ လွှမ်းမိုးနေသည်။ ခင်း ငါ့ကိုချစ်နေပြီမဟုတ်လား မြဝန်းရံ။ မင်း ငါခင်တဲ့ အကွက်ထဲ ဝင်လာပြီပဲ။

"ရန်"

"ဟင်"

"ဝန်းတို့ မိတ်ဆွေဖွဲ့ကြရအောင်နော်၊. မိသားစုတွေပဲ ရန်ဖြစ်နေကြတာ ကြိုက်ပါဘူး"

သူ ငြိမ်သက်နေမိသည်။ မင်းအဖေက ငါ့အမေကို အညှိုးအတေးနဲ့ နှိပ်စက်ခဲ့တာပဲ မြဝန်းရံ။ မင်း ပေးဆပ်ရမယ်။

"မေမေ့ကိုလည်း ဝန်း တောင်းဆိုမယ်၊ အန်တီသော်တာလို လူတစ်ယောက်ကို အဆုံးရှုံးမခံနိုင်ပါဘူး"

မင်း လိမ်ညာဟန်ဆောင်နေတာပဲ မြဝန်းရံ။ တကယ်တော့ မင်းတို့သားအဖက မေမေ့ကို အစေအပါးတစ်ယောက်လိုပဲ သဘော



www.burmeseclassic.com

www.burmeseclassic.com



ထားတာမဟုတ်လား။ မေမေ ဖိနပ်တိုက်နေရတဲ့ မြင်ကွင်းအား ရန် မေ့ပစ်၍မရ။ ပြီးတော့ ဖေဖေဦးတိမ်ယံရဲ့ မာန်မဲငြူစူမှုတွေ၊ ရန် မျက်ဝန်းတွေ တင်းမာလာရသည်။

မြဝန်းရံ ခရိုင်မီအောင် ဟန်မပျက်နေရသည်။ ရန့်မျက်ဝန်းတွေက မိန်းကလေးတွေကို ညှို့ယူနိုင်စွမ်းရှိသည်ဟု ပတ်ဝန်းကျင်က ပြောၾ၏။ ဝိုမျက်ဝန်းတွေက မြဝန်းရံ မျက်ဝန်းတွေထဲ ထိုးဖောက်ဝင်ရောက်လုမတတ် ရှိနေ၏။

"ရန်···စားလေ၊ ဘာကြည့်နေတာလဲ"

"မြဝန်းရံ"

"ဟင်"

"ကိုယ်လည်း မြဝန်းရံနဲ့ ပြဿနာမဖြစ်ချင်တော့ဘူး၊ ကိုယ်တို့နှစ်ယောက် မိတ်ဆွေတွေအဖြစ်ပဲ နေကြရအောင်"

"ရန် တကယ်ပြောတာလားဟင်၊ ဝန်းက အဲဒီလိုဖြစ်ချင်နေတာပါ"

ရန့်စကားတွေကြောင့် ဝန်း ပျော်ရွှင်ကျေနပ်သွားရသေ





သည်။ ယောကျ်ားပီသစွာ ချောမောခန့်ညားလွန်းနေတဲ့ ရန်သော်တာဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ချစ်ခင်ကြင်နာမှုတွေကို ဝန်း ရယူပိုင်ဆိုင်ချင်ပါတယ်။

"ရှေးဘဝက ရေစက်တွေလားပဲမသိဘူးနော်၊ ရန့် တွေ့တွေ့ချင်းပဲ ရန့်ကို ဝန်း စိတ်ဝင်စားသွားခဲ့ရပါတယ်၊ ရန့်နဲ့ မိတ်ဆွေဖြစ်ချင်တယ်"

"မိတ်ဆွေအဆင့်ပဲလား ဝန်း"

"ရန့်နော်···ရှင့်ကို အရမ်းအမြင်ကတ်တာပဲ၊ ဝန်းကို အဲဒီလို ပြုမူတာမျိုး ဝန်း သဘောမကျပါဘူးနော်"

အကြည့်တွေက စူးရှနေသည်။ မြဝန်းရံရဲ့ မျက်ဝန်းလေးတွေက ကြည်တောက်ဝင်းလက်နေသည်။ ရန်သော်တာရဲ့ ရင်ထဲမှာတော့ နာကျင်ကြေကွဲနေရ၏။ မင်းနဲ့ ချစ်သူတွေ မဖြစ်ချင်ပေမယ့် ငါကတော့ မင်းအချစ်တွေကို ရအောင်ယူရတော့မှာပဲ မြဝန်းရံ။ ငါ့မေမေ ဘဝတစ်လျှောက် ခံစားခဲ့ရတဲ့ နာကျင်ကြေကွဲမှုတွေ မင်း ခံစားစေရမယ်။ မင်း မလွှဲမသွေပေးဆပ်ရမယ့် ပေးဆပ်မှု



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပဲ။

"ကိုယ့်စိတ်တွေ ဘယ်လောက်ပဲ တင်းထားပေမယ့် ဝန်း မျက်နှာလေးကို မြင်တွေ့ရတာချိုးလို့လား မသိဘူးကွာ ကိုယ် ဝန်းနဲ့ ရန်မဖြစ်ချင်တော့ဘူး၊ ဝန်းကို စေ့ပစ်ဖို့ ကြိုးစားပေမယ့် မရဘူး"

"ဝန်းလည်း ဒီလိုပါပဲ ရန့်ရယ်၊ ဝန်း တရင်းတနှီးနေခဲ့ဘူးတာ ရန့်ပဲရှိခဲ့တာပါ"

ဝန်းက ရှက်ရွံ့စွာဖြင့် ဆိုမိလေသည်၊ ရန့်မျက်ဝန်းတွေက တကာယ့်ကိုပဲ နှစ်သက်စွဲလမ်းစရာကောင်းတဲ့ ညို့မျက်ဝန်းတွေပါပဲ နော်။ အနမ်းတွေကိုလည်း ဝန်း မြတ်နိုးစွာ အမှတ်ရနေတာပါပဲ။ နှလုံးခုန်သံတွေ တဒိန်းဒိန်းခုန်လျက်နှင့် ခေါင်းလေးငုံ့ကာ စားနေမိသည်။

"သွားစို့နော် ဝန်း"

"အင်း"

စားပြီးတော့ သွားကြစို့ဟုပြောပြီး ဝန်းလက်လေးကို ရန့်





ဆုပ်ကိုင်လိုက်သည်။ မျက်တောင်လေးတွေ တဖျတ်ဖျတ်ခတ်ကာ မြဝန်းရံက မော့ကြည့်၏။ ရန့်ကတော့ မြဝန်းရံရဲ့လက်လေးကို ဆွဲယူကာ ထွက်လာခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၁၇]

ဝန်းစိတ်တွေက တက်ကြွရွှင်လန်းနေလေသည်။ ရန်နဲ့ ချစ်သူဖြစ်ပြီးထဲက ဝန်း အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်စေရန် အိမ်မှုကိစ္စတွေကို သင်ယူမိနေ၏။

"သမီးလေး ခြဝန်းရုံရယ်၊ အိမ်မှုကိစ္စတွေက သမီးမှလုပ်စရာမလိုပါဘူး။ သမီးလေး အနားယူပါ၊ ပညာပဲကြိုးစားပါ"

"အန်တီသော်တာလို ဝန်း အရမ်းပဲ မိန်းမပီသချင်တယ်၊ မိန်းကလေးဆိုတာ အိမ်မှုကိစ္စတွေ၊ ဟင်းထမင်းချက်တာတွေတော့ မိတ်ဝင်စားသင့်တာပေါ့နော်"

"ဝန်းလေးက သင်စရာမှမလိုတာပဲ၊ မလုပ်ပါနဲ့ကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



အန်တီသော်တာ လုပ်ပေးပါမယ်""

""ဟင့်အင်း…ဝန်းကိုယ်တိုင်ပဲ သင်ချင်တယ်၊ သင်ပေးပါနော် အန်တီသော်တာ""

""တော်ကြာ သမီးဖေဖေက သဘောမကျရင် ခက်မယ်လေ""

""ဟင့်အင်း…ဝန်း သင်ချင်တယ်၊ ဖေဖေက ဝန်းအသွေ့အတိုင်းပဲ နေပါလို့ပြောထားတာ ဝန်း သင်ချင်တယ်၊ ဝန်းက အဖက်ဖက်ကနေ ပြည့်စုံချင်တယ်၊ တော်ချင်တယ်""

ရန့်စိတ်ထဲမှာ ဝန်းကို အထင်ကြီးပြီး ချစ်ခင်မြတ်နိုးနေချင်တယ်။ တန်ဖိုးထားစေချင်တယ်။ ရန့် အမြဲတမ်းပဲ ဝန်းကို ချစ်နေစေချင်တယ်။ ဝန်း အမြဲပဲ စိတ်ဓာနေရတယ်ရန့်ရယ်။

""ဝန်း ပညာလည်း ထူးချွန်အောင် ကြိုးစားမယ်၊ အိမ်မှုကိစ္စတွေကိုလည်း ကျွမ်းကျင်အောင် ကြိုးစားမယ်၊ ဝန်းကို သင်ပေးပါနော်""

""သမီးလေး သင်ချင်နေတယ်ဆိုရင်တော့ အန်တီသော်တာ





သင်ပေးပါမယ်""

""အင်း""

ဝန်း အန်တီသော်တာနှင့်အတူ အိမ်မှုကိစ္စတွေ သင်သည်။ ဒေါ်ချိုပင် လန့်နေ၏။

""ဝန်းလေး ဘာဖြစ်လို့ သင်ချင်ရတာလဲဟင်၊ ဒေါ်ချိုတို့ ရှိသားပဲကွယ်၊ ဒေါ်ချို လုပ်ပေးမှာပေါ့""

""ဝန်း တတ်ထားချင်လို့ပါ၊ အဖက်ဖက်ကနေ ဝန်း အားလည်းတတ်ကျွမ်းချင်လို့ပါ""

ဖေဖေသိသွားတော့ ဝန်းကို ဘာမှမလုပ်ဖို့ ပြောသည်။ အန်တီသော်တာနှင့် ဒေါ်ချိုကို ဆူ၏။

""ဝန်းကိုယ်တိုင် အတင်းအကြပ်သင်တာပါ ဖေဖေ၊ ဝန်း သင်ပါရစေနော်၊ ဝန်း ဝါသနာပါလို့ပါ""

""ဝန်း ပညာရေးပဲ ဦးစားပေးပါ၊ ဖေဖေက သမီးကို အေးအေးချမ်းချမ်းနဲ့ စည်းစိမ်တွေ အပြည့်အဝနေစေချင်တယ်၊ အိမ်မှုကိစ္စတွေ ဝန်း မသင်နဲ့""



www.burmeseclassic.com

www.burmeseclassic.com



"ဝန်းဆန္ဒပါ ဖေဖေ၊ ဝန်း ပျော်သလိုနေပါရစေနော်၊ ဝန်း မပင်ပန်းပါဘူး"

ရန့်သော်တာရယ် ဝန်းက ရှင့်ရဲ့ဇနီးမယားကောင်း ပီသချင်ပါတယ်။ ဝန်း ဒါကြောင့် ကြိုးစားနေတာလေ။ ရန့်က သူမအား မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာ ဆက်ဆံနေ၍ ဝန်း ပျော်ရွှင်ကျေနပ်ရ၏။

"ရန့်"

"ဝန်း ပြောလေ"

"ဝန်း အရမ်းကြိုးစားနေတာယ်သိလား။ ရန့် ဖြစ်စေချင်တဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးဖို့လေ"

ဝန်းကိုယ်လေးက သူ့ရင်ခွင်ထဲ မှီတွယ်လာသည်။ ရန့်စိတ်ထဲမှာ နာကျင်မှုတွေ ပြည့်နှက်နေပြီး ဆန္ဒရှိသေမယ့် အလိုက် သင့် ပျေ့ဖက်ထားမိသည်။ မင်းကို ငါ မချစ်ဘူး ခြဝန်းရုံ၊ ကောင်းတယ် မင်း အိမ်မှုကိစ္စတွေ သင်ထားစမ်းပါ၊ မင်းလုပ်ရမယ်။ ငါ့အစေအပါးဘဝမှာ တစ်သက်လုံးနေစေရမယ်။





"ရန့်"

"ဟင်"

"ကျွန်မကိုချစ်ရဲ့လား"

"အင်း"

"ဟာကွာ...ရန့်အသံကြီးက အေးစက်လိုက်တာ၊ ဝန်းစိတ်တွေတောင် အထိတ်တလန့် ဖြစ်သွားရတယ်"

ငါမချစ်ဘူး။ မင်းကို လုံးဝမချစ်ဘူး။ ဖေဖေ ဦးတိမ်ယံ စိတ်ထဲမှာ ငါ့အမေအပေါ် ကိုယ်ချင်းစာတတ်အောင် မင်းကို အသုံးချရမယ် ခြဝန်းရုံ။ သူ့လက်တွေက မြဝန်းရုံအား သိုင်းဖက်ထားပေးမယ့် အင်အားတွေမဲ့နေသည်။ သူ အမုန်းဆုံး ရေမွှေးနံ့က မြဝန်းရုံကိုယ်မှာ ရနေသည်။ သူက ဘယ်လိုရေမွှေးအနံ့ပဲဖြစ်ဖြစ် ပုန်း၏။ မနှစ်သက်၊ သူ့စိတ်တွေက ဒေါသတွေနှင့် အမြဲတမ်း ပေါက်ကွဲပြီး မညီသည့်အနံ့ကိုမှ မနှစ်သက်တတ်ပေ။

မင်းကို မုန်းတီးနေအောင်လို့ ငါမုန်းတဲ့ ရေမွှေးနံ့စူးစူး မင်းကိုယ်မှာ ရှိနေစေတာပဲ။ မင်းကို အမြဲတမ်း မုန်းတီးနေချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မချစ်မိအောင် ငါမုန်းတဲ့အနံ့ ခင်းကိုယ်မှာ စွဲနေခဲ့တာ။

"ရန်…ဝန်း အရမ်းစိုးရိမ်နေတယ်၊ ရန့်ဆီကအချစ်တွေ မရမှာလေ"

"ဘာဖြစ်လို့ မချစ်ရမှာလဲ၊ ဝန်းကိုချစ်တယ်၊ ကိုယ်အရမ်းချစ်ပါတယ်"

ရန့်လက်တွေက ဝန်းခန္ဓာကိုယ်လေးအား သိမ်းကြုံးဖက်လိုက်ပြီး ချက်နှာချင်းအပ်လိုက်သည်။ မြဝန်းရံ ငါလည်း ဘယ်မိန်းကလေးကိုမှ မချစ်ဘူး။ စိတ်လည်းမဝင်စားဘူး။ နမ်းဖို့ဆိုတာ ဝေလာဝေးပဲ။ ဒါပေမယ့် ခင်းကတော့ ငါချစ်မြတ်နိုးတဲ့ မိန်းကလေး ဖြစ်မလာနိုင်ပါဘူး။ ငါအမုန်းဆုံးပဲဖြစ်လာမှာပါ။ ဟုတ်တယ်၊ မင်းက ငါ့ရဲ့အမုန်းတီးဆုံး မိန်းမပဲ။

"ကိုယ် ဝန်းကို လက်လွှတ်ဆုံးရှုံးရမှာကြောက်တယ်၊ ဖေဖေက သဘောတူမှာမဟုတ်ဘူးထင်တယ် ဝန်းရယ်၊ မေမေ့ကို မုန်းနေတာဆိုတော့ လက်ခံပါ့မလား"

သူ့လက်တွေက ဝန်းကိုယ်လေးကို ပွတ်သပ်ချော့မြူနေ





သလို သူ့ညှို့မျက်ဝန်းတွေကလည်း မြဝန်းရံရဲ့ မျက်ဝန်းလေးဆီ ဖူးရှုးလေး ရောက်နေသည်။ မင်းကို ညှို့ယူဖမ်းစားရမယ်။ မင်း ငါ့ကိုစွဲလမ်းကြီးစွာ ချစ်ခင်နှစ်သက်နေစေရမယ်။ အဖိုဆို၍ ယင်ဖို ပင် မသမ်းခဲ့ဘူးသေးသော အပျိုစင်နုနုထွတ်ထွတ်လေးဖြစ်တဲ့ မြဝန်းရံရဲ့ အချစ်တွေကို ရယူဖို့ မခက်ခဲပေ။ ညက အေးစက်တိတ်ဆိတ်နေသည်။ ရန့်နှင့်ဝန်းတို့ တွေ့ဆုံနေကြတဲ့ နေရာလေးမှာ ပုဏ္ဏရိပ်ဝန်းခြံတွေ ရှိနေ၏။

"မေမေ…သားရန့်မမှားပါဘူး၊ အိမ်ထောင်ရေးသက်တမ်းတစ်လျှောက်လုံး ကိုယ်ချင်းစာတရား ကင်းမဲ့ခဲ့တဲ့ ဖေဖေဦးတိမ်ယံ ကိုယ်ချင်းစာတတ်လာအောင်ပါပဲ၊ သားရန့် ရက်စက်ပြရတော့မှာပါလေ"

မြဝန်းရံရဲ့ နှင်းဆီငုံနှုတ်ခမ်း ထူထူအမ်းအမ်းလေးတွေကို သူမှာကြည်စွာ နမ်းမိသည်။ မုန်းတီးမှုတွေပဲ သူ့နှလုံးသားတွေထဲသို့ ဝိုးဝင်လာရ၏။ မြဝန်းရံအား အပေါစားဆန်ဆန် ပုဏ္ဏရိပ်ပင်နားမှာ ချိန်းတွေ့ခဲ့၏။ ရန့်မလုပ်ချင်ပေ။ မနှစ်သက်ဆုံးအလုပ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရန်"

"ပြောလေ ဝန်း"

"ဝန်းတို့လက်ထပ်ကြမယ်၊ ဖေဖေ့အတွက် မပူပါနဲ့နော်၊ ဝန်းဆန္ဒတွေကို ဖေဖေက ဖြည့်စွမ်းပေးမှာပါ"

"ကိုယ်ကတော့ ဒီတိုက်ကြီးထဲမှာ မနေချင်ဘူး၊ ဝန်းနဲ့ အတူ ဘဝကို ရင်ဆိုင်ဖြတ်သန်းချင်တယ်"

"ဟင်"

"ကိုယ်တို့ထွက်ပြေးကြမယ်၊ ဖေဖေက ဘယ်နည်းနဲ့မှ သဘောတူလက်ခံမှာမဟုတ်ဘူး၊ သိသွားရင် ခွဲမှာပဲ၊ ကိုယ်လည်း ဝန်းနဲ့ မခွဲနိုင်တော့ဘူး၊ ထွက်ပြေးကြရအောင်နော်"

"မဖြစ်ဘူးထင်တယ် ရန်၊ ဖေဖေက လက်ခံမှာပါ၊ ဝန်း အတင်းအကြပ်ပြောပါ့မယ်၊ ဝန်းရော ရန့်ရော ကျောင်းဆက်တက်ဖို့ က ရှိသေးတယ်၊ အခုက ရန့်က ဆေးကျောင်းတက်လက်စလေ"

"ကိုယ်ဆက်တက်မှာပါ၊ ကိုယ်က ယောကျ်ားပါဝန်း၊ မပူပါနဲ့၊ အရေးကြီးတာက ဝန်းနဲ့မဝေးရဖို့ပဲ"





ဝန်းကတော့ ရန်နှင့် ကြီးကျယ်ခမ်းနားစွာ လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပလိုသည်။ ဖေဖေက လက်ခံမှာပါ။ ဝန်းဆန္ဒပဲ။ ပြီးတော့ ရန်ကလည်း ပညာတတ်၊ ဆရာဝန်လောင်းတစ်ယောက်။ ရုပ်ရည်ကလည်း သန့်ပြီး ချောမောခန့်ညားသူ။

"ဖေဖေလက်ခံမှာပဲ၊ ဝန်းနဲ့ရန့်တို့ရဲ့ မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ကျင်းပချင်တယ်၊ ဖေဖေ သဘောတူလာအောင် ဝန်း လုပ်နိုင်ပါတယ် ရန်"

"မဖြစ်ဘူးဝန်း...ကိုယ်သိတယ်၊ ဖေဖေက လက်ခံမှာမဟုတ်ပါဘူး၊ ကိုယ့်မေမေက ဖေဖေရဲ့ အမုန်းဆုံးမိန်းမလေ"

"ဝန်းက ဖေဖေ့ရဲ့ အချစ်ဆုံးသမီးပါ၊ ဝန်း စိတ်ချမ်းသာဖို့ ဖေဖေ ဖြည့်စွမ်းပေးမှာပါ ရန်ရယ်"

ရန့်ကို ချစ်မြတ်နိုးစွာဖြင့် ဝန်းအကြည့်တွေက တောက်ပနေသည်။ ချစ်သူအား ဘဝကို ရန်းကန်ပြီး တည်ဆောက်ရမှာကို ဝန်း မလိုလားမိပေ။ ရန့်ပြောသလိုပဲ ဖေဖေက သဘောတူပါ့မလား။

"ရန့်ကို အခက်အခဲတွေ အကြပ်အတည်းတွေနဲ့ ရင်မဆိုင်



www.burmeseclassic.com

www.burmeseclassic.com



စေချင်ပါဘူး၊ ဖေဖေလက်ခံအောင် ဝန်း တောင်းဆိုမှာပါ''

''ကိုယ်ကတော့ ဖေဖေ့ကို အသိမပေးချင်ဘူး၊ ကိုယ့်နောက်ကို ဝန်း လိုက်ခဲ့ပါ၊ ကိုယ့်ကိုချစ်တယ်မဟုတ်လား ဝန်းရယ်''

မြဝန်းရံရဲ့ ကိုယ်လုံးလေးအား တင်းကြပ်စွာ ပွေ့ဖက်ထားရင်း ရန်ပြောနေမိသည်။

''ကိုယ်ကတော့ ဝန်းကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး ဝန်း၊ ကိုယ့်နောက်လိုက်ခဲ့ပါ၊ ကိုယ့်ကို ယုံကြည်တယ်မဟုတ်လား ဝန်း''

''ယုံပါတယ်၊ ဒါပေမယ့် ရန့် ပင်ပန်းမှာတော့ ဝန်း စိတ်ပူတယ်၊ ဖေဖေ့ကို ပြောကြည့်ကြရအောင်နော်''

''မဖြစ်ဘူး၊ ဝန်း သိတာနဲ့ ကိုယ်တို့ကို အတင်းအကျပ်ခွဲမှာပါ၊ ကိုယ့်နောက်ကိုပဲ ဝန်း လိုက်ခဲ့နော်''

''အန်တီသော်တာကို ဘယ်လိုလုပ်မလဲဟင်၊ ဖေဖေက ပိုပြီး မုန်းတီးနာကြည်းသွားမှာပေါ့ ရန့်၊ ဖြစ်ပါ့မလားဟင်''





''ဝန်း သတ္တိမရှိဘူး၊ ရန့် သိသွားပြီ၊ ကိုယ့်ကို ဝန်းမယုံကြည်တာမဟုတ်လား၊ အထင်မကြီးတာပဲ၊ ကိုယ်ယောကျ်ားပါ၊ မိန်းမတစ်ယောက်ကို ကိုယ့်အစွမ်းအစနဲ့ ထူထောင်နိုင်တယ်''

ဝန်းကိုယ်လေးကို သူ့ရင်ခွင်ထဲမှ ဖယ်ခွာစေပြီး ရန့်ထလိုက်သည်။ သူ့မျက်နှာလေးက တင်းမာသွား၏။ ဝန်း မျက်ဝန်းလေးတွေက ထိတ်ထိတ်ပြာပြာ ဖြစ်သွားတော့သည်။

''ရန့်ရယ်…အဲဒီလိုမဟုတ်ပါဘူး၊ နော် ဝန်းက ငယ်စဉ်လေးထဲက ဆင်းဆင်းရဲရဲ ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းလာခဲ့ပါ၊ ခံနိုင်ရည်ရှိပြီးသားလေ၊ ရန့်က''

''မလိုပါဘူး…ကိုယ်ပေါ်ကနောက်ကို ဝန်း လိုက်ခဲ့ရင် ပြီးပြီ၊ မေမေ့အတွက် မပူပါနဲ့၊ ကိုယ်တို့ခေါ်ထားမယ်''

''ဝန်းကြောင့် ရန့် အခက်အခဲတွေနဲ့ ရင်ဆိုင်ရမှာ''

''ကိုယ့်နောက်ကိုသာ ဝန်း လိုက်ခဲ့ပါ၊ ဘယ်လိုပဲဖြစ်ဖြစ် မင်း ရှန်းကန်ရင်ဆိုင်မယ်ဆိုရင်ပေါ့''

ရန့်ကတော့ ဝန်းကို ကျောခိုင်းပြီး အိမ်ထဲပြန်ဝင်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်း ငါနဲ့အတူ ဆင်းရဲဒုက္ခတွေ သောကတွေနဲ့ ဖြတ်သန်းရမယ် မြဝန်းရံ။ ဒီအိမ်ကြီးထဲမှာနေပြီး မင်းအမိန့်သြဇာ မခံနိုင်ဘူး။ မင်းဟာ ငါ့အမုန်းဆုံး ဇနီးမယားအဖြစ် ငါ့အနားမှာ စိတ်သောကကြီးစွာနေရမယ်။ မင်း ပေးဆပ်ရမယ်။ သူ့အိပ်ခန်းထဲ ရောက်တဲ့အထိ သူ့စိတ်တွေ မွန်းကြပ်နေလေသည်။

❀ ❀ ❀



# အခန်း [၁၈]

"သားရန့်"

"မမေ"

"မင်းနဲ့ မြဝန်းရံလေးတို့ ချစ်သူတွေဖြစ်နေကြတာလား"

ဒေါ်သော်တာ့အသံက တင်းမာခက်ထန်နေသည်။ ညက မိမိအိပ်မရလို့ အပြင်ထွက်လာတော့ ခြံထဲမှာ သားရန့်နှင့် မြဝန်းရံလေးတို့ ချိန်းတွေ့နေတာ တွေ့လိုက်ရ၍ အံ့သြတုန်လှုပ်သွားရ၏။ ခေါင်းမှတ် ချစ်သူတွေဖြစ်နေကြ၍လည်း မိမိ ဘယ်လိုမှ လက်မခံနိုင်ဘဲ ဖြစ်ရသည်။ ဒီလောက်မြန်မြန်ဆန်ဆန် ချစ်သူတွေဖြစ်ကြတာ မရိုးသားဘူးဟု ထင်မိနေ၏။

"မေမေလက်မခံနိုင်ဘူး သားရန့်၊ မြဝန်းရံလေးကို



www.burmeseclassic.com

www.burmeseclassic.com



မင်းချစ်တယ်ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ မြဝန်းရံကို မင်းနှိပ်စက်ဖို့ မဟုတ်လား၊ ပြောစမ်း"

ရန် ဘာမှမပြောခဲ့။ မေမေ့အတွက် ဒီလောက်တော့ လက်တုံ့ပြန်သင့်သည်ဟု ထင်မိ၏။

"ဒီလိုစိတ်ဓာတ်မျိုးကို မေမေမကြိုက်ဘူး ရန့်သော်တာ၊ မြဝန်းရံလေးနဲ့ ကင်းကင်းရှင်းရှင်းနေစမ်း၊ မေမေ့ကို စိတ်သောကရောက်အောင် မင်းလုပ်မလို့လားဟင်"

မေမေ့မျက်ဝန်းတွေထဲမှာ သူ တစ်ကြိမ်တစ်ခါမျှ မတွေ့ဘူးခဲ့သော ဒေါသငွေ့တွေကို ရန် တွေ့မြင်နေရလေသည်။ မေမေ၊ ဦးတိမ်ယံက မေမေ့ကို ဘဝတစ်လျှောက်လုံး ညှင်းပန်းနှိပ်စက်လာခဲ့တာပါ။ မေမေ ဘယ်တော့မှ စိတ်ဆိုးဒေါသထွေ မဖြစ်ခဲ့ဘူးမဟုတ်လား။

"မြဝန်းရံလေးမှာ အပြစ်မရှိဘူး ရန်သော်တာ၊ မေမေ့အမှားတွေ၊ မေမေ့ကံကြမ္မာတွေကို မင်းက မြဝန်းရံကို ပုံချမလို့လား"





မေမေ့ကို စိတ်သောကရောက်အောင် သားရန့် ဖန်တီးတာတော့ မဟုတ်ပါဘူး။ ဖေဖေဦးတိမ်ယံရဲ့ ရက်စက်ညှင်းပန်းမှုတွေကို သားမုန်းတယ်။ နာကြည်းတယ်။ ကျေးဇူးတရားတွေ ဘယ်လိုပဲရှိရှိ သားရန့် မခံစားနိုင်လို့ပါ။

"မေမေ့စကားတွေကို နားထောင်ပါ သားရန်၊ မြဝန်းရံကို ဒုက္ခပေးပါနဲ့၊ မေမေ တောင်းပန်ပါတယ်၊ မင်း မြဝန်းရံကို လုံးဝမပတ်သက်ရဘူး"

"သားရန့် မြဝန်းရံကိုချစ်တယ်"

"ဘာ"

"မြဝန်းရံကို သားလက်ထပ်မယ်"

"မဖြစ်ဘူး သားရန်၊ မင်း လုံးဝမဖြစ်ဘူး၊ မေမေ ခွင့်မပြုဘူး၊ တားရမယ်၊ ကိုတိမ်ယံကလည်း သဘောတူလက်ခံမှာမဟုတ်ဘူး မင်း လုံးဝလက်မထပ်ရဘူး၊ မြဝန်းရံ စိတ်သောကရောက်ရမယ့် ဘယ်လိုအကြောင်းကိုမှ မေမေလက်မခံဘူး"

ရန် ဆုံးဖြတ်ပြီးပြီ မြဝန်းရံကို လက်ထပ်မယ်။ လုပ်သင့်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အလုပ်ဟု ရန် ထင်ထားလေသည်။ မေမေက ဖေဖေ ဦးတိုင်ယံအပေါ် အနစ်နာခံလွန်းနေ၏။ မတရားဘူး။ မေမေ့အတွက်ပဲ ရန် မခံစားနိုင်တော့တာပါ။

"မဖြစ်ဘူး…မဖြစ်ဘူး သားရန်၊ မင်း မြဝန်းရဲ့ကို မထိရဘူး၊ မင်းချစ်တယ်ဆိုတာ မေမေ မယုံဘူး၊ လက်လည်းမခံနိုင်ဘူး"

မေမေက ရှတ်အတင်းပင် တားဆီးနေလေသည်။ ရန့်ကို ကတိတွေတောင်းနေ၏။

"မေမေ့ကို ကတိပေးစမ်းပါ ရန့်၊ မြဝန်းရဲ့လေးကို လက်မထပ်ရဘူးလို့လေ၊ ကတိပေးစမ်း"

"မြဝန်းရဲ့ကိုပဲ တားဆီးပါ မေမေ"

မေမေက အထပ်ထပ်တားဆီးပြီး ပြန်ထွက်သွားသည်၊ ရန်သော်တာကတော့ လက်သီးတွေကို တင်းကြပ်စွာ ဆုပ်ကိုင်ထားမိ၏။ မေမေဘဝတစ်သက်လုံး ဦးတိုင်ယံအပေါ် အနစ်နာခံပေးခဲ့နေတော့မှာလားဗျာ။

မြဝန်းရဲ့ မင်းဆုံးဖြတ်ပါ။ မင်းကံကြမ္မာပဲလေ။ ငါတော့





ရှတ်အတင်း လက်မထပ်ပါဘူး။ မင်းစဉ်းစား။

သူ့အကြည့်တွေက အဝေးသို့ စူးရှစွာ ရောက်နေသည်။ မြဝန်းရဲ့ အရိပ်တွေက သူ့ချက်ဝန်းတွေထဲမှာ ဖယ်ထုတ်၍မရအောင်ဖြစ်နေရ၏။ ပန်းရောင်သွေးဝနေတဲ့ နှုတ်ခမ်းဖူးဖူးငုံငုံလေးကို သူနမ်းရှိုက်ခဲ့မိတာ မေ့ပစ်၍မရ။ မင်းကို အမှတ်မရစေချင်ဘူး မြဝန်းရဲ့။ မုန်းချင်တယ်၊ ငါငယ်စဉ်လေးထဲက မြင်တွေ့နေခဲ့ရတဲ့ မေမေ့နှလုံးသားထဲမှာ နာကျင်မှုတွေကို ငါဘယ်လိုမှ မေ့ပစ်လို့မရဘူး။

"ရန်"

"ဟာင်"

မြဝန်းရဲ့ရဲ့အသံ သူ့နောက်ကျောဆီမှ ထွက်ပေါ်လာသည်။ မေမေပြန်ထွက်သွား၍ အခန်းတံခါးက မပိတ်မိပေ။

"အန်တီသော်တာက ရန့်ကို ဝန်းနဲ့ ကင်းကင်းရှင်းရှင်းနေဖို့ ပြောခဲ့တယ်မဟုတ်လားဟင်"

"ဟုတ်တယ် ဝန်း၊ မင်းနဲ့လက်မထပ်ဖို့ ကိုယ့်ဆီမှာကတိတောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရန် ဘာပြောလိုက်လဲ၊ ကတိပေးလိုက်လား"

"ဟင့်အင်း"

"အမလေး…တော်ပါသေးရဲ့ ရန်ရယ်၊ ဝန်း စိတ်ပူလိုက်ရတာ"

"ဝန်းရဲ့ဆုံးဖြတ်ချက်က အဓိကပါပဲလေ"

အန်တီသော်တာပြောတဲ့ စကားတွေကို ဝန်း ကြားရသည်။ ရန်သော်တာက ဝန်းကိုချစ်တယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့။ လက်မထပ်ရဘူးတဲ့။ ဖေဖေသိသွားရင်လည်း ရန်သော်တာက ဝန်းကို ချစ်တယ်ဆိုတာ လက်ခံယုံကြည်မှာမဟုတ်ပါဘူး။

"ဝန်း မေးမယ်နော်၊ ရန်ကရော ဝန်းကို ချစ်ရဲ့လားဟင်၊ တကယ်ပဲ မြတ်မြတ်နိုးနိုးနဲ့ ချစ်တာလား"

မြဝန်းရံရဲ့ ကိုယ်လုံးလေးကို ရွှေခနဲ ပွေ့ပိုက်လိုက်လေသည်။

"အို"

နှုတ်ခမ်းလေးဆီမှ အသံတိုးတိုးလေး ထွက်လာပြီး…





ထွက်ပေါ်လာ၏။ ရန့်အကြည့်တွေက သူမမျက်ဝန်းတွေထဲအထိ စူးစိုက်နေသည်။

"ဝန်း မယုံဘူးလား၊ ကိုယ် သက်သေပြရမလားကွာ၊ ပြောလေ"

"ပတ်ဝန်းကျင်က မယုံချင်နေပါစေရန့်ရယ်၊ ဝန်းကတော့ ယုံကြည်ပါတယ်နော်"

ရန့်စိတ်ထဲမှာ ကြိတ်ပြီး သဘောကျသွားရလေသည်။ မင်းဆီက ဒီစကားမျိုးပဲ ငါကြားချင်တာမြဝန်းရံ။ ရန်သော်တာဆိုတာ ငါ့ကို မင်း စွဲလမ်းနှစ်သက်ပြီး ငါ့ထားရာနေ စေရာသွားရမယ့်ဘဝကို မင်းရောက်စေရမယ်။ ငါက အချစ်ရဲ့အတွေ့အထိ မငွေ့အသက်တွေနဲ့ ဖမ်းစားညှို့ယူထားတာပဲ။

"ဘယ်လိုဘဝမျိုးပဲဖြစ်ဖြစ် ရန့်နောက်ကို ဝန်းလိုက်မယ်၊ ဘဝကို ရင်ဆိုင်ပါ့မယ်၊ ရန့်ထားရာနေ စေရာသွားပါ့မယ်နော်"

"ဝန်းရယ်"

မြဝန်းရံ ကိုယ်လုံးလေးကို ခပ်တင်းတင်းလေး ဖက်ထားမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူထားရာနေ စေရာသွားမည်ဆို၍ ရန် ကျေနပ်သွားရသည်။ ဖြစ်သင့်တယ်။ အဲဒီလိုပဲဖြစ်ရမယ်။ မင်းက ငါ့ရဲ့အစေအပါးကျေးကျွန်လေ။

"ကျွန်မ ရှင့်ကို ချစ်မြတ်နိုးရပါတယ် ရန်သော်တာရယ်၊ ကိုယ့်ကို ဝန်း အရမ်းချစ်ပါတယ်၊ ကိုယ်ခေါ်ရာ ဝန်းလိုက်ပါတော့မယ်နော်"

မြဝန်းရံရဲ့လက်တွေက တုံ့ပြန်ပြီး ဖက်တွယ်လာလေသည်။ မျက်နှာလေးက မှော့လာ၏။

"မြဝန်းရံလေးကို မင်း ဒုက္ခမပေးပါနဲ့နော်၊ မေမေလက်မခံဘူး၊ မြဝန်းရံမှာ ဘာအပြစ်မှ မရှိပါဘူး၊ မေမေ့အပြစ်နဲ့ မေမေ့ကံကြမ္မာပါ"

မေမေ့စကားတွေကို ရန် ပြန်၍ကြားယောင်လာလေသည်။ အပြစ်ကင်းစင်နေတဲ့ မျက်ဝန်းတောက်တောက်လေးက လှပသန့်စင်လွန်းနေ၏။ ရန့်စိတ်တွေကို ထိန်းချုပ်လိုက်သည်။ သူ့ခန္ဓာကိုယ်မှာ စွဲထင်နေတဲ့ ရေမွှေးနံ့က သူ့ရင်ထဲမှာ အမုန်းတွေ





တိုးပွားလာရ၏။

"ကျွန်မတို့ ထွက်ပြေးကြရအောင်နော်၊ ဝန်းလည်း ကိုယ်နဲ့မခွဲနိုင်တော့ဘူး၊ ရန့်နောက်ကို ဝန်း လိုက်ပါ့မယ်နော်"

"ဝန်း ဆုံးဖြတ်လိုက်ပြီလား"

"အင်း"

"ခဏနေရင် ရန်တို့ အပြင်ထွက်ကြမယ်၊ ဝန်း ကိုယ့်နောက်ကို လိုက်ခဲ့နော်"

"အင်း"

ရန်ကတော့ မြဝန်းရံအား သက်ထပ်ယူရန် ဆုံးဖြတ်လိုက်လေသည်။ မင်း ငါ့နောက်ကို လိုက်ခဲ့ရမယ် မြဝန်းရံ။

"မင်းအဖေဆီက ဘာပစ္စည်းမှ မယူလာပါနဲ့ မြဝန်းရံ၊ ကိုယ်တို့ဘဝကို ကိုယ်တို့အစွမ်းအစနဲ့ တူထောင်ကြရအောင်"

"ရန့်သဘောပါပဲ"

မြဝန်းရံကို ခေါ်ပြီး ရန် တီတာတဆိတ်လေး ထွက်လာခဲ့လေသည်။ မေမေ့ကိုတော့ သားရန် တောင်းပန်ပါတယ်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ကိုယ်ချင်းစာတရားလေး နည်းနည်းပဲရှိနေစေချင်လို့ပါ။

"ရန်"

"ပြော"

"အန်တီသော်တာ့ကို ဘယ်လိုလုပ်မလဲဟင်၊ ဖေဖေက စိတ်ဆိုးမလား၊ ဝန်း စိတ်ပူတာက အန်တီသော်တာ့ကိုပဲ"

"ဖေဖေ ဦးတိမ်ယံက မေမေ့ကိုတော့ ထားမှာပါ၊ မောင်၊ မထုတ်ပါဘူး ဝန်းရယ်၊ ခမည်းခမက်တော်စပ်သွားပြီ မဟုတ်လား"

"အန်တီသော်တာ့အတွက် ဝန်း စိတ်ပူတာပါနော်"

ရန့်လက်မောင်းတွေကို ဝန်း တင်းကြပ်စွာ ဆုပ်ကိုင်ထား မိလေသည်။ ဖေဖေ ဘာပြောမလဲ။ သမီးမိုက်လို့ပြောမလား။ ဝန်း ဘာတွေဖြစ်သွားပြီလဲမသိပါဘူး ဖေဖေရယ်။ ရန့်ကို မြင်မြင် ချင်းပဲ ချစ်မိသွားမယ်။ ကံကြမ္မာပဲလားဟင်။

"မင်း မြဝန်းရံကို ချစ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ ရန်သော်တာ၊ မေမေသိတယ်"

ရန့်မေမေ အန်တီသော်တာ ပြောတဲ့စကားတွေကို ကြား





ယောင်မိလာတော့လည်း ဝန်း တုန်လှုပ်မိသည်။ ဒါပေမယ့် ရန့်ကို ချစ်မိသွားပြီဆိုတော့လည်း သူထားရာနေ စေရာသွားရတော့မှာပဲ လေ။ ရန့်နောက်ကို ဝန်း လိုက်လာမိပြီပဲ။ အန်တီသော်တာက ဟန့်တားပိတ်ပင်နေ၍ ဝန်း အလောတကြီး ရန့်နောက် လိုက်လာခဲ့ ခြင်းဖြစ်သည်။

"ဝန်း"

"ဟင်"

"မင်းအဖေဆီက ဘာမှယူမလာခဲ့ဘူးနော်"

"မယူလာပါဘူး၊ ပိုက်ဆံပဲ နည်းနည်းပါးပါး ယူလာ တယ် ရန်"

"ကောင်းတယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ဘဝ ကို ကြိုးစားကြမယ်"

"ရန့်သဘောပါပဲလေ"

ရန့်ရင်ခွင်ထဲမှာ ဝန်းဘဝက အရာရာကို ပြီးပြည့်စုံနေ သည်ဟု ဝန်း ထင်မှတ်ထားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝန်းအတွက် အခါကအကျဆုံးက ရန့်ရဲ့ ချမ်းခြင်းမေတ္တာတွေကို ရယူပိုင်ဆိုင်ခွင့် ရှိနေဖို့ပါပဲလေ"

ချစ်သူရင်ခွင်ထဲသို့ ဝန်း တိုးဝင်ဖက်တွယ်ထားမိလေသည်။ ဖေဖေကတော့ သမီးနိုက်လို့ ထင်တော့မှာပဲ၊ ဝန်း မှားယွင်းသွားပြီလားမသိပါဘူး။ ကိုကို ဝန်းချစ်တယ်။ သံယောဇဉ်တွေကြီးမားစွာ တွယ်ငြိနေရပါပြီ။ ကိုအတွက် ဝန်း ဘယ်အရာမဆိုပေးဆပ်ဖို့ အဆင်သင့်ပါပဲ။ ပြီးတော့လေ အန်တီသော်တာကိုဖေဖေ ကိုယ်ချင်းစာတတ်စေချင်လို့ပါနော်။ ရန့်ရင်ထဲမှာ ရှိနေတဲ့နာကြည်းချက်တွေကိုလည်း ပြေပျောက်သွားစေချင်လို့ပါ။

"ကိုရယ် ဝန်းနှလုံးသားတွေထဲအထိ ချစ်မြတ်နိုးရပါတယ်လေ"

ချစ်သူ၏ အနမ်းတွေက သူမပါးပြင်လေးပေါ်သို့ တစ်ချက်မက်မက် ကျရောက်နေလေသည်။

ဖြူ ဖြူ ဖြူ



# အခန်း [၁၉]

"မသော်တာ တောင်းပန်ပါတယ် ကိုတိမ်ယံ၊ သားရန့်ကိုကျွန်မ တွေ့အောင်ရှာမယ်၊ မြဝန်းရံလေးကို ရှင့်လက်ထဲ ပြန်အပ်ပေးပါ့မယ်"

ဦးတိမ်ယံရဲ့ အကြည့်တွေက ယခင်ကလောက် တင်းမာခက်ထန်ခြင်း မရှိတော့ပေ။ သမီးကပဲ ပေးဆပ်ချင်တာလား၊ မောင်ရန့်သော်တာကပဲ သမီးကို လက်တုံ့ပြန်လိုတာလား။

"ကျွန်မ ဒီကနေ ထွက်သွားပါတော့မယ် ကိုတိမ်ယံ၊ သားရန့်ကို ရှာမယ်၊ သမီးလေးမြဝန်းရံကို ရှင့်လက်ထဲပြန်အပ်ပေးမှာပါ၊ မဖြစ်ဘူး၊ သားရန့်က မြဝန်းရံကို ချစ်မှာမဟုတ်ပါဘူး၊ မုန်းတီး



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းနေမှာပါ၊ ကိုတိမ်ယံလည်း ရှာပါဦး၊ ဟို..ဟို ကျွန်မသားကိုလည်း ခွင့်လွှတ်နားလည်ပေးပါနော်"

သားရန့်ရယ်။ မင်းတော်တော် မိုက်မဲတဲ့ကောင်ပဲ။ သားမိုက်၊ ကျေးစူးကန်းတဲ့ကောင်။ မြဝန်းရံလေးမှာ ဘာအပြစ်ရှိနေလို့လဲ။ ပြီးတော့ မြဝန်းရံက အသက်ဆယ့်ရှစ်နှစ်ပင် မပြည့်သေးဘူးထင်တယ်။ ဘုရားရေ မသော်တာ မတွေးရဲတော့။ သားရန့်ရဲ့ ပညာရေး ဘယ်လိုလုပ်မလဲ။ သားရန့်အကြံတွေက ပက်စက်လှချည်လားကွယ်။

"ကျွန်မ တွေ့အောင်ရှာပေးပါ့မယ်၊ သတင်းစာကြော်ငြာထည့်ပါ့မယ် ကိုတိမ်ယံ၊ စိတ်မပူပါနဲ့နော်"

ဦးတိမ်ယံကတော့ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေလေသည်။ မသော်တာ မင်းကို အပြစ်မပြောချင်တော့ပါဘူး။ အားလုံးငါ့ရဲ့အပြစ်တွေပါ။ မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ထားရတယ်ဆိုပြီး အနိုင်ကျင့်ခဲ့သည်။ သားရန့်လည်း ခံစားရမှာပဲလေ။





"သားရန့်ကို မတွေ့တွေ့အောင်ရှာပြီး ကိုတိမ်ယံလက်ထဲပြန်အပ်မှာပါ၊ ကျွန်မတို့သားအမိ ဒီအိမ်ကြီးထဲကနေ အပြီးအပိုင်ထွက်သွားတော့မှာပါ"

ဒေါ်သော်တာ အနူးအညွတ်တောင်းပန်ပြီး ကိုတိမ်ယံအနားကနေ ထွက်လာခဲ့လေသည်။ သားရန့်ကို ရှာရမယ်။ မဖြစ်ဘူး မြဝန်းရံလေးမှာ အပြစ်မရှိပါဘူး။ မိုက်မဲတဲ့သား ဒီအိမ်ကြီးထဲကနေ ထွက်သွားတော့မယ်။ ကိုတိမ်ယံအနားမှာ ကျွန်မ နေခွင့်မရှိတော့ဘူး။ သားရန့် မင်းကျေးစူးကန်းတာပဲ။

"မမကြီး"

"ဟင်...ဒေါ်ချို"

"အစားအမှန်၊ အအိပ်မမှန်နဲ့ ကျန်းမာရေးထိခိုက်နေပါပြီ၊ ။ပကြီးကို သနားလိုက်တာ၊ ဘဝတစ်လျှောက်လုံး ပင်ပန်းနေပါပြီ"

"ဒေါ်ချို သားရန့် မိုက်မဲတယ်၊ လူမဆန်ဘူး၊ မသော်တာ ပုံးဝခွင့်မလွှတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကိုလျှော့ပါ မမကြီးရယ်၊ ကြည့်ရတာ စိတ်အ ကောင်းလိုက်တာ၊ သားရန့်ကိုလည်း အပြစ်မတင်ပါနဲ့လေ။ သူငယ် စဉ်လေးထဲက မြင်တွေ့ခဲ့ရတော့လည်း စိတ်ခံစားချက်တွေ ရှိနေမှာ ပါပဲ"

"ကျွန်မ လုံးဝလက်မခံနိုင်ဘူး။ ခွင့်လည်းမလွှတ်ဘူး၊ မြဝန်းရံလေးမှာ အပြစ်မှမရှိတာပဲ"

သားရန့်ရယ် မမေ သည်းခံနေတာ သားရန့်ရဲ့ အနာဂတ် အတွက်လည်း ပါပါတယ်။ သားရန့်ပညာရေးလေ အခုဘယ်လို ရှေ့ဆက်မလဲ။ ဘာမှလည်း ယူမသွားဘူး။ ဘယ်လိုနေထိုင်စား သောက်ကြမလဲ။ မင်းက မြဝန်းရံလေးကို ညှင်းပန်းနှိပ်စက်တော့ မှာမဟုတ်လား။

"ကျွန်မစိတ်တွေ အရမ်းပူရတယ်။ အားလုံး ဒုက္ခရောက် ရတော့မယ် မချိုရယ်"

မမကြီးရဲ့ ခံစားနေရမှုတွေကို တစ်ခါတစ်ရံ ဒေါ်ချိုပ စိတ်ထိခိုက်ကြေကွဲရသည်။ အစ်ကိုကြီး ဦးတိမ်ယံ ရက်စက်နေပ နှစ်တွေကြာပြီပဲ။

⟪ မြူမြူ - တပေ ⟫



"ကိုတိမ်ယံ အရမ်းပဲ စိတ်ထိခိုက်နေပါပြီ မသော်တာ အပေါ် ပိုပြီးမုန်းတီးနာကြည်းနေတော့မယ်"

ကိုတိမ်ယံရယ် သမီးလေးမြဝန်းရံကို ရှင် အရမ်းချစ်လေ သည်။ သားရန့်အပေါ် ဘယ်လိုနည်းနဲ့မှ ခွင့်လွှတ်မှာမဟုတ်တော့။ ဒေါ်သော်တာလည်း သားရန့်ကိုရှာသည်။ အစအနပျောက်နေ၏။ သတင်းစာကြော်ငြာထည့်လိုက်သည်။ မေမေ့ကို အမြန်ဆက်သွယ် ပါလို့။ မေမေ့ကို အသက်ဆက်ရှင်သန်စေချင်ရင် သားရန့် အမြန် ဆက်သွယ်ပါလို့။ ကြေကွဲဝမ်းနည်းစိတ်တွေက ရင်ထဲမှာ ပြည့်ကျပ် လှောင်ပိတ်နေရလေသည်။

ဦးတိမ်ယံကတော့ သမီးကို ရှာငွေဖို့ ပြင်ဆင်တာမျိုးတွေ ဘာတစ်ခုမှ မလုပ်ခဲ့ပေ။ ရန့်သော်တာ မင်းရင်ထဲက အမုန်းတွေ ပြေစေချင်တယ်။ မေမေ မှားပါတယ်ကွာ။ သမီးကိုယ်တိုင်ကလည်း မင်းရင်ထဲက အမုန်းတွေ ချေဖျက်ဖို့ရော၊ မေမေ့ရင်ထဲက ကိုယ်ချင်း စာဖို့ မင်းနောက်လိုက်သွားတာပါ။ လူငယ်တွေကို အပြစ်တင်ဖို့ ဖက် ငါ့ရဲ့မိုက်မဲမှု၊ ဆင်ခြင်တုံတရား ကင်းမဲ့နေမှုတွေကိုပဲ

⟪ မြူမြူ - တပေ ⟫

www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်ချင်တာပါ။

"အစ်ကိုကြီး"

"ဟင်"

"မနက်စာ"

"ထားခဲ့"

အိမ်ဖော်ကြီး ဒေါ်ချိုက နေ့စဉ် မိမိအတွက် အခန်းထဲသို့ ထမင်းပို့ရလေသည်။ မိသားစု ပြန်လည်စုစည်းဖို့ သမီးမြဝန်းရံ ကြိုးစားခဲ့သော မိသားစုထမင်းဝိုင်းလေးက မိမိကြောင့် ပျက်သွားရလေသည်။

"မြဝန်းရံလေးကို မရှာတော့ဘူးလား အစ်ကိုကြီး၊ မမကြီးသော်တာတော့ အိပ်ရာထဲတောင် လဲနေပြီ"

"ဟင်"

မသော်တာ နေမကောင်းဘူးဆိုတာ သိလိုက်ရတော့ နည်းနည်းတော့ စိတ်ပူပင်သွားရလေသည်။

"ဒီအိမ်ကြီးထဲကနေ ထွက်သွားမယ်လုပ်နေလို့ ကျွန်မ





ဟားနေရတယ်၊ ကျန်းမာရေးကလည်း ချို့တဲ့နေပုံပါပဲ"

"ထွက်သွားစရာလည်း မလိုဘူး၊ ရှာလည်းမရှာနဲ့လို့ ပြောလိုက်ပါ၊ သူတို့ဟာသူတို့ ရှန်းကန်ပါစေ၊ မသော်တာ ထွက်သွားရင် ရန့်သော်တာက ကျုပ်သမီးကို ပိုပြီးညှင်းပန်းနှိပ်စက်မယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့"

ဒေါ်ချို ထွက်သွားမှ မိမိ ဘာဖြစ်လို့များ ပြေပြေလည်လည် မပြောလိုက်ရတာလဲလို့ နောင်တရမိလာရသည်။ မသော်တာ တော်တော်လေး နေမကောင်းဖြစ်နေပြီလားပဲ။ မိမိအပေါ် တစ်သက်လုံး ကျိုးနွံစွာ အနစ်နာခံပေါင်းသင်းလာခဲ့သော ငယ်သူငယ်ချင်း သော်တာ။

"ကိုတိမ်ယံရယ် သော်တာဘက်က ငြင်းပါသေးတယ်၊ ပါပေမယ့် အတင်းအကြပ် လက်ထပ်စေခဲ့တာပါ၊ မေမေ လူ့လောကကြီးထဲမှာ မရှိတော့တာနဲ့ သော်တာ ရှင့်ကို ကွာရှင်းပေးပါ့မယ်၊ သော်တာ ရှင့်ဆီက ဘာအခွင့်အရေးမှ မယူပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မိမိမှားခဲ့သလားပဲ။ တကယ်တော့ မသော်တာက ေး။

ကို အားကိုးမှီတွယ်နေရတာဆိုတော့ မင်း မငြင်းနိုင်ဘူးဆို။

ငါသိပါတယ်။ ငါကိုယ်တိုင်က သဘ္ဘိမရှိတာပါ။ မေမေ့ဆန္ဒတွေ

ငါကိုယ်တိုင်လည်း မငြင်းဆန်ဘဲ လက်ခံခဲ့တယ်။

တကယ်တမ်း မသော်တာက ကွာရှင်းဖို့ပြောခဲ့တာ။

မင်းနေမကောင်းဖြစ်နေလား၊ ငါ့သမီးအတွက် မင်းစိတ်ထိခိုက်မှု

နေမယ်ဆိုတာ ငါသိတယ်။

ဦးကိမ်ယံ စိတ်ပူပြီး မသော်တာ အခန်းဆီ ထွက်လာ

လေသည်။ အောက်ထပ်မှာ အခန်းကျဉ်းနှင့်နေသော မသော်

ဘဝ နံရံချာလွှန်းနေသည်။ သားရှန်တစ်ယောက်ပဲ ဖြည့်ပြည့်

ကောင်းကောင်းမွန်မွန် ထားပေးခဲ့၏။

"ငါကပထွေးဆိုပြီး မင်းသားကိုတော့ ရေက်စက်သူ

ငါ့အမေက မင်းသားကိုပဲ မြေးလို့သတ်မှတ်တာ"

"ကိုတိမ်ယံသဘောပါနော်၊ မသော်တာ ဘယ်လိုပဲ

ရနေရ ဖြစ်ပါတယ်"





သော်တာကိုယ်တိုင်ကလည်း ကျိုးနွံပြားဝပ်စွာ မိမိညှင်း

ပန်းနှိပ်စက်သမျှ သည်းခံနေထိုင်ခဲ့လေသည်။ မသော်တာ အခန်းနား

ရောက်တော့ ငြီးငြူသံသဲ့သဲ့ကြားရ၏။

"ဟင်း…ဟင်း…ဟီး…ဟီး"

"ဟင်း"

ဘယ်လိုလုပ်ရမလဲ ဒေါ်ချိုကရော မသော်တာကို ဂရု

စိုက်ဘူးလား။ မသော်တာတစ်ယောက်တည်း ဖျားနေသည်။

ဝင်သွားရင် ကောင်းမလား။

"ဟင်း…ဟင်း"

ငြီးငြူသံလေးကြောင့် စိတ်ထိခိုက်ကြေကွဲလာရသည်။

မသော်တာအတွက် စိတ်ပူနေမိ၏။ ဦးတိမ်ယံအခန်းတံခါး ဖွင့်ကြည့်

မိ၏။

"ဟင်း…ဟင်း"

"ဟီး…ဟီး"

"မသော်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး..ဟီး"

"မသော်တာ"

မသော်တာ အဖျားတွေတက်ပြီး အသိမဲ့နေလေသည်။ ဦးတိမ်ယံ စိတ်ပူသွားကာ မသော်တာကိုယ်လုံးကို ဆွဲယူလိုက်သည်။

"ဟင်"

မှေးမှိန်နေသော မျက်နှာက ဖြူဖျော့နေသည်။ သွေး... တော့သလိုပင်။ မသော်တာလည်း ရိုးသားဖြူစင်တဲ့ မိန်းမချော... တစ်ယောက်ပါပဲ။

"မသော်တာ"

"မသော်တာ"

မချို စိတ်တွေပူပြီး မိသားစုဆရာဝန်ထံ ဖုန်းဆက်... လိုက်လေသည်။

"အဖျားကြီးနေတယ်၊ သွေးအားလည်းနည်းနေတာ... စိတ်မောလူမော ဖြစ်နေတယ်ထင်တယ်၊ အနားယူပါစေ"

ဦးတိမ်ယံကတော့ မသော်တာအနား မခွာပ်တော့...





သတိရလာပြီဆိုတော့ ဒေါ်ချိုနှင့်ပဲ အပ်ထားသည်။ မသော်တာ ...ပေါ် အကြင်နာတွေနှင့် ဆက်ဆံသင့်နေပါပြီ။ မိမိ သတ္တိကြောင် ...နှုပြန်ပြီပဲ။ သမီးလေး အနှိပ်စက်ခံနေရပြီလား။

"အစ်ကိုကြီး"

"ဟင်"

"မသော်တာ အဖျားကျသွားပါပြီ၊ အနားယူခိုင်းထားပါ ...တယ်၊ အစ်ကိုကြီးပြောလို့ မသော်တာ အဖျားတက်နေတာ ...သိတာလို့ပြောတော့ အရမ်းကျေးဇူးတင်နေတယ်လေ"

"ဒေါ်ချို သွားတော့"

"အစ်ကိုကြီးရယ် မိသားစု ပျော်ပျော်ရွှင်ရွှင် စုစုစည်း ...စည်း ပြန်နေပါတော့၊ အသက်တွေကြီးပါပြီ၊ ကလေးတွေကို ပြန်ခေါ် ...ပြီး စောင့်ရှောက်ထားစေချင်ပါတယ်"

"ကျုပ်ကို ဘာမှလာမပြောပါနဲ့ ဒေါ်ချို၊ မသော်တာကိုပဲ ပြောထားလိုက်ပါ"

"ဟုတ်ကဲ့"

မသော်တာကို တရင်းတနှီး ပြန်ဆက်ဆံဖို့ ဝန်လေးနေမိ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မိမိသတ္တိမရှိခဲ့တာပဲ။ အရင်ကလည်း မိမိပဲတွေဝေပြီ၊ ပြတ်သားမှုမရှိခဲ့၍ စိတ်သောကတွေ ရင်မှာပိုက်ထားရလေသည်။

"မင်း ဒီအိမ်ထဲကနေ ထွက်သွားမှာတို့တော့ ငါ အရှုံးပဲ စိုးရိမ်ပူပန်နေမိပါတယ် မသော်တာရယ်၊ မင်းဘဝမှာ အရှုံးကို ပင်ပန်းနွမ်းနယ်နေပါပြီ"

မသော်တာထံ မိမိစိတ်တွေကပဲ ရောက်နေလေသည်။ သွားပြီး အားပေးနှစ်သိမ့်ချင်ပေမယ့် သတ္တိကြောင်စွာဖြင့် တုန့်နှေး နေသည်။

"မသော်တာရယ် မင်းကို ငါသနားတယ်၊ မင်းအပေါ် ငါ ဒီလောက်အထိ မရက်စက်သင့်ပါဘူးကွာ"

မသော်တာ နေကောင်းမကောင်း မိမိ အမြဲတမ်း နားစွင့်နေ ခဲ့လေသည်။ အနားယူနေဖို့လည်း ဒေါ်ချိုမှတစ်ဆင့် သတိပေးနေ၏။ တစ်နေ့ကျရင်တော့ တို့မိသားစုလေး ပြန်ပြီး စည်းရုံးပျော်ရွှင်ကြ ရမှာပါ။ ဦးတိမ်ယံမာနတွေကို ချပစ်ဖို့ပဲ လိုအပ်နေလေသည်။

ဦ ဦ ဦ



# အခန်း [၂၀]

"ကို ကျောင်းဆက်တက်ပါနော်၊ ဝန်းမှာ ပိုက်ဆံပါပါ တယ်၊ ဝန်းက အရေးကြီးပေမယ့် ကို့ပညာရေးကိုတော့ ဆုံးခန်း တိုင်အောင် ဆက်သင်စေချင်လို့ပါ"

"အင်း…ကိုကျောင်းဆက်တက်မယ် ဝန်း၊ အဲဒါက ည်း မိသားစုရှေ့ရေးအတွက်ပါ၊ မင်းတော့ အလုပ်ထွက်လုပ်ပြီး ရှာရမယ်ထင်တယ်"

"ဝန်း ရှာမယ်လေ၊ ကိုပဲ ကျောင်းဆက်တက်ပါ၊ ဝန်း လုပ်ရှာမယ်၊ ပြီးတော့ ဝန်းက ဂုဏ်ထူးတွေထွက်ထားတာဆိုတော့ လုပ်မယ်၊ ကို့အတွက်ဆို ဝန်း ဘယ်လိုပဲဖြစ်ဖြစ် ရုန်းကန်



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်စွမ်းပေးနိုင်ပါတယ်"

"ကောင်းပြီလေ၊ အဲဒီလိုစိစဉ်တာပဲ ကောင်းပါတယ်လေ၊ မင်းအလုပ်ရှာတော့"

"အင်း"

ဝန်း ပါလာသမျှပိုက်ဆံလေးနှင့် အိပ်ခန်းလေးတစ်ခု ငှားသည်။ လိုအပ်တဲ့ပစ္စည်းပစ္စယ နည်းနည်းပါးပါး ဝယ်ခဲ့ကြ၏။ ကိုကို ကျောင်းဆက်တက်နိုင်အောင် ဝန်း ကြိုးစားရမယ်။ ကိုရဲ့ ဝန်းအပေါ် ဘယ်လိုရည်ရွယ်ချက်တွေနဲ့ပဲ လက်ထပ်ပါစေလေ ဝန်းကတော့ ကိုကို ချစ်မြတ်နိုးတယ်။ ဝန်း ပေးဆပ်ပါ့မယ်။

ဝန်းတို့နှစ်ယောက် တရားရုံးတွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးတဲ့နောက် ကို့ရဲ့မျက်နှာက တင်းမာပြီး အေးစက်စ ဖြစ်လာသည်ဟု ဝန်း ထင်မိလေသည်။

"ဝန်းကတော့ စာပေးစာယူနဲ့ပဲ ဘွဲ့ရအောင် ယူလိုက်ပါ တော့မယ် ကိုရယ်နော်"

"ကောင်းတယ် ဝန်း၊ ကိုပဲ ကျောင်းဆက်တက်မယ်"





"အန်တီသော်တာရော ဘယ်လိုနေမလဲမသိဘူး၊ ဝန်း စိတ်ပူလိုက်တာ"

"မပူပါနဲ့ ဝန်း၊ မင်းအဖေက မေမေ့ကို ပိုပြီး ညှင်းပန်း နှိပ်စက်နေမှာပဲလေ၊ ပြီးတော့ မေမေကလည်း မင်းအဖေရဲ့ ရက်စက် သမျှကို ကျေကျေနပ်နပ် ခံယူနေမှာပါ"

ရန်ကတော့ သူ့ရည်မှန်းချက်တွေ အောင်မြင်ပြီးနောက် မြဝန်းရံအား ညှင်းပန်းနှိပ်စက်ရမလဲဆိုတာပဲ စဉ်းစားကြံစည်နေလေ သည်။

"ငါက ရက်စက်ချင်တာမဟုတ်ဘူး မြဝန်းရံ၊ မင်းအဖေ ကို ကိုယ်ချင်းစာစေချင်တာပါ၊ ငါ ငယ်စဉ်လေးထဲက မြင်တွေ့ လာရတဲ့ မေမေရဲ့ သိမ်ငယ်မှုအတွက် စိတ်ပြေလက်ပျောက် မင်းကို ဆော့ကစားကြည့်တာပါ"

မြဝန်းရံက သူ့ကို ချစ်မြတ်နိုးစွာဖြင့် လိုလေသေးမရှိ အောင် ပြုစုယုယနေလေသည်။ အလုပ်ထွက်ရှာနေ၏။ ကျောင်းသား တွေကို စာပြပေးဖို့လည်း အဆက်အသွယ်ရှာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်သော်တာကတော့ အေးအေးဆေးဆေးပဲလေ။ ကျောင်းတက်ဖို့ပဲ ပြင်ဆင်နေသည်။ မြဝန်းရုံအား စာပေးစာယူနဲ့ပဲ ရိုးရိုးဘွဲ့တစ်ခုရရန် ကျောင်းပြောင်းတက်စေသည်။ မင်းကို ငါ ပညာရှိနည်းနဲ့ပဲ စိတ်သောကတွေ ပင်လယ်ဝေနေအောင် လုပ်ပစ်ရမယ်။ မင်းဘဝတစ်လျှောက်လုံးမှာ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေစေရမယ် မြဝန်းရုံ။ မင်းမှာ အပြစ်မရှိဘူးဆိုရင် ငါ့မေမေမှာရော အပြစ်ရှိခဲ့လို့လား။ ငါ့မေမေလည်း ရိုးသားဖြူစင်တဲ့ မိန်းမတစ်ယောက်ပဲ။

"ကိုရေ…ဝန်း အလုပ်ရပြီသိလား၊ ကုမ္ပဏီမှာ စာရေးမလေးလေ၊ ဝန်းကို မြင်မြင်ချင်းပဲ အလုပ်ခန့်လိုက်တာ၊ ဝန်းကို အပိုလိုသင်နေလားမသိပါဘူး၊ ပြီးတော့လေ ဝန်းက ဆယ်တန်းမှာ ဂုဏ်ထူးတွေနဲ့ အောင်ထားတယ်လေ"

"ကောင်းတယ်ဝန်း…မင်းအလုပ်ရတော့ ကိုကျောင်းဆက်တက်လို့ရတာပေါ့၊ ကိုက ထူးချွန်ထက်မြက်တဲ့ ဆရာဝန်တစ်ယောက် ဖြစ်ချင်သေးတယ်လေ"

"ဟုတ်တယ် ကိုကြိုးစားနော်၊ ဝန်း အလုပ်ကြိုးစား





ပြီး ငွေရှာမယ်၊ ဒါနဲ့ ကို ဝန်းလေ ကျွန်မအပျိုမဟုတ်ပါဘူး၊ အိမ်ထောင်နဲ့ပါလို့ ပြောလိုက်ရင် ကောင်းမလားပဲ"

"မပြောနဲ့ ဝန်း ကုမ္ပဏီတွေက အိမ်ထောင်နဲ့ဆို အလုပ်ခန့်ချင်မှာမဟုတ်ဘူး၊ အပျိုပဲပြောထားပါ၊ လောလောဆယ် မင်းအလုပ်ရှိမှဖြစ်မယ်"

"အင်းနော်"

မြဝန်းရုံအား တမင်အပျိုဟု ပြောခိုင်းလိုက်ခြင်းဖြစ်လေသည်။ ဒါမှ မင်းကို တခြားယောကျ်ားတွေက ချစ်ကြမယ်လေ တရင်းတနှီးနေကြမယ်။ မင်းကို ချဉ်းကပ်ကြမယ့်ယောကျ်ားတွေရှိလာလို့ မင်းတောင့်ခံမထားနိုင်ရင် မင်းကံကြမ္မာပဲပေါ့။ ငါလည်း မင်းကို လာကြိုဖို့မလိုတော့ဘူး။

"ဝန်းကတော့ အပျိုပဲ"

"မပြောထားချင်ပါဘူး၊ ဝန်းမှာ ယောကျ်ားရှိတယ်လို့ ဝန်း လိမ်ညာမထားချင်ပါဘူးနော်"

"အလုပ်သဘောအရပဲ ဝန်းရယ်၊ ဘာဖြစ်လဲ အလုပ်လို



www.burmeseclassic.com

www.burmeseclassic.com



အပ်နေတာမဟုတ်လား၊ အချိုပဲပြောထားလိုက်ပါ"

"အင်းနော်"

ဝန်းလက်တွေက သူ့လက်မောင်းတွေကို ဖက်တွယ်လာလေသည်။ မြဝန်းရံကိုယ်မှာ ဆွတ်ထားတဲ့ ရေမွှေးနံ့က သူ့စိတ်တွေကို တိမ်းညွှတ်ယစ်မူးမသွားစေရန် ဖိုးဆော်ပေးနေခဲ့၏။ ဘာဖြစ်လို့လဲဆိုတော့ ရန်က ရေမွှေးနံ့ကို အရမ်းစုန်းတီးလို့ပါပဲ။ တမင်မြဝန်းရံကိုယ်မှာ ရေမွှေးနံ့ကို ဆွတ်ခိုင်းထားလိုက်တာ။

"ဝန်းလေ ရန့်ကို အရမ်းပဲချစ်တာယ်သိလား၊ ရန်က အရမ်းကို ခန့်ညားချောမောတဲ့ ယောကျ်ားတစ်ယောက်ပဲ၊ ဝန်းယောကျ်ားအတွက် ဂုဏ်ယူပြီး ဝန်းက တွဲပြချင်တာလေ"

"ဝန်းယောကျ်ားက ဝန်းယောကျ်ားပဲလေ၊ အလုပ်သဘောအရ ဝန်းက အပျိုလိုပဲနေစမ်းပါ၊ ကိုယ့်မိန်းမက အအိုနဲ့မတူဘူး၊ တကယ့်ကို အပျိုစင်လေးပဲ"

"ကိုနော်"

လောလောဆယ်တော့ မြဝန်းရံ့အား ပြဿနာမရှာချင်သေးပေ။ ခင်းကို ဒီထက်စွဲလမ်းနှစ်သက်လာအောင် အချိန်တစ်ခု လိုအပ်သေးတယ်။





"ကို နေ့ကဲဖြန့်ပဲ ကျောင်းစတက်တော့မယ်နော် ဝန်း"

"တက်လေ ကို၊ ဝန်းလည်း အလုပ်ရပြီပဲ ဟိုအရင်က ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်နေတာဆိုတော့ အခုအဆင်ပြေပါ့မလားဟင်"

"ရပါတယ် ဝန်းရယ်၊ ကို ဘတ်စ်ကားပဲ စီးသွားပါ့မယ်၊ တစ်ခါတလေကျရင် ကိုယ့်သူငယ်ချင်း ကိုယ်ပိုင်ကားတွေလည်း ရှိပါတယ်"

"အင်းလေ…နောက်ဆို ကို အငှားကားနဲ့ ကျောင်းတက်နိုင်မှာပါ၊ ဝန်း ဝင်ငွေတွေ အများကြီးရအောင် ရှာမယ်၊ ကိုက ချောမောခန့်ညားတဲ့ ယောကျ်ားဆိုတော့ ဝန်း သေသေချာချာ တာဝန်ယူမှဖြစ်မှာပါလေ"

မြဝန်းရံရဲ့ လက်တွေက သူ့ရင်ဘတ်ကို ထိတွေ့ပွတ်သတ်ဆော့ကစားရင်း ကြည်လင်တောက်ပတဲ့ မျက်ဝန်းလေးတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်နေသည်။

မျက်တောင်ကော့ကော့လေးတွေ ဝန်းရံထားတဲ့ မျက်ဝန်းနက်နက်လေးက ယောကျာ်းတစ်ယောက်ကို ညှို့ယူဖမ်းစားနိုင်စွမ်း အပြည့်ရှိနေ၏။ ဒါပေမယ့် ရန်သော်တာရဲ့ နှလုံးသားကိုတော့ ဖမ်းစားညှို့ယူနိုင်စွမ်းမရှိပေ။ မင်းကိုယ်မှာ စွဲထင်နေတဲ့ ရေမွှေးနံ့ကို ငါအရမ်းမုန်းတာပဲကွာ။ ငါမကြိုက်ဘူး။ ရေမွှေးနံ့ဆို ဘယ်လောက် အမျိုးအစားကောင်းပါစေ ရန်သော်တာမုန်းသည်။ မကြိုက်ပေ။ မင်းခန္ဓာကိုယ်မှာ ဒီရေမွှေးနံ့ သင်းပျံ့နေစေတာ ငါ့ရဲ့ အမုန်းသာကော်တပဲ မြဝန်းရံ။

"ကိုကကျွန်မကို မချစ်တော့မှာကို ကျွန်မအကြောက်ရွံ့ဆုံးပဲသိလား၊ ကိုသာ ကျွန်မကို ပြစ်ပယ်ထားသွားရင် ကျွန်မ အသက်ရှင်နိုင်မှာ မဟုတ်တော့ဘူးသိရဲ့လား ရန်"

"အဲ့ဒါတစ်ခုတော့ ကို အာမခံချက်သိပ်မပေးနိုင်ဘူးနော် ဝန်း"

"ဘာပြောတာလဲကို"





"ကိုက ဘယ်အရာမျိုးမဆို အစွဲအလမ်း သိပ်မကြီးတတ်ဘူးဝန်း၊ တစ်ခါတလေ ပစ္စည်းတစ်ခုကို အရမ်းကြိုက်ပြီးမှ လက်ထဲရောက်ရင် မကြိုက်တော့တာမျိုးလည်း ရှိတတ်တယ်"

"ကိုနော်"

"ကိုယ့်အကျင့်စရိုက်တွေကို ပြောပြထားတာပါ"

"ဒါဆို ကိုက ဝန်းကိုရော ရပြီးပြီဆိုတော့ မကြိုက်တော့ဘူးပေါ့"

"ကိုယ့်အကျင့်စရိုက်ကိုပဲ ပြောပြထားတာပါ ဝန်းရယ်"

"ကို"

"ပြော"

"ဝန်းကိုတော့ ပြစ်မထားခဲ့ပါနဲ့နော်၊ ကို့သဘောကျ ဝန်းနေပေးပါ့မယ်၊ ကိုမုန်းသွားမှာ ဝန်းအရမ်းကြောက်တာပဲ"

"ဟွန်း…ဟွန်း…အဟွန်း"

"ကိုဘာရယ်နေတာလဲ၊ ကျွန်မ အရမ်းစိတ်ပူလာပြီနော်"

"မြဝန်းရံက ကိုယ့်ဘက်ကနေ စတင်ပြစ်ခွာမသွားမယ့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပါ၊ မင်းဘက်ကနေ စတင်ခွဲခွာသွားရင်တော့ ကိုယ့်တာဝန်မဟုတ်ဘူးနော်"

"ကိုကို ဝန်းဘက်ကနေ ဘယ်တော့မှ စွန့်ပစ်သွားမှာမဟုတ်ဘူးနော်၊ ဝန်းလည်း ကိုခေခေလိုပဲ ကိုယ့်အနားမှာ ထာဝရရှိနေမှာပါနော်"

သူရင်ခွင်ထဲသို့ မြဝန်းရံကိုယ်လေး တိုးဝင်လာလေသည်။ ရန့်လက်တွေက ပျော့နေ၏။ မြဝန်းရံ ကိုယ်သင်းနံ့တွေက ရန့်ခေါင်းတွေကို မူးနောက်၍ ရီဝေလာစေ၏။ စိတ်တွေကျဉ်းကြပ်လာလေသည်။

"ကိုရယ် ဝန်းအရမ်းစိတ်ပူနေတယ်၊ ကိုယ့်အနားမှာပဲ ဝန်းကိုထာဝရ နေခွင့်ပေးပါနော်"

ဝန်းလက်လေးတွေက ရန့်ရင်ဘတ်ကို ပွတ်သပ်နေလေသည်။ ရန့်ကတော့ ရင်ခုန်လှိုက်မောသော အချစ်ခံစားမှုတွေအစား ခေမေရဲ့သိမ်ငယ်နိမ့်ကျမှုတွေပဲ မြင်ယောင်လာရသည်။

"မြဝန်းရံ မင်းလည်း ငါ့မေမေ့ဘဝကို ရောက်စေရမယ်။ မင်းအမေအတွက် မင်းပေးဆပ်ရမယ်လေ"

❦ မြိုးမြို့ - စာပေ ❦

ဝန်းခန္ဓာကိုယ်လေးကို သိုင်းဖက်ထားတဲ့ သူ့လက်တွေက အင်အားခွဲချင်နေသည်။ အချစ်တွေကို ဟန်ဆောင်၍ပင် မခံစားချင်တော့။ ဝန်းကသာ သူ့အား တင်းကြပ်စွာ သိုင်းဖက်လာသည်။

"မင်းခန္ဓာကိုယ်က ရေမွှေးနံ့ကြီးကို ငါအရမ်းမုန်းတယ်၊ ဟုတ်တယ် အဲဒီ့အနံ့ကြီးက မင်းကိုယ်မှာ ရှိနေစေရမယ်"

မြဝန်းရံရဲ့ နှုတ်ခမ်းဖူးဖူးငုံငုံလေးကိုပင် နမ်းရှိုက်ရမှာ တွန့်ဆုတ်နေမိလေသည်။ အကြည့်တွေကို လွှဲပစ်လိုက်တော့၏။ မြဝန်းရံရဲ့ မျက်တောင်ကော့ကော့လေး ဖျတ်ခနဲ ကော့တက်သွားတာ အထိတ်တလန့်လေးကြည့်သည်။

"ကိုသွားစရာရှိတယ်၊ ကျောင်းကိစ္စတွေရှိလို့"

မြဝန်းရံကို လှည့်မကြည့်တော့ဘဲ ရန်ထွက်လာခဲ့လေသည်။ သူ့ခြေလှမ်းတွေက နှေးကွေးချင်နေ၏။ မင်းစိတ်တွေကို တင်းထားစမ်းပါ ရန်သော်တာ၊ အလုပ်သင့်ဆုံးအလုပ်ပဲ မြဝန်းရံ ပေးဆပ်ရမယ်၊ ဒါမှ တရားမျှတမှာ။ လုပ်ပြီးမှတော့ နောက်မဆုတ်ဖို့ ဆုံးဖြတ်လိုက်လေသည်။

❦ ❦ ❦

❦ မြိုးမြို့ - စာပေ ❦

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [၂၁]

ရန် ဘာဖြစ်သွားရတာလဲ။ အကြည့်စိမ်းစိမ်းတွေကို ဝန်း အမှတ်မထင် ရင်ဆိုင်လိုက်ရလေသည်။ သူမ အထိတ်တလန့် ဖြစ်သွားရ၏။ ရန့်စိတ်ထဲမှာ ဝန်းကို နာကြည်းတဲ့စိတ်တွေ ကိန်းအောင်းနေတယ်ဆိုတာ သိပါတယ်။ ရန့်ကို ဝန်း ပေးဆပ်ချင်မိတာပါနော်။ အမေ့အပေါ်မှာ နာကြည်းမှုတွေ လျှော့ပါးစေချင်တယ်။ ဝန်း ချစ်မြတ်နိုးရတဲ့ ရန့်ဆီမှာ အမုန်းတွေ ပြေလျော့သွားစေချင်တာပါ။

"မြဝန်းရီ"

"ရှင်"

{ ပြီးပြီ - တပေ }

www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီပိုင်ရှင် သူဌေးက မင်းကိုတွေ့ချင်နေတယ်၊ ဝင်တွေ့လိုက်ပါ"

"ဟုတ်…ဟုတ်ကဲ့"

ဝန်းစိတ်တွေ လေးလေးလံလံနှင့် ကုမ္ပဏီကို ထွက်လာခဲ့လေသည်။ အလုပ်ရှင်က အဘိုးထင်မှတ်နေ၍ ဝန်း စိတ်ထဲမလုံခေ။ ရန်နှင့်လည်း အဆင်မပြေ၍ ဝန်း စိတ်မသက်မသာဖြစ်နေရသည်။ အခန်းထဲဝင်သွားတော့ သူမထက် အသက်အနည်းငယ်သာကြီးမည်ဖြစ်သည့် ချောမောခန့်ညားသော ယောကျ်ားတစ်ယောက်ကို တွေ့ရလေသည်။

"မြဝန်းရံလား"

"ဟုတ်ကဲ့"

"ကိုယ့်နာမည်က နန္ဒမိတ်ပါ"

"ရှင်"

"နန္ဒမိတ်လေ…မင်းကို လူတွေ့စစ်ဆေးတုန်းက ကိုယ်ပါ တာပဲ၊ သိတယ်မဟုတ်လား"





"ဟင့်အင်း"

"ဟာကွာ"

"ကျွန်မက စိတ်ထဲမှာ တထိတ်ထိတ်ခုန်နေလို့ ပတ်ဝန်းကျင်မှာ ဘယ်သူတွေရှိနေမှန်းတောင် သတိမထားမိပါဘူး"

"ထားပါတော့လေ…ကိုယ်က ဒီကုမ္ပဏီပိုင်ရှင်ပဲ၊ မြဝန်းရံကို အစိကာခေါ်တွေ့ရတာတော့ မင်းက ဆယ်တန်းမှာလည်း ဂုဏ်ထူးတွေရထားတော့ မင်းကို ကိုယ့်အတွင်းရေးမှူးမလေးအဖြစ် ခန့်အပ်မလို့ပဲ မြဝန်းရံ"

"ရှင်"

"မင်းက ထူးချွန်ထက်မြက်မယ်လို့ ထင်တယ်လေ၊ လုပ်ငန်းကတော့ သင်ရင်းတတ်သွားမှာပါ၊ မင်းအမှတ်တွေက ယှဉ်ပြိုင်သူများမှာ အရမ်းကောင်းနေတာ ကိုယ်သဘောအကျဆုံးပဲ"

ငယ်ရွယ်နုပျိုတဲ့ သူဌေးရဲ့အစားမှာ ဝန်း အနီးကပ် အလုပ်လုပ်ရပြီပေ။ ဝန်း အပျိုမှမဟုတ်တာ။

"မင်းက ဆေးတက္ကသိုလ်အမှတ်မီသားပဲ၊ တကယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ပညာရေးဓမ္မဒါနအဖြစ် သင်ပေးမယ်ဆိုရင်ရော မင်းတက်မလား"

"ဟာ…မတက်ပါဘူး၊ ကျွန်မ အလုပ်လုပ်ပြီး စာပေးစာယူပဲ တက်ပါ့မယ်၊ ကျွန်မ ဒကာခံလည်း မဖြစ်ချင်ပါဘူး၊ လူသေတွေကို ကြောက်တယ်၊ ဘိရုဏ်နံ့တွေ မကိုင်ရဲဘူး"

"ဖြစ်မှဖြစ်ရလေကွာ နှမြောစရာကောင်းလိုက်တာ၊ ကောင်းပြီလေ မင်း အလုပ်လုပ်ချင်တယ်ဆိုရင်လည်း လုပ်ပါ၊ ကိုယ့်ရဲ့ကိုယ်ရေးအရာရှိအဖြစ်ပေါ့၊ လခလည်း ကောင်းတယ်လေ"

ကျွန်မကို ရှင်က အပြုံးပြနေလို့မဟုတ်လား။ မဟုတ်ဘူးလို့ ပြောပြချင်ပေမယ့် လောလောဆယ် ငွေရဖို့က အရေးကြီးရေသည်။ ထားလိုက်ပါတော့လေ ဘယ်တတ်နိုင်ပါ့မလဲ။ အရေးကြီးတာက ရန့်ကို ကျောင်းဆက်ထားနိုင်ဖို့ပဲလေ။ ရန့်ဘက်က ဘယ်လောက် မုန်းတီးနာကြည်းနေပါစေ ဝန်းဘက်ကတော့ ဘယ်တော့မှ အချစ်မပျက်ပါဘူးရန့်ရယ်။

"ဘယ်လိုလဲ မြဝန်းရဲ့ မင်းအလုပ်ကို လက်ခံမယ်မဟုတ်လား"





"ဟုတ်ကဲ့…ဒါပေမယ့် ကျွန်မက အလုပ်သဘောကို သိပ်နားမလည်သေးတော့ ဖြစ်ပါ့မလားဟင်"

"ဖြစ်ပါတယ်၊ အလုပ်ကသင်ပေးသွားမှာပါ စိတ်မပူပါ မြဝန်းရဲ့"

"ဟုတ်ကဲ့"

"ဟိုစားပွဲက မင်းထိုင်ဖို့ပဲ၊ လုပ်ရမယ့်အလုပ်တွေကိုတော့ ိုယ့်လက်ထောက်က သင်ပေးလိမ့်မယ်"

"ဟုတ်ကဲ့"

ဝန်း ထိုင်ရမယ့်စားပွဲဆီ ထလာခဲ့သည်။ ဘာပဲဖြစ်ဖြစ် ိုရတော့လည်း အဆင်ပြေတာပေါ့။ ဝန်း ကြိုးစားပြီးလုပ်မယ်။ ကျ်ထပ်ဝင်ငွေရဖို့လည်း ရှာရဦးမယ်။ လက်ထောက်မန်နေဂျာ ဝင်လာပြီး ဝန်းကို လုပ်ငန်းတွေ သင်ကြားပေးလေသည်။

"မြဝန်းရဲ့က တော်တယ်၊ ထက်မြက်တယ်၊ ဆေး ုသိုလ်ဆက်မတက်နိုင်တာတော့ နှမြောစရာကွယ်"

"ဝန်းဘဝနဲ့ ဝန်းပါပဲလေ၊ အိမ်အတွက် ငွေပဲလိုအပ်နေ ၊ နောက်ထပ် ကျောင်းသားတွေကို ဂိုက်လုပ်ပေးတဲ့ အလုပ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် လိုချင်နေတာပါ"

"အင်းပေါ့လေ…မိသားစုအခက်အခဲ ရှိနေတော့လည်း ဝင်ငွေရတဲ့အလုပ်ပဲ လုပ်ရတော့မှာပေါ့၊ မငူပါနဲ့ အနံ့တီကျော ရှာပေးမယ်၊ မြဝန်းရံက မိသားစုဘယ်နှစ်ယောက်လဲ၊ သမီးအကြီး ဆုံးလား"

"အင်း"

ဝန်း သိပ်ပြီးစကားမပြောချင်တော့ဘဲ အလုပ်နှာပဲ အာ႐ုံ စိုက်ထားလိုက်လေသည်။ အားလုံးက ဝန်းအား အပျိုဟုပဲ ထင်ေ ကြ၏။ ဝန်းကလည်း မပြော။ အလုပ်ချိန်ပြီး၍ အိမ်အပြန်တွ ကိုနန္ဒမိတ်က လိုက်ပို့ပေးမည်ပြော၍ ဝန်း ငြင်းပြီး အမြန်ပြန် သည်။ အဲဒီနောက်တော့ ရန် မရောက်သေးပေ။ သော့ဖွင့် ဝန်းအထဲဝင်လိုက်၏။ အဝတ်အစားတွေလဲကာ ညစာအတွ ပြင်ဆင်ရသည်။

"ရန့်က ငါးကြော်နယ်တာကို ကြိုက်တယ်၊ အသုပ်လ ကြိုက်တယ်၊ တော်ပါသေးရဲ့နော် သင်ထားလို့"





ရန့်ရဲ့ အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်ချင်သည်။ ရန့်ဆီ မှ အထင်တကြီးနှင့် ချစ်မြတ်နိုးမှုတွေကို ဝန်း ခံယူလို၏။ ရန့်ရယ် ရှင်ဘယ်လောက်ပဲ ဝန်းကို လက်စားချေတဲ့ပြန်ပါစေ အနံ့တီသော် တာလိုပဲ ဝန်းက သည်းခံပြီး ရန့်အနားမှာ တစ်သက်လုံး နေသွားမှာ နော်။

"တီ…တီ"

"တီ…တီ"

အပြင်ဘက်မှ လှူခေါ်ဘဲလ်နှိပ်သံကြောင့် ရန် ပြန်လာပြီ ဆိုတာ သိလိုက်သည်။ တံခါးကို အပြေးအလွှား လာရောက်ဖွင့် ပေးခိုက်မိ၏။

"ဟင်"

အခန်းဝမှာ ရန်နှင့် မိန်းမချောလေးတစ်ယောက်ကို တွဲလျက်တွေ့လိုက်သည်။ ရန့်မျက်နှာပေါ်မှာ ပြုံးရွှင်ကျေနပ်ပီတိ တွေ ဖြာဝေနေတာ အမြင်ကတ်စရာကောင်းအောင် တွေ့လိုက်ရ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုလိုက်ပို့တာ ကျေးဇူးပဲချော၊ အထဲဝင်ထိုင်ဦး မလား၊ ဒါက ကိုယ့်ဇနီး မြဝန်းရုံတဲ့၊ တို့ယ်တို့နှစ်ယောက်ကို သဘောမတူလို့ အိမ်ကထွက်လာတာလေ"

"သြော်…ဟုတ်လား ရန့်နဲ့ချောက ကျောင်းနေဖက်တွေပါ၊ ဆယ်တန်းထဲက အတူတူလေ၊ အခုလည်း ဆေးကျောင်းမှာ အတူတူ ပဲ"

"ဟုတ်ကဲ့…အထဲဝင်ပါဦး"

"မဝင်တော့ပါဘူး၊ ရန့်နဲ့ စကားကောင်းလာလို့ ဒီအထိ ပါလာတာ၊ သွားမယ်နော်၊ ဘယ်လိုလဲ ရန် ရှင်က ဘတ်စ်ကား မစီးချင်ဘူးဆိုတော့ မနက်ဖြန် ချောဝဲလာကြိုမယ်လေ"

"ကောင်းတယ် ချော၊ လာကြိုလေ ကိုယ့်အတွက် အရှမ်း အိုကေတာပေါ့"

"တောင့်နေ"

"အင်း"

ချောဆိုတဲ့ မိန်းကလေး ထွက်သွားမှ ရန် အထဲဝင်လာ





သည်။ ဝန်းရင်ထဲမှာ ငရဲမီးနှင့် အပက်ခံလိုက်ရသလို စပ်ဖျင်းနာ ကျင်သွားရ၏။ ဘာဖြစ်လို့များ အမျိုးသမီးတစ်ယောက်နဲ့တွဲပြီး ဝင်လာရတာလဲ ရန့်ရယ်။ ဝန်းကို စိတ်သောကရောက်အောင် လုပ် တာမဟုတ်လား။ ဒါပေမယ့် ရန့်ကို အပြစ်မတင်ဖို့ပဲ ဝန်း ဆုံးဖြတ် လိုက်လေသည်။

"ရန်…ရေချိုးနော်၊ အနားယူလိုက်ဦး၊ ပြီးရင် ရှင်ကြိုက် တဲ့ဟင်းတွေ ဝန်း ချက်ပြုတ်စီစဉ်ထားတယ်သိလား"

"ကိုယ်မစားတော့ဘူးဝန်း၊ ချောနဲ့အတူ ညစာစားလာခဲ့ပြီး ပြီ"

"ဘာပြောတယ် ရန်"

"ကိုယ်စားခဲ့ပြီးပြီ၊ မင်းဟာမင်း စားလိုက်တော့"

"အဲဒီလိုမလုပ်ပါနဲ့ ရန့်ရယ်၊ ဝန်းနဲ့အတူတူ နည်းနည်း တော့ ဝင်စားပါ၊ ရန့်အတွက် ချက်ထားတယ်လေ"

"ကိုယ်ဘယ်စားနိုင်မှာလဲ မင်းပဲစားပါ၊ ချောကားကို လိုက်စီးရမှာဆိုတော့ အလိုက်အထိုက် ပေါင်းထားရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဝန်း ဘာပြောလို့ရမှာလဲ။ ရန့် တမင်သက်သက် လုပ်တယ် ဆိုတာ ဝန်း သိလိုက်လေသည်။ အရင်က ရန့် မိန်းကလေးတွေနဲ့ ပတ်သက်တာမှ မဟုတ်တာပဲ။

"အင်းလေ ရန့်မစားရင်လည်း နေပါ၊ ဝန်းပဲ စားလိုက်မယ်၊ ရန့် အနားယူပါ"

ဝန်း မီးဖိုခန်းထဲ ပြန်ဝင်လာခဲ့လေသည်။ ရင်ထဲမှာ ကြေကွဲစွာ ငိုပစ်ချင်လာရ၏။ ရန့် ရက်စက်တယ်။ ရန့် မိန်းကလေး တစ်ယောက်နဲ့ တွဲလာတာကို ဝန်း မခံစားနိုင်ဘဲ အူနှုကျွဲခတ်ဖြစ်နေလေသည်။ ရန့်ရယ် ရှင်တမင်လုပ်တာပါ။ ဝန်းကို စိတ်သောကတွေရောက်အောင် လုပ်ပြတာပဲဟုတ်လား။ ဝန်း မျက်ဝန်းလေးတွေထဲ မျက်ရည်တွေ ပြည့်လာသည်။ ရှင့်ကို ဝန်း အရမ်းချစ်မြတ်နိုးတယ်ဆိုတာ သိရဲ့သားနဲ့ ဝန်းတစ်ယောက်တည်း ညစာစားရသည်။ အိပ်ရာဝင်တဲ့အထိ ရန့်က စာတွေဖတ်နေ၏။

"ရန့်"

"ပြော"





"ဝန်းလေ အလုပ်က အရမ်းအဆင်ပြေတာပဲသိလား၊ သူဌေးက သူ့ရဲ့ ကိုယ်ရေးအရာရှိ တာန်းပြီးခန့်လိုက်တယ်"

"ဘာ"

"လခတိုးရသွားတာပေါ့၊ အားလုံးက ဝန်းကို အပိုပြုပဲထင်နေကြတယ်သိလား"

မြဝန်းရဲ့စကားကြောင့် ရန့် နည်းနည်းတော့ မနာလိုဝန့်တိုဖြစ်သွားရလေသည်။ ဟိုလူက ဝန်းကို အပိုုထင်ပြီး အခွင့်အရေးပေးတာ ဖြစ်မှာပဲ။

"ဝန်းစိတ်တွေ မလုံပါဘူးနော်၊ နောက်မှ ရန့်အတွက် ငွေလိုနေတာမို့ ငြိမ်နေလိုက်ရတယ်"

ရန့်များ မနာလိုဝန့်တို ဖြစ်မလားလို့ ဝန်း ပြောနေပေမယ့် ရန့်ကတော့ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေသည်။ စာဖတ်မပျက်၊ ရှင်ဘာဖြစ်လို့ အေးစက်နေရတာလဲ ရန့်။ ကျွန်မနဲ့ပတ်သက်ပြီး ဘာတစ်ခုမှ ခံစားချက်မရှိဘူးဆိုတဲ့ သဘောလားဟင်။ ဝန်း ငိုချင်လာရသည်။ ဝန်း အလျှော့ပေးပါတယ်။ အရာအားလုံး



www.burmeseclassic.com

www.burmeseclassic.com



အလျှော့ပေးပါတယ်။

““ညနေရုံးဆင်းတော့လည်း ဝန်းကို လိုက်ပို့ပါရစေတဲ့၊ ဝန်း လက်မခံပါဘူး။ အတောင်းငြင်းပြီး ပြေးလာရတာယ်လေ””

““ကိုယ့်ကို ကော်ဖီတစ်ခွက်ဖျော်ပေးပါ ဝန်း၊ မင်းအိပ်တော့ ကိုယ် စာဖတ်ရဦးမယ်””

ရန်က ပြောပြီး စာဆက်ဖတ်နေလေသည်။ ဟွန်း…ရန့်ဘာမှမခံစားရဘူးပေါ့လေ။

““ကိုယ်က ညဆို တိတ်ဆိတ်ငြိမ်သက်နေတာကို ပိုကြိုက်တယ် ဝန်း””

ဝန်း ထပြီး ကော်ဖီဖျော်ပေးကာ အိပ်ရာဝဲဝင်လိုက်သည်။ ညက တကယ်ပဲ တိတ်ဆိတ်ငြိမ်သက်နေ၏။ ဝန်းကတော့ တစ်ယောက်တည်း အိပ်စက်နေရသည်။ လက်ထပ်ပြီးကာစနီးဆောင်နံ့က စိမ်းကားလွန်းနေသည်ဟု ထင်မိ၏။ အရမ်းချစ်ပြီးအကြောင်းနာတွေ အယုယတွေ အစွမ်းကုန်ပေးရမယ့်အချိန်မှာ ဝန်းတစ်ယောက်တည်း ဘယ်ညာလူးလိမ့်ပြီး အိပ်စက်နေရလေသည်။

ဋ္ဌ ဋ္ဌ ဋ္ဌ



## အခန်း [၂၂]

““ဝန်းရယ်…ရန် အရမ်းချစ်တာပဲ၊ အရမ်းကိုပဲ မြတ်နိုးရပါတယ်ကွာ””

ရန့်အနမ်းတွေက ဝန်းနှုတ်ခမ်းလေးအပေါ် ပူနွေးဖိလှိုက်စွာ ကျရောက်လာလေသည်။ ဝန်းခန္ဓာကိုယ်လေးက ရန့်လက်တွေနှင့် ရစ်သိုင်းဖွဲ့ဖက်ထားခြင်း ခံရလေ၏။ ရန့်ရဲ့ ချစ်ရည်ရွှန်းလက်နေသော ညှို့မျက်ဝန်းတောက်တောက်တွေကို ဝန်း စူးစိုက်ကြည့်မိနေလေသည်။

““ရန့်ရယ်…ဝန်းကို တကယ်ပဲချစ်တာလားဟင်၊ တကယ်ပဲ ချစ်မြတ်နိုးတာလား””



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ပါတယ်ဝန်းရယ်၊ ရန့် ဇနီးချောလေးကို မချစ်ဘဲ နေပါ့မလား၊ ချစ်မြတ်နိုးလွန်းလို့ မရမက လက်ထပ်ယူခဲ့တာပဲ"

"ရန့်ရယ်…ဝန်းပျော်လိုက်တာ၊ စိတ်ချမ်းသာလိုက်တာ၊ ဝန်း အလိုလားအတောင့်တဆုံးက ရန့်ရဲ့ချစ်မြတ်နိုးမှုတွေပါပဲနော်"

ဝန်းရဲ့ နှုတ်ခမ်းတူတူအမိုးအမ်းလေးတွေ ပွစိပ်ရာကျင်သွား ရသလို လည်တိုင်ဘေးကျော့ကျော့လေးတွေတစ်လျှောက် အနမ်းပွင့် လေးတွေက တဖြေးဖြေး ရှေ့လျားသွားရလေသည်။ ရန့် လက်သန် သန်တွေကလည်း ဝန်းခန္ဓာကိုယ်လေးအား တင်းတင်းပွေ့ဖက်ထား ၏။ ဝန်းနှလုံးသားလေးတွေ တဆတ်ဆတ်တုန်ခါကာအအောင် လှိုက်ဖို မောလျှလာရသည်။

"ဝန်းကိုချစ်တယ်၊ အရမ်းချစ်တယ်၊ ကိုယ့်ဇနီးချောလေး ကို ချစ်မြတ်နိုးလွန်းလို့ လက်လွှတ်ဆုံးရှုံးရမှာ အရမ်းကို စိုးရိမ် မိတယ်ကွာ"

ရန့်အသံတွေက လှိုက်ဖိုကြည်နူးဖွယ် တိုးလျှညင်သာ၏ သည်။ ရန့်မျက်ဝန်းအစုံက အကြင်နာတွေနှင့် ရီဝေမှေးစင်းနေ၏





ဝန်း ပျော်လိုက်တာနော်။ ရန့်ရဲ့ အချစ်တွေ အကြင်နာ အယုယတွေ ကို ရယူပိုင်ဆိုင်ခဲ့လို့လေ။

"တီ…တီ"

"တီ"

"ဟင်"

အခန်းဝမှ ထွက်ပေါ်လာတဲ့ လူခေါ်ဘဲလ်သံကြောင့် ဝန်း ကိုယ်လေး ဆတ်ခနဲတုန်သွားပြီး လန့်နိုးသွားရလေသည်။

"ဟင်"

ဝန်း အိပ်မက်တွေ မက်နေတာပါလား။ သူမဘေးတွင် ရန့်ရှိမနေတော့။ အိပ်ရာပေါ်မှာပင် ရန့် ဝင်အိပ်သည့် ခြေရာလက်ရာ မရှိခဲ့။ ရန့်ဘယ်မှာ အိပ်တာလဲ။ ညက ရန့်တစ်ယောက်တည်း တစ်ရေးနေရာမှာ အိပ်ပုံပင်။ အခန်းထဲမှာလည်း ရန့်မရှိ။

"ဟင်…ရန့်ကော ဘယ်ထွက်သွားပြီလဲ"

သူမ ထိတ်လန့်တုန်လှုပ်စွာဖြင့် အိပ်ရာပေါ်မှ လူးလဲထ လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီ…တီ"

"တီ"

အပြင်မှ လူခေါ်ဘဲလ်သံကလည်း မြည်နေဆဲပင်။ ဝန်း အခန်းအပြင်ဘက် ရောက်လာတော့ ရန်က ညေ့ခန်းမှာ မြက်ပျ ခင်းပြီး အိပ်နေ၏။

"တီ…တီ"

"တီ…တီ"

လူခေါ်ဘဲလ်သံကြောင့် ရန်လည်း လူးလဲထလာမိသည်။

"ရန်…ရှင်ဘယ်မှာအိပ်နေတာလဲ အခန်းထဲမှာ ဘာဖြစ်လို့ မအိပ်တာလဲ"

"တံခါးသွားဖွင့်ပေးလိုက်ပါ ဝန်း"

ဝန်း အခန်းတံခါးကို သွား၍ဖွင့်ပေးလိုက်သည်။ အခန်းမှာ ရပ်နေသူက ရန့်သူငယ်ချင်း ချောပင်။

"အိပ်လှချည်လား ရန်ရယ်၊ ချော ရောက်နေတာကြာပြီ နေပါဦး နှစ်ယောက်လုံး နေမြင့်အောင်အိပ်နေကြတာလား"





ရန့်သူငယ်ချင်း ချော အထဲဝင်လာသဖြင့် ဝန်း စိတ်မသက်မသာဖြစ်သွားရသည်။ ကြမ်းပြင်မှာ အိပ်ရာခင်းပြီး ရန်အိပ်နေတာ တွေ့သွားပြီဖြစ်၏။

"ဟာင်…ရန် ရှင်က ဘယ်မှာအိပ်တာလဲ၊ ညက လင်မယား ရန်ဖြစ်ကြလို့လား"

မဆီမဆိုင် စပ်စုနေတဲ့ ချောကို ဝန်း အမြင်ကတ်လာမိသည်။ ရှင်နဲ့ဘာဆိုင်လို့လဲ၊ ညက ရန်လည်းမဖြစ်ဘဲနဲ့ 'ရန်ကရော ဘာဖြစ်လို့ အပြင်မှာသွားအိပ်နေရတာလဲလို့။

"ဘာမှမဖြစ်ပါဘူး ချောရာ၊ ကိုယ် စာဖတ်ရင်း အပြင်မှာ အိပ်ပျော်သွားရတာပါ၊ ဒီနေ့ ကိုယ် တော်တော်နေမြင့်အောင် အိပ်လိုက်တာပဲ၊ ဝန်း မင်းရောမထဘူးလား၊ ကိုယ် ကျောင်းသွားရမယ်လေ၊ မင်းရော ရုံးသွားရမှာပဲမဟုတ်လား၊ တော်တော်အပျင်း ထူတဲ့မိန်းမပဲ"

ချောရှေ့မှာ ပြောလိုက်သဖြင့် ဝန်း မျက်နှာလေး ထူပူသွားရလေသည်။ ဝန်းလည်း ညက ညဉ့်နက်မှအိပ်ပျော်သွားလို့



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထနောက်ကျသွားရခြင်း ဖြစ်၏။

"ကဲပါ ထ၊ မြန်မြန်မျက်နှာသစ်ပါ၊ ကျောင်းတာရပါတယ်၊ ရန့်အတွက် သွားတိုက်ဆေးတွေဘာတွေ အသင့်ပြင်ထေးမယ်၊ စာအုပ်တွေလည်း အချိန်စာရင်းနဲ့တိုက်ပြီး ထည့်ပေးထားမယ် လုပ်လေ"

"ကျေးဇူးပဲ ချောရယ်၊ ကူညီစမ်းပါဦး"

ရန့်အခန်းထဲဝင်ပြီး ချောက ပြာယာခတ်အောင် လုပ်ပေးနေလေသည်။ ဝန်းလည်း ရုံးသွားရမှာဖြစ်၍ မျက်နှာသစ်ရန် ရေချိုးခန်းထဲ ဝင်လာခဲ့၏။ ရေချိုးခန်းထဲတွင် ရန်နှင့် ဆုံမိကြသည်။

"ဝန်း"

"ဟင်"

"ချောကို နည်းနည်းလေးမှ မငြိုငြင်မိစေနဲ့နော်၊ ချောကကို ကိုယ်က နေ့စဉ်တာပ်စီးရမှာ"

ဒီချောဆိုတဲ့ မိန်းမက နေ့စဉ် ရန့်နှင့်တတွဲတွဲလုပ်တော့မည့်သဘောပင် ဖြစ်နေလေသည်။ ဝန်းရင်ထဲမှာ မကျေနပ်မှုတွေ





ငိုချင်သွားရ၏။ ညက အိပ်မက်နှင့် အပြင်မှာ ဆန့်ကျင်ဘက်ဖြစ်နေသည်။ ရန် ရှင် တာမင်သက်သက် ဝန်းကို စိတ်သောကရောက်အောင် လုပ်ပြနေတာမဟုတ်လား။

"ရန် မြန်မြန်လုပ်လေ၊ ရှင်ဝတ်မယ့် အဝတ်အစားလည်း ချောရွေးပေးထားမယ်နော်"

"ချောသဘောပဲပေါ့ ကိုယ်ကတော့ ကူညီမှရတော့မယ်"

ဝန်း မကြားချင်ပေမဲ့ ကြားနေရလေသည်။ ချောကလည်း ရန့်ရဲ့ဝေယျာဝစ္စတွေကို ပြာယာခတ်အောင် လုပ်ပေးနေသည်။ ဝန်းလည်း ရုံးသွားရမည်ဖြစ်၍ ပြင်ဆင်နေမိ၏။ အမြင်ကတ်ကတ်နှင့် အဝတ်အစားကို အလုပဆုံးဝတ်ပစ်လိုက်တော့သည်။

"ရန့် ကျောင်းစာအုပ်တွေလည်း ထည့်ပေးပြီးပြီနော်၊ မနက်စာတော့ ချောနဲ့ အပြင်မှာစားတော့၊ မဝန်းရဲ့ အလုပ်ရှုပ်နေမှာစိုးလို့ ချောက ဝိုင်းကူတာပါနော်"

ဝန်း တုန်တုန်ရီရီနှင့် စိတ်ကို ငြိမ်သက်အောင် အတော်လေး ထိန်းချုပ်နေရသည်။ ရင်ထဲမှာ နာကျင်ကြေကွဲနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝန်း…ကိုယ်သွားပြီ၊ တော်သေးတယ်ကွာ ချောရောက်လာလို့ပဲ"

ရန်နှင့်ချောကတော့ ကျော့ကျော့ကော့ကော့လေး ထွက်သွားကြသည်။ ဝန်းတစ်ယောက်တည်း ကျန်ရစ်ခဲ့ရင်း ဘာမှဆက်လုပ်နိုင်စွမ်းမရှိအောင် အင်အားတွေ ချိနဲ့သွားရတော့သည်။ မတ်တပ်ပင် ရပ်နိုင်စွမ်းမရှိတော့ပေ။ ဝန်း မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လာရသည်။ တကယ်ဆို ဝန်းကိုလည်း ရန်တို့နှင့်အတူ ခေါ်သင့်သည်။ ရှင် သိပ်ရက်စက်တယ် ရန်ရယ်။

"မြဝန်းရံကို မင်းမချစ်ဘူး သားရန်၊ မင်းလက်တွဲဖြန်ဖို့မဟုတ်လား"

အန်တီသော်တာ ပြောတဲ့စကားတွေကို ပြန်၍ကြားယောင်လာမိသည်။

ဝန်းသိပါတယ်။ ရန့်ရဲ့အာဃာတတွေ ပြေပျောက်ဖို့ ဝန်းလိုက်လာခဲ့တာပါ ရှန်ရယ်။ ဝန်းရင်ထဲမှာ ပူလောင်နေပြီး ယိုင်ခွေကျချင်နေလေသည်။

"ကျွန်မ ရန့်ကိုချစ်တယ်၊ ရန်က ကျွန်မအပေါ် ဘယ်





လောက်ပဲ ညှင်းပန်းနှိပ်စက်ပါစေ ရန့်အနားမှာ ဝန်း ထာဝရနေမှာပါနော်"

ဝန်း ကုမ္ပဏီကိုသွားဖို့ အလှပဆုံး ပြင်ဆင်ထားခဲ့ပေမယ့် ရန်က နည်းနည်းမှ စိတ်ဝင်စားဟန်မပြပေ။ အခုလောက်ဆိုရင် ချောနဲ့မျှား ချောက ငွေကြေးချမ်းသာပြည့်စုံတဲ့ ဆရာဝန်မလေးပဲ။

မေမေရော ဝန်းကို အမိုက်မဆိုပြီး ပစ်ထားလိုက်တာလားဟင်။ မေမေ ဝန်းကို စိတ်ဆိုးနေပြီလား။ အန်တီသော်တာရော အဆင်မှပြေရဲ့လား။ ဝန်းကတော့ အန်တီသော်တာ့ဝဋ်တွေ လည်နေပြီလားထင်ပါတယ်နော်။ ဝန်း စိတ်တွေကို ထိန်းချုပ်လိုက်ကာ ဖြေငြင်ထွက်လာခဲ့လေသည်။

"မြဝန်းရံ"

"ဟင်…ကိုနန္ဒမိတ်"

"ကားပေါ်တက်လေ"

"နေပါစေ ဘတ်စ်ကားနဲ့ပဲ ဝန်းသွားပါရစေ"

"တက်ပါ မြဝန်းရံရယ်၊ ကိုယ်နဲ့လိုက်ခဲ့ပါ၊ လမ်းကြုံတာပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ကိုနန္ဒမိတ် ဝန်းကို ပတ်ဝန်းကျင်က တစ်မျိုး ထင်မှာစိုးလို့ပါ၊ ဝန်း ဘတ်စ်ကားနဲ့ပဲသွားပါရစေ"

ဝန်း မစီးချင်ပါဘူး။ ရှန့်လိုခေဟုတ်ပါဘူး။ ရှန့် အထောင်သေး အစမယ့်ကိစ္စတွေကို ဝန်း ဘာမှမလုပ်ချင်ပေ။ ကိုနန္ဒမိတ်နှင့် မလိုက်ပေ။

"ဝန်း မာနကြီးတာ မဟုတ်ပါဘူး၊ ဝန်းဘဝနဲ့ ဝန်းပါပဲ၊ ဒီအတိုင်းနေချင်လို့ပါဆရာ"

"ကိုယ့်ကို ဆရာလို့ခေါ်ပါနဲ့ ဝန်းရယ်၊ ကိုနန္ဒမိတ်ဆိုရင် ရပါပြီ"

"ဟုတ်ကဲ့"

"ဝန်း ကိုယ့်ကို မစိမ်းပါနဲ့နော်၊ ဝန်းလို ရိုးသားဖြူစင်တဲ့မိန်းကလေးကို ကိုယ် ကူညီချင်ပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

ကိုနန္ဒမိတ်ရဲ့ ကားကို ဝန်း မစီးခဲ့ပေ။ ဝန်းရဲ့ ကိုယ်ကျင့်တရားတွေကို နည်းနည်းလေးမှ အထိအပါးမခံနိုင်ပါဘူး။

ကုမ္ပဏီကို ဝန်းရောက်လာတော့ အချိန်ပြင်နောက်ကျ၊





သည်။

"ဆရာကပြောတော့ ဝန်းကို လမ်းမှာတွေ့ခဲ့တယ်ဆို"

"အင်း"

"ဘာဖြစ်လို့ ကားကြုံလိုက်မစီးတာလဲ"

"ဟင့်အင်း…ဝန်း ဘတ်စ်ကားနဲ့ပဲ .သွားချင်တယ်၊ အကျင့်ဖြစ်မှာစိုးလို့လေ"

"ဝန်းရယ်"

ဝန်းက အိမ်ထောင်နဲ့ပါ မမရယ်။ ဘယ်လိုပြောရမလဲ ဝန်းအတွက် ငွေလိုအပ်နေလို့ပါနော်။ ဝန်း လိမ်ညာလှည့်ဖြားတာတော့ မဟုတ်ပါဘူး။

"ဝန်း"

"ရှင်"

"မျက်နှာလည်းမကောင်းပါလား၊ ဘာဖြစ်လို့လဲကွယ်၊ လိုအပ်တဲ့အကူအညီရှိရင် မမကိုပြောနော်၊ ဆရာကလည်း ဝန်းလိုအပ်တာ ကူညီဖို့ ပြောထားတယ်"

ကိုနန္ဒမိတ်က ဝန်းကို စိတ်ဝင်စားနေကြောင်း သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝန်း နှလုံးသားတွေထဲမှာ ရန့်ပဲရှိနေတာပါ။ ရန့်က ဝန်းရဲ့ထာဝရ လက်တွဲဖော်ပါပဲ။

"ဝန်း ဝိုက်လုပ်ဖို့အတွက် ဆရာ့တူမလေးရှိတယ်"

"ရှင်"

"ဆရာက ဝန်းကိုပြောမယ်တဲ့၊ ဘယ်လိုလဲ ဝန်း လက်ခံမှာလား"

"ရှင်"

"ဘာဖြစ်လို့လဲ ဝန်းရဲ့၊ ငွေလိုနေတယ်ဆို၊ ဆရာ့တူလေး က ခြောက်တန်းပဲဆိုတော့ ဝန်းလည်း သက်သာတယ်လေ"

"ဟုတ်ကဲ့…ဝန်း လက်ခံရမှာပေါ့လေ၊ အလုပ်က လိုအပ်နေတာပဲမဟုတ်လား"

ဝန်းအတွက်ကတော့ ငွေပိုရမယ့် အလုပ်ကို လက်ခံရမှာ ပဲ။ ရန့်ကို ငွေပေါပေါများများ ပေးချင်တယ်။ တခြားသူကို ရန့် အထင်တကြီး အားမကိုးနေစေချင်ပါဘူး။ ဝန်းစိတ်တွေ ပူလောင် နွမ်းလျနေရလေသည်။

❀ ❀ ❀



အခန်း [၂၃]

ရန့် ထွက်သွားလာခဲ့ရသည်။ ဝန်းကို စိတ်မချသလို ဖြစ်ပြီး နောက်ဆံတင်းနေရလေသည်။ ကုမ္ပဏီပိုင်ရှင်က ဝန်းကို အပျိုဟု ထင်နေ၏။ အခိုပါ၊ ယောကျ်ားရှိပါတယ်လို့ ပြင်ပြောခိုင်းရင်ကောင်း မလားပဲ။ မင်း တော်တော်အလှတွေပြင်နေတာပဲ မြဝန်းရဲ့။ အပျိုလုပ် နေတာ မဟုတ်လား။ ဒီနေ့ မြဝန်းရဲ့ ပြင်ဆင်ထားတာ အပျိုရုံး တယ်။ ရန့်စိတ်ထဲမှာ ဘာမှန်းမသိဘဲ မကျေမနပ်ကြီး ဖြစ်နေရ သည်။

"ရန့်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဘာတွေ စဉ်းစားတွေဝေနေတာလဲ၊ ချောသေားမှာ ရှိတာကို သတိရပါဦး"

"ဟင်"

ချော မင်းနဲ့တွဲနေတာ ငါမှားများသွားပြီလား။ မြဝန်းရံကို ရွဲ့ပြီး တွဲပေမယ့် သူ့စိတ်ကမပါပေ။ သူဘယ်တော့မှ မိန်းကလေးတွေနှင့် မပတ်သက်ခဲ့။ ကင်းကင်းရှင်းရှင်း နေခဲ့သည်။ သူ့စိတ်တွေ လေးလံနေရ၏။

"မြဝန်းရံကို ရှင်မချစ်ဘူးမဟုတ်လား။ ဘာဖြစ်လို့ ဘဝကို စိတ်သောကတွေနဲ့ လျှောက်လှမ်းရမှာလဲ ရန့်ရယ်။ ကွာရှင်းလိုက်စမ်းပါ၊ ရန့်ရဲ့လိုအပ်တာတွေကို ချော ဖြည့်စွမ်းပေးနိုင်ပါတယ်နော်"

ချော မျက်ဝန်းတောက်တောက်လေးတွေက ရန့်အပေါ် ဘယ်လောက်အထိ မျှော်လင့်နေကြောင်း သိသာလွန်းနေသည်။ မြဝန်းရံကို အရွဲ့တိုက်ချင်လို့ ချောနှင့်တွဲနေခဲ့ပေမယ့် သူ့စိတ်တွေက မြဝန်းရံဆီပဲ ရောက်နေလေသည်။





"ရန့် စားလေ"

"အင်း"

"ဒီမိန်းမကို မချစ်မနှစ်သက်ဘဲများ လက်ထပ်ယူရလား ရန့်ရယ်"

"ကိုယ်တို့ ကျောင်းသွားကြစို့ ချော"

"နေပါဦး ရန့်၊ ကျောင်းက အချိန်ရပါသေးတယ်"

"ကိုယ် သွားချင်ပြီချော၊ ကိုယ် ဒီမှာဆက်မနေချင်တော့ဘူး"

"ရန့် ဘာမှမစားရသေးဘူးလေ"

"မစားချင်တော့လို့ပါ၊ ကျောင်းကိုပဲသွားကြစို့"

"ရန့် ရှင်ဘာတွေဖြစ်နေတာလဲ၊ တစ်ခုခုလိုအပ်နေတာရှိရင် ချောကိုပြောစမ်းပါ"

"မရှိပါဘူး၊ ကိုယ်တို့ ကျောင်းကိုပဲသွားကြမယ်"

သူထသည်။ ချောနှင့်သူ့ကို မြဝန်းရံ အထင်လွဲပြီး စိတ်သောကတွေရောက်နေမလား။ သူက အဲဒီလိုဖြစ်ချင်တာပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ မင်းစိတ်သောကတွေ ရောက်စမ်းပါ မြဝန်းရဲ့ ငါက အဲဒီလိုပဲ ဖြစ်စေချင်တာ။ မင်း ခံစားရလေ ငါဝမ်းသာပျော်ရွှင်လေပဲ။

"ချောကတော့ ရန့်ကို အမြဲတမ်း ပျော်ရွှင်နေစေချင်ပါတယ်၊ ရန် လက်ထပ်ယူလိုက်တဲ့ မြဝန်းရဲ့ကို ရန်မချစ်ဘူးမဟုတ်လား၊ ရန် မုန်းတီးနေတယ်ဆို"

ရန် အဖြေမပေးတော့။ လောလောဆယ် ရန့်စိတ်တွေက မြဝန်းရဲ့ အပို့လုပ်ပြီး ကုမ္ပဏီပိုင်ရှင်သူဌေးနဲ့ ငြိစွန်းသွားမှာပဲ စိတ်ပူမိလေသည်။ ဘာဖြစ်လို့ မြဝန်းရဲ့ကို စိတ်ပူနေရတာလဲ။ မြဝန်းရဲ့အား စွန့်လွှတ်ရန် သူ့စိတ်တွေက မလိုလားနိုင်ဘဲ ဖြစ်နေလေသည်။ ချောနှင့် ဆက်ထိုင်မနေလိုတော့သဖြင့် သူ အတန်းတွေပဲ တက်နေလိုက်၏။

အတန်းတွေပြီးပြီးချင်း ဘတ်စ်ကားစီးပြီး အိမ်ပြန်ဖို့လုပ်တော့ ချောက သူမကားနှင့် အတင်း လိုက်ပို့သည်။ ရန့်စိတ်တွေက ချောနှင့် ယှဉ်တွဲပြန်ရမှာ ဝန်လေးနေမိ၏။ မြဝန်းရဲ့ အထင်လွဲမှာကို မလိုလားသလိုကြီး ဖြစ်နေရသည်။

"ရန် ဘာတွေဖြစ်နေရတာလဲ၊ ချောကို အလိုမကျလို့လား၊





ဟင်၊ ရန့် စိတ်ချမ်းသာအောင် ချော ဘယ်လိုဖြည့်စွမ်းပေးရမလဲ ကွာ ဟင်"

"နောက်နေ့ ကိုယ် ဘတ်စ်ကားနဲ့ပဲ သွားတော့မယ် ချော၊ မင်းလာကြိုနဲ့တော့ ကိုယ်အကျင့်ပါသွားမှာစိုးလို့ပါ"

"ရန့် ဘယ်တုန်းက ဘတ်စ်ကားစီးဖူးလို့လဲ၊ ချော အပို့အကြိုလုပ်ရတာ အပန်းမကြီးပါဘူး ရန်၊ လာပါ"

ချောက ဇွတ်အတင်း ခေါ်နေတော့လည်း ရန် မငြင်းချင်တော့ပဲ လိုက်လာခဲ့ရသည်။ ရန်ပဲ မြဝန်းရဲ့အား လက်တုံ့ပြန်ရန် ချောကိုတာပ်ခဲ့တာပဲ မဟုတ်လား။ အားနာပါးနာနှင့် ချောကားနဲ့ပဲ လိုက်ခဲ့ရသည်။

ရန့် အခန်းကိုပြန်ရောက်တော့ မြဝန်းရဲ့က ရောက်နေသည်။ ဘယ်သူနဲ့လာတာလဲ၊ ဟိုကုမ္ပဏီသူဌေးပဲ လိုက်ပို့ပေးတာလား။ သူ့သိချင်နေပေမယ့် မမေးဖြစ်တော့။ အခန်းတံခါးကို မြဝန်းရဲ့က လာဖွင့်ပေးပြီး ချောပါ ညှိခန်းထဲဝင်လာသည်။ ရန် လန့်နေ၏။ ချောနှင့်သူ့ကို မြဝန်းရဲ့ အထင်လွဲမှာ စိတ်ပူပင်နေမိသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"မမြဝန်းရဲ့ ဘာဟင်းချက်နေလဲဟင်၊ ချောစားမှာနော်"

"ရှုပါတယ် မချော စားသွားပါ"

"အလကားပြောတာပါနော်၊ ချော ပြန်တော့မယ်၊ ရန့် မနက်ဖြန်စောစောလာနော်၊ ချောလာခေါ်မယ်၊ ရှင့် ဘတ်စ်ကားမစီးနိုင်ပါဘူးနော်"

ဝန်းကတော့ ကိုနန္ဒမိတ်က လိုက်ပို့ပေးမည်ဆိုပေမယ့် ဘတ်စ်ကားနဲ့ပဲ ပြန်လာခဲ့လေသည်။ ရန့် အထင်လွဲစေမယ့် အပြုအမူတွေကို ဝန်း ရှောင်ခဲ့သည်။ ရန့်ဘက်က မရှောင်ပေ။ ဝန်း အရမ်းပဲ ခံစားရ၏။

"ရန့်"

"ပြော"

"ဒီညနေစာကိုတော့ ဝန်းနဲ့အတူစားမှာလားဟင်"

"အင်း"

"ဒါဆို ဝန်း အသင့်ပြင်ဆင်ထားမယ်နော်။ ရန့် ရေချိုးတော့၊ ရန့်အတွက် အဝတ်အစားတွေ ဝန်း အဆင်သင့်ထုတ်ပေး





ထားမယ်နော်"

"အင်း"

ရန့်အသိချင်ဆုံးက မြဝန်းရဲ့ ဘယ်သူ့ကားနဲ့ ပြန်လာခဲ့တာလဲဆိုတာပဲ။ ဟိုကုမ္ပဏီပိုင်ရှင်က မင်းကို အပျိုထင်နေတာ မင်းက ချော အပျိုရှုံးအောင် ပြင်ဆင်သွားခဲ့တာပဲ။ ရန့် ဘာကိုဒေါသဖြစ်နေမှန်းမသိပေ။ ချောနှင့်တွဲပြနေတာကို ရပ်လိုက်ရင်ကောင်းမလားပဲ။

ရေချိုးခန်းထဲဝင်လာခဲ့ပြီး သူ ယောင်ချာချာနှင့် ဖြစ်နေလေသည်။ စိတ်ထဲမှာ ဘာကိုအလိုမကျမှန်းမသိ ဖြစ်နေရ၏။ မြဝန်းရဲ့ကို ဒေါသဖြစ်နေတာလား၊ သူကိုယ်တိုင်ပဲ မြဝန်းရဲ့အား အပျိုဟု ပြောခိုင်းထားတာပဲ။

"ရန့်ရေ…အရမ်းကြာနေပြီနော်၊ မြန်မြန်လုပ်လေ အအေးပတ်မယ်"

သူ ရေချိုးပြီး အပြင်ပြန်ထွက်လာတော့ မြဝန်းရဲ့က အဝတ်အစားတွေ အဆင်သင့်ထုတ်ထားသည်။

"ကိုယ် ဒီအဝတ်တွေ မကြိုက်ဘူး၊ ကိုယ့်ဟာကိုယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရွေးပြီးဝတ်မယ်၊ ကိုယ် အဖြူရောင်ညဝတ်အင်္ကျီရော ဝန်း"

"ဟာ…ဒုက္ခပါပဲ ရန့်ရယ်၊ ဝန်းမအားလို့ မလျှော်ရသေးဘူး၊ ဝန်း မေ့သွားတာပါ"

"မင်း တော်တော်အသုံးမကျတာပဲ မြဝန်းရဲ့၊ ကိုယ်ဒီအဖြူရောင်ညဝတ်အင်္ကျီကို နှစ်နှစ်သက်သက် ဝတ်တယ်ဆိုတာ မင်းသိသားနဲ့ကွာ"

"ဝန်း မေ့သွားရတာပါ၊ မနက်က အိပ်ရာထလည်း နောက်ကျသွားတယ်လေရန့်၊ ဒီညပဲ ဝန်း လျှော်လိုက်ပါ့မယ်"

"ထားလိုက်တော့ကွာ ငါဟာ အခုညပဲဝတ်ချင်တာ၊ မင်း တော်တော်အသုံးမကျတာပဲ မြဝန်းရဲ့ တကယ်စိတ်ကုန်ကောင်းတယ်"

တကယ်တော့ ရန့် မကျေနပ်နိုင် ဒေါသထွက်နေမှုက မြဝန်းရဲ့ ဘယ်သူနဲ့ပြန်လာတာလဲဆိုတာ သိချင်၍ဖြစ်သည့် အကြောင်းမရှိ အကြောင်းကို ရှာနေရ၏။

"ရန့်ရယ် နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူး ဝန်း





တာပါ၊ ရန့် လိုအင်ဆန္ဒတွေကို ဝန်း လေ့လာထားရမှာပါ၊ ရန့်စိတ်တွေ အနှောင့်အယှက်ဖြစ်သွားရတာ ဝန်း တောင်းပန်ပါတယ်နော်"

"ထားလိုက်တော့ကွာ ညစာစားဖို့ပဲ သွားပြင်တော့"

"ဟုတ်ကဲ့"

မြဝန်းရဲ့က အပြေးအလွှား ထွက်သွားလေသည်။ ရန့်ဘာကိုအလိုမကျမှန်းမသိ။ မြဝန်းရဲ့ကို ကောင်းကောင်းဖိနှိပ် အနိုင်ကျင့်ဖို့လည်း ရန့် တွန့်ဆုတ်နေမိ၏။ မင်းကို ဒုက္ခတွေ သောကတွေကြားထဲမှာ ငါက နှစ်မြုပ်ထားချင်တာကွ။

"ရန့် ညစာပြင်ထားပြီးပြီနော်"

ရန့် ထမင်းစားပွဲမှာ မြဝန်းရဲ့ကို ပြဿနာရှာသည်။ ဟင်းချက်တာတွေ ညံ့သည်ဟု အော်ဟစ်ပြောဆိုပစ်လိုက်၏။

"မင်း လုံးဝအသုံးမကျတဲ့မိန်းမပဲ၊ ဟင်းချက်တာတွေ အရမ်းညံ့တယ်၊ တော်ပြီကွာ ငါ အပြင်မှာပဲ ထွက်စားတော့မယ်"

ရန့် အပြင်သို့ ထွက်လာခဲ့ပြီးမှ မြဝန်းရဲ့ စိတ်ထိခိုက်ပြီး သူ့ထံ မုန်းတီးသွားရင် ဒုက္ခပဲဟု တွေးမိသွားရသည်။ မြဝန်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ထားတာတွေက သူ့အကြိုက်တွေပါပဲ။ ကုမ္ပဏီမှာက မြဝန်းရံကို အပျိုထင်နေတာပါ။ အိမ်ထဲပြန်ရောက်လာရသည်။ အခန်းထဲတွင် မြဝန်းရံ ဟမ်းဖုန်းနှင့် စကားပြောနေ၏။

"ဟုတ်ကဲ့ပါ ကိုနန္ဒမိတ်၊ ဝန်း လက်ခံပါတယ်။ နောက်ဖြ ညနေကစပြီး စာကျက်ပေးပါ့မယ်၊ အခုလိုကူညီတဲ့အတွက် ကျေးဇူး ပါပဲနော်"

ချက်ချင်းပြန်ရောက်လာတဲ့ ရန့်ကို မြဝန်းရံက တအံ့တသြ နှင့် ကြည့်သည်။

"ရန် ချက်ချင်းပြန်လာတာလား၊ ညစာရော စားခဲ့ရဲ့လား ဟင်"

"ငါ ချက်ချင်းပြန်လာလို့ မင်း ဖုန်းခိုးဆက်တာ မိတာ ပေါ့၊ ဒီဖုန်းက ဘယ်ကနေရလာတာလဲ"

"အလုပ်ရှင်က ပေးထားတာပါ၊ ဝန်းက သူ့ရဲ့လ ထောက်ဆိုတော့လေ ဆက်သွယ်ရလွယ်အောင် ပေးထားတာ ရန်"





မင်းနဲ့ ကုမ္ပဏီပိုင်ရှင်က ဒီအထိတောင် ရင်းနှီးနေပြီလား မြဝန်းရံ။ ဘာဆက်သွယ်ရလွယ်အောင်လဲ မင်းဆီ အချိန်မရွေး ဖုန်းဆက်ပြီး ညှိုကလီးယားလွှတ်ဖို့ မဟုတ်လား။

"ပြီးတော့လေ ရန့်ကိုပြောရဦးမယ်၊ မနက်ဖြန်ညကစပြီး ဝန်း ကလေးတစ်ယောက်ကို တစ်လတစ်သိန်းနဲ့ ဂိုက်လုပ်ပေးရ မယ်လေ"

"ဘာ…တစ်သိန်းဟုတ်လား၊ အစိပ္ပါယ်မရှိတာပဲ မြဝန်းရံ၊ ဘယ်သူ့မို့လို့ မင်းကို ဒီလောက်များတဲ့လခ ပေးရတာလဲ"

"ကိုနန္ဒမိတ်ရဲ့ တူပါ၊ ခြောက်တန်းပါ ရန်၊ ဒီကလေးက နည်းနည်းဆိုးတော့ ဝန်းက အစစအရာရာ တာဝန်ယူပေးရမယ်တဲ့၊ ကလေးမိဘတွေကလည်း နိုင်ငံခြားမှာလေ၊ အဘွားနဲ့နေခဲ့ရတာဆို တော့ အလိုလိုက်ထားတယ်တဲ့၊ ဒါကြောင့် ဆရာမက တာဝန်ယူ ချင်အောင် လခပိုပေးတာပါ"

မဖြစ်နိုင်ဘူး။ အဲဒါ လုံးဝမဖြစ်နိုင်ဘူး။ နန္ဒမိတ်ဆိုတဲ့လူ က မင်းကို ပိုးပန်းပြီး ကူညီတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမလုပ်ရဘူး"

"ဟင်"

"ငါလုပ်ခွင့်မပေးနိုင်ဘူး ပြင်းလိုက်"

"ဝန်း လက်ခံထားပြီးပြီလေ၊ ရန့်အတွက် ကျောင်းစရိတ်တွေ လိုအပ်တယ်မဟုတ်လား၊ ရန့်ပဲ ဝန်းကို အပိုဝင်ငွေရမယ့်အလုပ်တွေ ရှာထားဆို"

အလုပ်ရှာခိုင်းတာလဲ သူပဲ။ မြဝန်းရီကို အပိုလို့ပြောခိုင်းတာလဲ သူပဲ။ အခုဘာဖြစ်လို့ သဝန်တွေကြောင်ချင်နေရမှန်းမသိပါဘူး။ မြဝန်းရီ နောက်တစ်ယောက်နောက် ပါသွားမှာ ဘာဖြစ်လို့များ စိုးရိမ်ပူပန်နေရတာလဲ။

"လခက များနေပေမယ့် ဒီကလေးကို သင်ချင်တဲ့ဆရာမတောင် မရှိဘူးတဲ့၊ ဝန်းက စမ်းသပ်လက်ခံလိုက်တာပါ၊ ရန့်အတွက် ငွေကလိုနေတယ်လေ"

သူ့အကြည့်တွေက မြဝန်းရီဆီ ဆတ်ခနဲ ရောက်သွားရသည်။ စိတ်ပင်ပန်း လူပင်ပန်းနှင့် အဖော်လေး ပိန်ချုံးကျသွား၏။





မြဝန်းရီ ခန္ဓာကိုယ်မှာလည်း ရေမွှေးနံ့က သူ့အတွေးအာရုံထဲသို့ မူးဝေနောက်ကျိအောင် တိုးဝင်နေလေသည်။

လှုပနုထွတ်နေတဲ့ မိန်းမချောလေး ဖြစ်ပေမယ့် သူ့ရင်ထဲမှာ အဆုန်းတွေပဲ ရှိနေစေရန် ကြိုးစည်ကြိုးစားနေခဲ့သည်။ မေမေ့အတွက် လက်တုံ့ပြန်ခဲ့၏။ သူလုပ်ရပ် အောင်မြင်လို့လား။ မြဝန်းရီ အနားကနေ ရန့် လှည့်ထွက်လာခဲ့လေတော့သည်။

ဖွံ့ ဖွံ့ ဖွံ့



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၅]

"မြဝန်းရံလေးကို သားရန်က နှိပ်စက်နေတော့မယ်၊ သော်တာသိပါတယ် ဒေါ်ချိုရယ်၊ ကျွန်မ ရှာမယ်၊ ကျွန်မထွက်သွားမယ်၊ သေချင်တဲ့နေရာမှာ သေပါစေ"

"အစ်ကိုကြီးက မရှာနဲ့တဲ့၊ ဒီမှာပဲနေတဲ့ တော်ကြာ ရန်က သူ့သမီးအပေါ် အငြိုးကြီးပြီး ပိုနှိပ်စက်မယ်တဲ့၊ မမကြီးလည်း နေမှမကောင်းတာပဲ အရမ်းအားနည်းနေတယ်လေ"

"သားရန့်...မင်း ကျေးဇူးကန်းတဲ့ကောင်ပဲ၊ အသုံးမကျတဲ့သား၊ မိုက်တယ်"

ဒေါ်သော်တာ စိတ်ထိခိုက်ကြေကွဲပြီး အိပ်ရာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲတော့သည်။ မြဝန်းရုံလေး အနှိပ်စက်ခံရမှာကိုပဲ မိမိ ပူပင်နေရ၏။ သားရန်က နှိပ်စက်မှာပဲ။ အချစ်ဆိုတာလည်း ရှိမှာမဟုတ်ပါဘူး။ မင်းရင်ထဲမှာ အညှိုးအတေးတွေ အမုန်းတွေပဲ ရှိနေမှာပါ၊ သားရန်ရယ်။ မင်း ကျောင်းဆက်တက်ဖို့က ဘယ်လိုလုပ်မှာလဲ။ အခုလောက်ဆို မြဝန်းရုံရဲ့ အနာဂတ်ကို မင်း ဖျက်စီးပစ်လောက်ပြီ။ မေမေ ခွင့်မလွှတ်ဘူး။ မင်းကို လုံးဝခွင့်မလွှတ်ဘူး။

"မမကြီး အနားယူနေပါနော်၊ ဘဝတစ်လျှောက်လုံး ပင်ပန်းနွမ်းနယ်လာခဲ့ရပြီပဲ၊ ကျွန်မ သနားလိုက်တာ၊ မိသားစုအဆင်ပြေအောင် ဘယ်လိုလုပ်ရမလဲဟင်"

"ကျွန်မမှားတာပါ ဒေါ်ချို၊ ကိုတိမ်ယံတို့မိသားစု ပြိုကွဲအောင်လုပ်တာ ကျွန်မပဲ"

မသော်တာနှင့် ဒေါ်ချို ပြောနေတဲ့စကားတွေကို ဦးတိမ်ယံ ကြားလိုက်ရသည်။ မိမိစိတ်ပူလွန်း၍ မသော်တာအား လာကြည့်မိခြင်းပင်။

"မသော်တာကိုယ်တိုင်က ကိုတိမ်ယံအပေါ် ငယ်စဉ်လေး





ထဲက တိတ်တခိုး ချစ်မိပြီး လက်ထပ်ဖို့ မငြင်းပယ်ခဲ့တာပါ"

ဦးတိမ်ယံ ခြေလှမ်းတွေက တုန့်ခနဲ ရပ်သွားရသည်။ ရင်ထဲမှာ နာကျင်ဆို့နင့်သွားရ၏။ မသော်တာကို မိမိတစ်သက်လုံး ညှင်းပန်းနှိပ်စက်လာခဲ့တာပါ။ တစ်ချက်လေးမှ မငြိုငြင်ခဲ့သည်းခံကျိုးနွံခဲ့လေသည်။

"သားရန်ကို သော်တာ ခွင့်မလွှတ်နိုင်ဘူး၊ သမီးမြဝန်းရုံလေးမှာ အပြစ်မှမရှိတာပဲ၊ အခုလောက်ဆို အဖေ့အတွက်ဆိုပြီး အမျိုးမျိုး ညှင်းပန်းနှိပ်စက်နေတော့မှာပါ"

"မမကြီး အတော်လေးအားနည်းနေပြီ၊ မတ်တပ်တောင်မှ မရပ်နိုင်တာပဲ၊ အစားလည်းမစားဘူး"

"ကျွန်မ သေချင်ပါတယ်၊ ကျွန်မ အသက်ရှင်နေသရွေ့ ကိုတိမ်ယံ စိတ်သောကတွေ ရောက်နေမှာပဲ၊ သားရန်က မြဝန်းရုံလေးကို တစ်သက်လုံး ညှင်းပန်းနှိပ်စက်နေမှာလည်း ကျွန်မ လုံးဝမမြင်မတွေ့ချင်ဘူး၊ ကျွန်မ သေသွားချင်ပါတယ်"

"စိတ်ကိုထိန်းပါ မမကြီးရယ်၊ ဆန်ပြုတ်လေးလောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သောက်ပါနော်"

"ဟင့်အင်း…ကျွန်မ သောက်ချင်တဲ့စိတ် မရှိလို့ပါ၊ ထားခဲ့ပါနော်"

မသော်တာ မစားမသောက်ဖြစ်နေ၍ ဦးတိမ်ယံ စိတ်ပူသွားရလေသည်။ မိမိအပေါ် နှစ်ပေါင်းများစွာ သည်းခံကျိုးနွံစွာ ပြုစုယုယလာခဲ့သော မသော်တာအပေါ် မိမိ ရက်စက်နိုင်တော့ပေ။ အခန်းထဲမှ ခေါင်းချိုထွက်လာပြီး မိမိကိုတွေ့တော့ အံ့ဩသွားသည်။ မိမိက ခေါင်းဆတ်ပြလိုက်၍ ပြန်ထွက်သွား၏။

"မသော်တာ…ကိုယ် ဟန်မဆောင်ချင်တော့ဘူး၊ မင်းလို မိန်းမတစ်ယောက်ကိုလည်း အဆုံးရှုံးမခံနိုင်ပါဘူးကွာ၊ အသက်အရွယ်တွေ ကြီးလာပြီပဲ၊ တစ်ယောက်ကိုတစ်ယောက် အားပေး နှစ်သိမ့်ဖို့ပဲ လိုအပ်နေတာပါကွာ"

ဦးတိမ်ယံ ဟန်ဆောင်မနေတော့ဘဲ မသော်တာရှိနေတဲ့ အခန်းထဲ ဝင်လာခဲ့သည်။ သူ့ကိုတွေ့တော့ မသော်တာရဲ့ မျက်ဝန်းတွေက အထိတ်တလန့်နှင့် အိပ်ရာမှလူးလဲထ၏။





"မသော်တာ"

"ကိုတိမ်ယံ…ကျွန်မ…ကျွန်မ ဟို"

"မင်းကို ဆွဲပူအပြစ်တင်ဖို့ ရောက်လာတာမဟုတ်ပါဘူး၊ မသော်တာ ကိုယ့်အမှားတွေကို တောင်းပန်ဖို့ပါကွာ"

"ရှင်"

"ကိုယ်မှားခဲ့တယ်၊ မင်းကို တမင်သက်သက် အကြောင်းရှာ အမုန်းပွားပြီး ညှင်းပန်းနှိပ်စက်ခဲ့တာ ကိုယ်မတရားတာပဲ၊ သားရန်လည်း အပြစ်မရှိပါဘူး သော်တာရယ်၊ သူ နေ့စဉ်မြင်တွေ့ နေတာပဲ"

"ကိုတိမ်ယံ…ရှင်ဘာတွေပြောနေတာလဲ၊ တကယ်ပဲ မသော်တာအပေါ် မမုန်းတော့ဘူးလားဟင်"

"အင်း…ကိုယ် နောင်တရနေတာ ကြာပါပြီ၊ မသော်တာရယ်၊ ဒါပေမယ့် မာနမချချင်လို့ပါကွာ၊ အခု မင်းကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်လာတယ်၊ ကိုယ် အဆုံးရှုံးမခံနိုင်တော့လို့ မင်းဆီမှာ ဝန်ချတောင်းပန်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတိမ်ယံရယ်"

ဦးတိမ်ယံက ဖျော့တော့အားနည်းနေတဲ့ မသော်တာရဲ့ ကိုယ်ကို ဖေးမထူပေးလိုက်သည်။

"မသော်တာ ကျန်းမာအောင် ကြိုးစားပါ၊ ကိုယ်တို့ အသက်ကြီးပါပြီ၊ ရှေ့ဆက်ပြီး ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် နေကြရအောင်နော်"

"ဟို...သားရန့်နဲ့ သမီးမြဝန်းရံတို့ကို ရှာပါ ကိုတိမ်ယံ၊ သားရန်က မြဝန်းရံလေးကို မချစ်ဘူး၊ မုန်းနေတာပါ"

"နေပါစေ မသော်တာ၊ သားရန့်ရဲ့ ရင်ထဲက အမုန်းတွေ နာကြည်းမှုတွေ ပြေပျောက်သွားအောင် သမီးလေးမြဝန်းရံက စွမ်းဆောင်ပေးနိုင်မှာပါလေ"

"ရှင်"

"ကိုယ်ယုံကြည်တယ်၊ သမီးဝန်းက သားရန့်ရဲ့ အမုန်းတွေကို အချစ်တွေအဖြစ် ပြောင်းလဲပေးနိုင်မှာပါကွာ"

ဦးတိမ်ယံရဲ့ လက်တွေက မသော်တာရဲ့ ကိုယ်အား





ညင်သာစွာ ဖေးမဖက်တွယ်ထားလိုက်လေသည်။ မသော်တာ ရင်ထဲမှာ ကြေနပ်ပီတိတွေ ဖြာဝေသွားရ၏။ ကိုတိမ်ယံရင်ခွင်ထဲ မှီတွယ်ထားလိုက်မိ၏။

"ဘာမှ ပူပင်မနေနဲ့တော့ မသော်တာ၊ ကိုယ်လိုအတ္တကြီးတဲ့ မာနခဲကြီးကိုတောင် မင်းက အရည်ပျော်သွားအောင် မသော်တာရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ပြောင်းလဲပစ်နိုင်ခဲ့တာပဲလေ"

"အချိန်အကြာကြီး သားရန်က မြဝန်းရံလေးအပေါ် ကျွန်မလို အချိန်အကြာကြီး"

"အော်ပါတော့ကွာ၊ သားရန့်စိတ်က ကိုယ့်ထက် အများကြီး နူးညံ့သိမ်မွေ့ပါတယ်ကွာ"

ကိုတိမ်ယံရဲ့ အားပေးနှစ်သိမ့်မှုတွေကို မသော်တာ နှုတ်ခမ်းပါးပေါ်မှာ ပြုံးလင့်တောင့်တခဲ့ရတာပါပဲ။ လှပတဲ့ရောင်ခြည်တွေ လင်းလက်နေပြီမဟုတ်လား။ ကိုတိမ်ယံဆန္ဒတွေအတိုင်းပဲ မသော်တာ အမြန်ဆုံး နာလန်ထူစေရန် ကြိုးစားနေလေသည်။

ရန့်သော်တာကတော့ သတင်းစာထဲမှာ မေမေ အသည်း



www.burmeseclassic.com

www.burmeseclassic.com



အသန့်ဖြစ်နေသည်။ အမြန့်ဆက်သွယ်ပါဆိုတဲ့ ကြော်ငြာ တွေ့လိုက်ရ၍ သူ့လုပ်ရပ်အတွက် နှောင်တရလို့မဆုံးတော့ပေ။ မေမေ ဘယ်လောက် စိတ်ထိခိုက်နေမလဲ။ သူ့အတွက်ရော ရိုးသားဖြူစင်တဲ့ မြဝန်းရုံအတွက်ရောပဲ။ မေမေ့ဆီ အမြန်ဆုံးဆက်သွယ်ချင်လာရသည်။ မြဝန်းရုံက မလာသေးပေ။ ကုမ္ပဏီအလုပ်ပြီးတော့ ဝိုက်လုပ်ရန်အတွက် ကိုနန္ဒမိတ်ဆိုတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးအိမ် သွားနေသည်။

"မင်းကိုယ်တိုင်က ဟိုလူအပေါ် တိမ်းညွှတ်နေပြီလား မြဝန်းရုံ၊ ငါ့အတွက် ငွေရှာတယ်ဆိုတာ အကြောင်းပြတာပဲ၊ သစ္စာမရှိတဲ့ မိန်းမ၊ ဖောက်ပြန်ချင်တဲ့မိန်းမ"

ရန်တစ်ယောက်တည်း ဒေါသတွေ ပေါက်ကွဲနေရလေသည်။ ဆောက်တည်ရာမရအောင် ပူပင်နေရပြီး မြဝန်းရုံအပေါ် မနာလိုဝန်တိုဖြစ်နေရ၏။ မြဝန်းရုံထံတွင် ဟမ်းဖုန်းရှိနေပေမယ့် သူ့ဘက်မှ စတင်၍ မဆက်သွယ်ချင်ပေ။

"စာသင်တာတနည်းနည်း ခင်းတို့နှစ်ယောက် ကြည်နူး





နေတာတာ များများမဟုတ်လား၊ မြဝန်းရုံ မင်းမှာယောကျ်ားရှိတယ်ကွ၊ ငါက ဘာကောင်လဲ"

မြဝန်းရုံအား ပြေးပြီး သွားဆွဲခေါ်ချင်စိတ်တွေပင် ဖြစ်ပေါ်လာရလေသည်။ ဒေါသတွေ ပေါက်ကွဲနေရ၏။ မြင်မြင်သမျှအရာတွေကို ပြစ်ပေါက်ရိုက်ခွဲချင်နေရသည်။ မြဝန်းရုံနှင့် လက်ထပ်ခဲ့တာ သုံးလခလောက်အတွင်း မထင်မှတ်ဘဲနှင့် မြဝန်းရုံအပေါ် သူ သံယောဇဉ်တွယ်ငြိမ်ခဲ့ရ၏။ သူ့အမုန်းဆုံး ရေမွှေးနံ့က မြဝန်းရုံရဲ့ ခန္ဓာကိုယ်ပေါ်ရောက်တော့မှ အမုန်းတွေ ပျောက်သွားရသလိုလိုပဲ။

"မင်း... မြဝန်းရုံကို မေမေ့အတွက် လက်တုံ့ပြန်မယ်ဆိုရန်သော်တာ၊ ဒီမိန်းမကို ညှင်းပန်းနှိပ်စက်ချင်ခဲ့တာ မဟုတ်လား၊ မင်းပျော့ညံ့နေပြီး မြဝန်းရုံကို မင်းချစ်မိသွားပြီမဟုတ်လား"

တစ်ယောက်တည်း အားမလိုအားမရနှင့် ဒေါသတွေဖြစ်နေရသည်။ မြဝန်းရုံနှင့် ကုမ္ပဏီပိုင်ရှင်သူဌေး ကြည်နူးနေကြမှာပဲဆိုတဲ့ အတွေး ဝင်လာတိုင်း စိုးရိမ်ပူပင်မှုတွေနှင့်အတူ မနာလိုဝန်တိုဖြစ်ကာ မြဝန်းရုံအား လက်လွှတ်ဆုံးရှုံးရမှာကို ရန် စိုးရိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တီ…တီ"

"တီ…တီ"

"ဟင်"

လူခေါ်ဘဲလ်သံကြောင့် ရန် ခပ်သွက်သွက် တံခါးဖွင့်ပေးလိုက်သည်။

"ဟင်…ချော"

"ဟုတ်တယ် ရန်၊ ဒီအက်ကို ကီးတစ်ခုနဲ့လာရင်း ဝင်လာတာလေ၊ ရန်တစ်ယောက်တည်းလား၊ မိန်းမရော"

"ကျူရှင်သင်နေတယ်လေ။ ပြန်မလာသေးဘူး"

ချော ရောက်လာ၍ ရန် အထိတ်တလန့်ဖြစ်သွားရသည်။ အချိန်မတော် ချောနှင့် နှစ်ယောက်ထဲရှိမနေစေချင်။ မြဝန်းရံ ရောက်လာလျှင် သူနှင့်အထင်လွဲမှာ စိုးမိလာသည်။

"ရန် အောက်ဆင်းပြီး တစ်ခုခုစားရအောင်၊ ချော ရန်တို့လင်မယားနှစ်ယောက်လုံးကိုခေါ်ပြီး ကျွေးမလို့ ဝင်လာတာ





ပါ"

"နေ…နေပါစေချော၊ ကိုယ်မစားတော့ဘူး၊ ဝန်းကို ထမင်းအတူတူစားမယ်လို့ ပြောထားလို့ပါ"

"ဒါဆိုလည်း ကောင်းပါပြီ၊ ချောတော့ အအေးလေး တစ်ခွက်ပဲ သောက်ပြီးပြန်တော့မယ်"

ချောကမပြန်သေးဘဲ အအေးဖျော်ဖို့ ပြင်ဆင်နေလေသည်။ ရန် လန့်နေရ၏။ ဝန်း ပြန်လာရင် ဒုက္ခပါပဲ။ ချောနှင့် သူ နှစ်ယောက်တည်းရှိနေတာ ဘယ်လိုထင်မလဲ။ တကယ်တမ်းကျ တော့ မြဝန်းရံ အထင်လွဲမှာ ရန် ကြောက်ရွံ့နေမိသည်။ မြဝန်းရံ ပြန်လာတော့မယ်။ ချောကို ပြန်စေချင်လာ၏။

"ချော"

"ဟင်"

"ပြန်တော့လေ"

"ဘာဖြစ်လို့လဲရန်ရယ်၊ မြဝန်းရံကို စောင့်ဦးမယ်လေ၊ ရန့်ကိုကြည့်ရတာ ကြောက်နေသလိုပဲ၊ ရှင်ပြောတော့ မြဝန်းရံကို



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘူးဆို အထင်လွဲလွဲမှလွဲလွဲ ဂရုမစိုက်ဘူးဆို"

"မသင့်တော်လို့ပါ ချောရယ်၊ ပြန်တော့နော်၊ ကျောင်းလည်း ကိုယ်ဘတ်စ်ကားနဲ့ပဲ သွားတော့မယ်၊ ဘျေးဇူးပါပဲ ချောရယ်နော်၊ ပြန်ပါတော့"

ချောကို အထပ်ထပ်တောင်းပန်တော့မှ ပြန်သွားသည်။ ကံဆိုးချင်တော့ ချောအထွက်တွင် အခန်းဝမှာ ဝန်းနှင့်ဆုံကြ၏။

"မြဝန်းရဲ့ ပြန်လာပြီလား၊ နောက်ကျတယ်နော် ချောရောက်နေတာကြာပြီသိလား၊ ပြန်ပြီနော်"

မြဝန်းရဲက မျက်ဝန်းလေးတွေ အကြောင်သားနှင့် သူ့ကိုကြည့်သည်။ ချောနှင့်သူ့ကို အထင်လွဲသွားပြီဆိုတာ သိလိုက်၏။ ဘယ်လိုရှင်းပြရမလဲ။ ချောနှင့်သူ ရိုးသားဖြူစင်တယ်ဆိုတာ ရှင်းပြချင်လာရသည်။

"ရန့် ညစာစားပြီးရောပေါ့နော်၊ အချမ်းပင်ပန်းတာပဲ ရှိရယ်၊ ကလေးက တော်တော်ဆိုးတာပဲ၊ ကိုနန္ဒမိတ်ကဆော့ သည်းပြီးသင်ပေးဖို့ ဝန်းကို အနူးအညွတ်တောင်းပန်နေတော့တာပဲ"





ချောရှိနေတာကို မြဝန်းရဲက ဘာတစ်ခုမှ မေးမြန်းခြင်းမရှိပေ။ သူမ အလုပ်ကိစ္စပဲ ပြော၍ ရန့် ဒေါသထွက်ရသည်။ မင်းကောင် နန္ဒမိတ်အကြောင်း ဘာဖြစ်လို့ ပြောပြနေတာလဲ။ ငါ့ကို ချွဲတာလား မြဝန်းရဲ။ မင်း ဒီအလုပ်ကနေ ထွက်လိုက်တော့။ မင်းဘာအလုပ်မှ မလုပ်နဲ့တော့ ငါ ခွင့်မပြုဘူး။ ရန့် အော်ဟစ်ပြောချင်မိသည်။

"ဝန်းကလည်း ကြိုးစားပြီးသင်ရမှာပဲလေ၊ ရန့်အတွက် ကျောင်းစရိတ်တွေ လိုအပ်တာပဲ"

"တော်စမ်းပါကွာ"

ရန့် ဒေါသတကြီး အော်ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၅]

တစ်နေ့တခြား အိမ်ထောင်ရေးက အဆင်မပြေတော့ပေ။ ရှု့ အမြဲတမ်း ဒေါသတွေပေါက်ကွဲပြီး ဝန်းအပေါ် ပြဿနာရှာ နေတတ်သည်။ ရန်ရယ် ဝန်း ဘာလုပ်ပေးရမလဲ၊ ဘယ်လိုလုပ်ပေး ရန် ကျေနပ်နိုင်မလဲဟင်။ ဝန်း သိပါတယ်။ မြဝန်းရဲ့ စိတ်သောက တွ ရောက်နေမှ ပင်ပန်းနွမ်းနယ်နေမှ ရန် ပျော်ရွှင်ကျေနပ်နိုင်မှာ ဟုတ်လားဟင်။ ရန် ကျေနပ်တဲ့အထိ ဝန်းပေးဆပ်မှာပါ။

အလုပ်ပင်ပန်းတာကတစ်မျိုး၊ ရန်က ပြဿနာရှာနေ၍ တ်ညစ်တာကတစ်မျိုးနှင့် ဝန်း တစ်နေ့တခြား ပိန်ချုံးကျလာ၏။ ကြ ဝန်းအနားပင်မကပ်တော့။ ဝန်း စိတ်ညစ်လွန်း၍ အအိပ် ားပင် မမှန်တော့။ အခုတလော ဝန်း အစားပျက်ပြီး အန်ချင်



www.burmeseclassic.com

www.burmeseclassic.com



သလိလိုဖြစ်နေရသည်။ ဘုရားရေ ဝန်းမှာ ကိုယ်ဝန်များ ရှိနေမလား ပဲ။

"ရန်"

"ဘာလဲ"

"ဒီမှာလခလေ၊ ရန် ကျောင်းစရိတ်တွေအတွက် သုံးဖို့ပါ"

"မလိုချင်ဘူး···ငါ့ဘာငွေမှ မင်းဆီက မလိုချင်ဘူး၊ ဘာငွေလဲ မယူချင်ဘူး"

ဒီငွေကို အကြောင်းပြပြီး မင်းတာ ကုမ္ပဏီပိုင်ရှင်သူဌေးနဲ့ နှစ်ပါးသွားနေကြတာမဟုတ်လား။ မင်းကလည်း အပျိုမဟုတ်ပါဘူးလို့ ဘာဖြစ်လို့မပြောရတာလဲ။ ရန် ဒေါသတွေဖြစ်နေရသည်၊ မြဝန်းရံကို ပြန်အပ်လိုက်ဖို့လည်း ရန် စိတ်က မပြတ်သားပေ။ အလုပ်တွေ မလုပ်ဖို့လည်း ဘာဝရုပ်တည်မှုက ခက်ခဲလာမည်ဖြစ်၏။ ချောက ထောက်ပံ့ပေမယ့် ရန်လက်မခံလိုပေ။ ဝန်းက အထင်လွဲမှာလည်း စိတ်ပူမိ၏။ ဝန်းအပေါ် သံယောဇဉ်တွယ်နေမိပြီဆို





တာ ရန်သိနေပေမယ့် မာနက မချချင်၍ ဖေတားဆီးခဲ့ပေ။

"ရန့်အတွက် ဝန်း ငွေရှာတာပါ၊ ရန် အေးအေးဆေးဆေး ပညာဆက်သင်နိုင်ဖို့ ဝန်း ကြိုးစားနေတာ"

"ပေးစမ်း ဒီငွေတွေ မင်းက ငါ့အတွက်လို့ ပြောတယ် မဟုတ်လား၊ ကောင်းပြီ ငါလုပ်ချင်တာလုပ်ပစ်မယ်"

မြဝန်းရံဆီမှ ပိုက်ဆံကို ယူလိုက်ပြီး မီးရှို့ပစ်လိုက်လေသည်။

"ရန် ဘာလုပ်တာလဲ၊ အဲဒီလိုလေ့ပ်ပါနဲ့ ရန်ရယ်၊ ဝန်း အတွက်ထက် ရန့်ပညာရေးအတွက် အရေးကြီးလို့ပါ"

ရန့်က လုံးဝနှားမထောင်ဘဲ ပိုက်ဆံတွေကို ဖျက်ဆီးပစ်လေသည်။ ဝန်း ကြေကွဲစွာဖြင့် ရန့်ကို ငေးစိုက်ကြည့်နေ၏။ ရှင် အဲဒီလိုလုပ်ရမှ စိတ်ချမ်းသာမှာမဟုတ်လားရန်။ ဝန်း စိတ်သောကတွေခံစားပြီး ချိနဲ့ညှိုးငယ်နေမှ ရန့်က ကျေနပ်ပီတိတွေ ဖြစ်မှာမဟုတ်လား။ ဝန်းရင်ထဲမှာ တလှပ်လှပ်ဖြစ်နေရသည်။ ခေါင်းထဲမှာ မူးနောက်ရီဝေနေ၏။ ရှေ့ဆွေးဘယ်မှာလဲ၊ ရန် အကြိုက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်ဆုံးရန့်လေ။ ဝန်း မဆွတ်ရသေးဘူး။ ကုန်နေတာပဲ။ ဝန်း မဝယ်ရသေးဘူး။ ဝန်း နင်ဟာ တော်တော်မိုက်မဲတဲ့မိန်းမပဲ။ ကိုယ့်ယောကျ်ား ကြိုက်နှစ်သက်တဲ့ ရေမွှေးကုန်နေတာတောင် ဂရုမစိုက်ဘူး။

"ရန့်ရယ်...ရှင်ရဲ့ ပျော်ရွှင်ကျေနပ်မှုအတွက် ဝန်း ဘယ်အရာမဆို ပေးဆပ်နိုင်ပါတယ်။ ဘယ်တော့မှလည်း နောက်ဆုတ်သွားမှာ မဟုတ်ပါဘူးနော်၊ ဝန်းလေ ရန့် နှင်မထုတ်မချင်း ရန့်အနားမှာ ထာဝရနေမှာပါ"

ရန့်အရိပ်တွေက ဝန်းမျက်ဝန်းတွေထဲမှာ ရီဝေနေသည်။ ခေါင်းထဲမှာ မူးမိုက်နေပေမယ့် ဝန်း အားတင်းထားမိ၏။ ရန့်ဗညာရေးအတွက် ဝန်း အလုပ်လုပ်ရဦးမယ်။ ငွေရှာရမယ်။ ဝန်း တျှန်းအာနေချင်တယ်။ အသက်ရှင်ချင်တယ်။

"ရန့် ပျော်သလိုနေပါနော်။ စိတ်ဆန္ဒတွေအတိုင်းပဲ နေပါ၊ ချောနဲ့လည်း ရန့်နေပါ၊ ရန့် ဘတ်စ်ကားမစီးနဲ့နော်"

ဝန်း အားယူပြီး စကားတွေပြောနေပေမယ့် မျက်လုံးတွေ





က မှေးစင်းလာသည်။ ဝန်း အင်အားမရှိတော့ ခေါင်းထဲမှာ မိုက်သထက်မိုက်လာ၏။ ရန့် ပျော်အောင်နေပါနော်၊ ဝန်း အင်အားတွေ တင်းထားပါတယ်။

"ရန့်"

"မြဝန်းရံ"

"ကျွန့်မကြောင့် ရန့် စိတ်သောကတွေ လုံးဝမရောက်စေရပါဘူး၊ ရန့် ပျော်ရွှင်ကျေနပ်စေရမှာပါ"

မြဝန်းရံအသံက တိုးတိမ်ညင်သာလွန်းကာ မျက်ဝန်းတွေ မှေးစင်းလာ၏။ ရန့် မျက်လုံးပြူးသွားရသည်။

"မြဝန်းရံ...မင်းဘာဖြစ်တာလဲ၊ ဝန်း သတိထားပါဦး"

မြဝန်းရံ ကိုယ်လေးက သူ့ရင်ခွင်ထဲ ပျော့ခွေကျသွားသည်။

"မြဝန်းရံ...မြဝန်းရံ"

"မြဝန်းရံ"

မြဝန်းရံသည် တော်တော်လေး ပိန်ချုံးပြီး ရောဂါဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖိစီးနေပုံပင်။

"မြဝန်းရဲ့"

"ဝန်း"

ခေါ်၍မရတော့သဖြင့် မြဝန်းရဲ့အား တွေ့ချိပြီး ဆေးရုံကြီးသို့ ခေါ်ဆောင်သွားရလေသည်။

"ဝန်း ဘာဖြစ်တာလဲ၊ ဝန်းအသက်ကို ကယ်တင်ပေးပါ၊ ရန့်ကြောင့် ဝန်း တစ်ခုခုဖြစ်သွားမှာ လုံးဝလက်မခံနိုင်လို့ပါ"

ဘာဝန်ကျဆရာဝန်ကြီးအား မြဝန်းရဲ့ အသက်ကို ကယ်တင်ပေးရန် ရန့်သော်တာ တတွတ်တွတ် တောင်းဆိုနေမိလေသည်။

"ကိုယ်လက်မခံနိုင်ဘူး၊ ခင်းသာ တစ်ခုခုဖြစ်သွားရင် ကိုယ်တရားခံပဲ၊ ကိုယ့်ကိုယ်ကို လုံးဝခွင့်မလွှတ်နိုင်ဘူး ဝန်း"

ဝန်းအား အရေးပေါ်အခန်းထဲ ခေါ်ဆောင်သွားသည်။ ရန့် ဆေတက်တည်ရာမရအောင် စိုးရိမ်ပူပန်နေမိ၏။ မြဝန်းရဲ့ မင်း ကိုယ့်ကြောင့် မသေရဘူး။ ဘယ်လိုအန္တရာယ်မှ မကျရောက်စေရ





ဘူး။ ခင်းမသေပါနဲ့။ ကိုယ့်အနားမှာ မင်း ထာဝရရှိနေပေးစမ်းပါ။ အရေးပေါ် အခန်းထဲမှ ဆရာဝန်တစ်ယောက် ထွက်လာတော့ ရန့် ထိတ်ထိတ်ပြာပြာနှင့် မေးမိလေသည်။

"ဒေါက်တာ…ကျွန်တော့်ဇနီး မြဝန်းရဲ့ အခြေအနေသိချင်လို့ပါ"

"ဘာမှမစိုးရိမ်ရတော့ပါဘူး၊ သွေးအား အရမ်းနည်းသွားလို့ပါ၊ အခုအားဆေးတွေ သွင်းထားပါတယ်"

"ဟုတ်ကဲ့"

ရန့် ရွှန်းကြပ်နေတဲ့ သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်လိုက်ရလေသည်။ ဝန်းအခြေအနေ ကောင်းသည်ဟု သိရ၍ ရန့် စိတ်သက်သာရာရသွား၏။ ခဏကြာတော့မှ ဆေးပိုက်တွေတန်းလန်းနှင့် ဝန်း ပြန်ထွက်လာသည်။

"ဝန်း သတိရပြီလား"

"အင်း"

"ကိုယ် စိတ်ပူလိုက်ရတာ ဝန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်း

ရန်ကတော့ ဟန်မဆောင်နိုင်တော့ဘဲ ဝန်းလက်လေးကို ဆုပ်ကိုင်ဖျစ်ညှစ်ထားလိုက်မိလေသည်။ ဝန်းနေရမယ့် ခုတင်ဆီ ရောက်လာ၏။ ခုတင်ဘေးတွင် ဝန်းရဲ့ ကုမ္ပဏီသူဌေး နန္ဒမိတ် လာရောက်နေသည်။

"မြဝန်းရီ"

"ဟင်...ကိုနန္ဒမိတ်"

"မြဝန်းရီ အရေးပေါ်ရောက်လာတာ ကိုယ်တွေ့လိုက်လို့လေ၊ ကိုယ်လည်း ဝန်ထမ်းတစ်ယောက်ကို လာကြည့်တာပဲ၊ သူက ဝန်းရဲ့ခင်ပွန်းလား"

"ဟုတ်ပါတယ် ကိုနန္ဒမိတ်၊ ဝန်းခင်ပွန်း ကိုရန်ဆော်တာပါ"

ရန် အံ့သြသွားရသည်။ ကုမ္ပဏီမှာ ဝန်းက အပျိုဟု ပြောထားသည်ထင်နေတာ။

"မနေ့ကမှ မြဝန်းရီမှာ ခင်ပွန်းရှိကြောင်းနဲ့ နှစ်ယောက် အတူလက်တွဲပြီး ဘဝကို ရုန်းကန်နေရတာဖြစ်ကြောင်း ပြောတယ်





လေ"

ဝန်းရယ်၊ ကိုယ်အရှမ်းမှားသွားတယ်ကွာ။ ဝန်းက ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ။ ရန် လက်တုံ့ပြန်မိတာ မှားပါတယ်။

"မြဝန်းရီ လိုအပ်တဲ့အကူအညီပြောနော်၊ ကိုယ့်ဝန်ထမ်းပဲ၊ ကိုယ်ကူညီရမယ်လေ၊ ဆေးရုံစရိတ်တွေ အခန်းခတွေ ဆေးဖိုးတွေအားလုံး ကိုယ်တို့ကုမ္ပဏီက ပေးမယ်၊ ဘာမှမပူနဲ့နော်၊ မင်းနေကောင်းအောင်ကြိုးစားပါ မြဝန်းရီ၊ ဒါမှ ကိုယ့်တူလေးကို စာကျက်ပေးနိုင်မှာ၊ ကိုယ့်တူလုဆိုးက မင်းအပေါ် သံယောဇဉ်တွယ်နေပြီလေ"

ကိုနန္ဒမိတ် စကားက ရိုးသားပေမယ့် ရန် နည်းနည်းတော့ မနာလိုဝန်တို ဖြစ်သွားရလေသည်။ ဝန်းအပေါ် ဘယ်သူမှ စေ့စေ့ ကြည့်တာပင် မကြိုက်ချင်။

"ဝန်း"

"ဟင်...ရန်"



www.burmeseclassic.com

www.burmeseclassic.com



"ဝန်း နေကောင်းလို့ ဆေးရုံကဆင်းရရင်တော့ မေမေ့ဆီပဲ ပြန်နော်"

"ဟင်…ရန်ကရော ဝန်းတစ်ယောက်တည်းတော့ လုံးဝမပြန်ဘူးနော်၊ ရန့်အနားမှာ ဘယ်လိုပဲနေရပါစေ"

"မဖြစ်ဘူး ဝန်းဖေဖေ ဦးတိမ်ယံက ကိုယ့်ကို လက်ခံမှာမဟုတ်ဘူး၊ မေမေကလည်း ကိုယ့်ကိုယုံကြည်လက်ခံမှာ မဟုတ်ဘူး၊ မေမေလည်း အိပ်ရာပေါ်မှာ လဲနေတယ်တဲ့၊ ကိုယ့်ကို အခြန်ဆက်သွယ်ဖို့ သတင်းစာမှာ ကြော်ငြာနေတယ်"

"ဟင်"

"ဝန်း ဖေဖေ့အရိပ်မှာပဲ ပြန်နေပါ၊ မေမေ့ကိုခေါ်ပြီး ကိုယ်ထွက်သွားရမယ်၊ ကိုယ်နဲ့အတူနေရင် ဝန်း ဒုက္ခရောက်လိမ့်မယ်၊ အိမ်ပဲပြန်နေနော်၊ ကိုယ့်ကိုချစ်တယ်မဟုတ်လား။ ကိုယ့်စကားနားထောင်ပါ ဝန်းရယ်"

တကယ်တမ်းကျတော့ ဝန်းကို သူချစ်မိနေပါပြီ။ ဝန်းရဲ့မခွဲနိုင်တော့ပါဘူးကွာ။ ဝန်း ဆင်းရဲဒုက္ခရောက်ရတာ ကိုယ့်ကြောင့် အဖြစ်မခံနိုင်ဘူး။





"မေမေကလည်း ကိုယ့်မိုက်ပြစ်အတွက် ကိုယ့်ကို ဒဏ်ခတ်မှာပါ၊ ဆင်းရဲဒုက္ခတွေကိုပဲ ခံစားစေရမှာပါ၊ ဖေဖေ့အရိပ်မှာပဲ ဝန်း အေးချမ်းစွာပြန်နေပါကွာ၊ ကိုယ် ဒီလိုစီစဉ်တာ ဝန်းကို ချစ်မြတ်နိုးလွန်းလို့ပါ"

"ကိုယ်ရယ်"

ချစ်သူခင်ပွန်း ရန်ရဲ့ လက်မောင်းတွေကို ဖက်တွယ်ထားလိုက်လေသည်။ နောက်ဆုံးတော့ ရန် အချစ်တွေကို ဝန်း ရယူပိုင်ဆိုင်သွားရပြီပဲလေ။ ရန် ရင်ထဲက အမုန်းထုထည်ကြီးကို ဝန်းရဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ ဖြိုခွင်းဖျက်စီးပစ်လိုက်နိုင်ပါပြီ။

"ရန့်"

"ဝန်းရယ်"

"ရန့်လည်း ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ဝန်းအနားကနေ ထွက်သွားလို့မဖြစ်တော့ပါဘူးနော်၊ ဘာဖြစ်လို့လဲ သိလားရန်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဝန်း၊ ကိုယ့်ကို ဖေဖေက လက်ခံတော့မှာ မှမဟုတ်တာပဲ"

"လက်ခံရမယ့်အကြောင်း ရှိတယ်လေ၊ အဲဒါက ဝန်း လွယ်ထားရတဲ့ ရင်နင့်ရင်သွေးလေးကြောင့်ပဲပေါ့"

"ဟာ...ဝန်းမှာ ကိုယ်ဝန်ရှိနေပြီဟုတ်လား"

"အင်း...ဆောဆောကပဲ ဆရာဝန်ကပြောပြလိုက်တာပါ၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ရှန်နဲ့ဝေးရာကို ဝန်း ထွက်မသွားနိုင်တော့ဘူး၊ ဝန်းရဲ့ရင်သွေးလေးမှာ အဖေကတော့ ရှိနေသင့်တယ် မဟုတ်လားလို့"

"ဝန်းရယ်...ကိုယ်ဝမ်းသာလိုက်တာကွာ၊ အရှုံးပျော်တာပဲ၊ ဘယ်လိုနည်းနှင့်မှ မခွဲနိုင်တော့ဘူး အချစ်ရယ်"

ဝန်းကိုယ်လုံးလေးကို ရှန် သိမ်းကျုံးပွေ့ဖက်ထားလိုက်မိလေသည်။ ဆေးရုံသို့ ဖေဖေနဲ့မေမေလည်း ရောက်လာကြ၏။

"သမီးလေး ဆေးရုံတက်ရတယ်သတင်းကြားလို့လာတာ၊ စိတ်ပူလိုက်ရတာသမီးရယ်"

ပြီးပြီ - တာပေ



"မေမေ"

"ဟင်"

အန်တီသော်တာကို ဝန်း အမေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်၍ မေမေဟုပဲ ခေါ်လိုက်သည်။

"မေမေရော ဝန်းကို ခွင့်လွှတ်ပါနော်၊ မိသားစုစည်းလုံးပျော်ရွှင်ဖို့ ဝန်း ဒီလမ်းကိုပဲ ရွေးလိုက်မိတာပါ"

"မေမေ ခွင့်လွှတ်ပါတယ်ကွယ်၊ အရာအားလုံး ဖေဖေ့ရဲ့ အတ္တတွေကြောင့် မိသားစုဝင်တွေ စိတ်သောက ရောက်ကြရတာပါ၊ သားရှန်မှာလည်း အပြစ်မရှိပါဘူး၊ ဘာမှစိတ်ပူမနေကြနဲ့တော့၊ သမီးတို့အိမ်ကိုပဲ ပြန်လာကြ၊ မိဘအရိပ်မှာပဲ စိတ်ချလုံခြုံရပါတယ်လေ၊ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် ပြန်နေကြရအောင်ပါ"

ဖေဖေနဲ့ မေမေက အလိုက်သိသိနှင့် ပြန်သွားကြလေသည်။ ကျကြီးတွေမရှိတော့မှ ချစ်ဇနီးကိုယ်လုံးလေးအား ရဲသော်တာ ခပ်တင်းတင်းလေး ပွေ့ဖက်ထားမိလေသည်။

ပြီးပြီ - တာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရန်"

"ဟင်"

"ရန်ကြိုက်နှစ်သက်တဲ့ ရေမွှေးလေး ဝန်း မဝယ်ရသေးဘူး၊ ကုန်သွားတာမေ့နေတယ်၊ အဲဒါ ရန်သွားဝယ်ပေးပါနော်"

"မလိုတော့ပါဘူး ဝန်း၊ ရေမွှေးမသွတ်နဲ့တော့နော်၊ နောက်မှ ကိုယ်ရှင်းပြမယ်၊ ကိုယ် မိန်းမကို အရမ်းပဲချစ်မြတ်နိုးမိသွားပြီလေ၊ ဘာမှမလိုတော့ပါဘူး အချစ်ရယ်"

မြဝန်းရံရဲ့ ကိုယ်လုံးလေးအား သိမ်းကြုံးပွေ့ဖက်ကာ နဖူးလေးရယ်၊ နှုတ်ခမ်းလေးရယ်၊ လည်တိုင်ကျောကျောလေးရယ်ကို မြတ်နိုးစွာ နမ်းရှိုက်နေမိလေသည်။

သင်းမြတ်နိုး

ပြီးပြီး - စာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

နိုးမိုးစာပေ

# သင်မြတ်နိုး

သံ ယော ဇဉ် ရင် ခွင်

www.burmeseclassic.com